


ဖားကန့်–လုံးခင်းမှော်ဒေသက

# ရေမဆေးကျောက်ရှာသူတို့ရဲ့ ဘဝအကြောင်း...

နိုင်မိုး(လုံးခင်း)





ဖားကန့်-လုံးခင်းမော်ဒေသက

# ရေမဆေးကျောက်ရှာသူတို့ရဲ့ ဘဝအကြောင်း...

နိုင်မိုး(လုံးခင်း)





▲ကျေးဇူးရှင်မိဘနှစ်ပါး






ဖားကန့်မြို့နယ်
အထွေထွေအုပ်ချုပ်ရေးမှူး
ဦးကျော်စွာအောင်နှင့်အမှတ်တရ



ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူး
ရဲမှူးသန်းဝင်းအောင်က
စာရေးသူအား ဂုဏ်ပြုမှတ်တမ်းပေးနေစဉ်




ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
(MRTV) Radio Fun Club မှမိုးညှင်းမြို့ မြို့တော်ခန်းမ၌
ဂုဏ်ပြုလက်မှတ်ပေးအပ်နေစဉ်



ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
(MRTV) Radio Fun Club မှပုဂံ/ညောင်ဦးမြို့၌
ဆုယူပြီးအမှတ်တရ



မှုခင်းသတင်းဂျာနယ် အယ်ဒီတာချုပ်
ဆရာဒါရိုက်တာမောင်ယဉ်ကျော်နှင့်အမှတ်တရ



တရုတ်နိုင်ငံ၊ ပီကင်းမြို့ မဟာတံတိုင်းကြီးပေါ်၌
ဆရာဦးစိုင်းထိန်လင်းနှင့်အမှတ်တရ





အဂတိတိုက်ဖျက်ရေးကော်မရှင်-အဖွဲ့ဝင်ဦးဟန်ညွန့်(ဥပဒေ)၊
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအတွင်းရေးမှူးဆရာDမင်း တို့နှင့်အမှတ်တရ




ကချင်ပြည်နယ်သတင်းစာဆရာအသင်း
တရုတ်ပြည်သို့လေ့လာရေးခရီးမထွက်မီ မန္တလေးလေဆိပ်၌အမှတ်တရ



တရုတ်ပြည်ပီကင်းမြို့ တီယင်နန် နန်းတော်ရှေ့စာရေးသူအမှတ်တရ



တရုတ်ပြည်ယန်စီမြစ်ပေါ်၌တည်ဆောက်ထားသည့်
လျှပ်စစ်စီမံကိန်းဆည်သို့ရောက်ခဲ့အမှတ်တရ



စာရေးဆရာ ကဗျာဆရာ မြင်းမူမောင်နိုင်မိုးနှင့်
နိုင်မိုး(လုံးခင်း)တို့ အမှတ်တရ



ဗားကန့်–လုံးခင်းမျော်ဒေသက

# ရေမဆေးကျောက်ရှာသူတို့ရဲ့ ဘဝအကြောင်း...

နိုင်မိုး(လုံးခင်း)

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် – ဖွန်လ၊ ၂၀၁၉ ခုနှစ်

အုပ်ရေ – ၅၀၀ အုပ်

တန်ဖိုး – ၃၀၀၀ ကျပ်

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း – ခင်ဝင်း

ပုံနှိပ် – ပြုံးပန်းတစ်ရာပုံနှိပ်တိုက်
ဦးညွန့်ဝေ(၁၀၀၉၀)
အမှတ်(၁၂/ဒီ)၊ အောင်မေတ္တာလမ်း
တာမွေ၊ ရန်ကုန်မြို့။

ထုတ်ဝေသူ – ဦးကျော်ကျော်ဝေ၊ ရွက်စိမ်းစာပေ
အမှတ်(၄၃/အေ)၊ မြေညီထပ်၊
လမ်းမတော်မြို့နယ်၊

နိုင်ပိုး(လုံးခင်း)
ဖားကန့် လုံးခင်းမှော်ဒေသက ရေမဆေးကျောက်ရှာသူတို့ရဲ့
ဘဝအကြောင်း။ ရန်ကုန်
ရွက်စိမ်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၈ ခုနှစ်
စာမျက်နှာ – ၁၄၉၊ ၁၃ . ၅ X ၂၁ စင်တီမီတာ။
(၁) ဖားကန့် လုံးခင်းမှော်ဒေသက ရေမဆေးကျောက်ရှာသူတို့ရဲ့
ဘဝအကြောင်း


☺ မြစ်ရတနာစာပေ ☺

# မာတိကာ

၁။ လုံးခင်း-ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင်ရေမျှောပူဇော်ပွဲနဲ့သီတင်းကျွတ်ည (၁၃)

၂။ ရေမဆေးတွေတည်တဲ့ ရေမဆေးစေတီ (၁၉)

၃။ ဖားကန့်မော်ထဲက ရေမဆေးကျောက်ရှာသူတို့ရဲ့ဘဝ (၂၃)

၄။ ရေမဆေးကျောက်ရှာသူတို့ဘဝဖြစ်ပေါ်လာပုံနှင့်ဂျော်ကီ (၂၉)

၅။ မော်ကြာရေမဆေးသမားတစ်ယောက်ရဲ့ စိတ်ကူး (၃၇)

၆။ မော်ကြာ (၄၃)

၇။ ရေမဆေးသမားတစ်ယောက်ရဲ့ ရင်ဖွင့်လွှာ (၄၉)

၈။ ခေတ်ပျက်ဘဝထဲက ရေမဆေးများ (၅၅)

၉။ မိုးတွင်းကာလ ရေမဆေးဘဝ (၆၁)

၁၀။ ဖားကန့်မော်နယ်မြေကို မေ့ကြသူများ (၆၇)

၁၁။ တစ်ကျော့ပြန် သံတိုင်ချစ်သူ (၇၁)

၁၂။ ကျွန်တော်ဖားကန့်မော်ပြန် (၇၇)

၁၃။ ခေတ်ပျက်မော်ထဲက လူငယ်နဲ့အလုပ် (၈၃)

၁၄။ မော်ကမ်းပါးယံများကို ကလောင်သံတိုင်ဖြင့်ထိုးဆွရှာဖွေမိခြင်း (၈၉)

၁၅။ ခေတ်ပျက်ကာလ မော်သူမော်သားတွေရဲ့ခံစားချက်အတ်ရာများ (၉၃)

၁၆။ ဖားကန့်မော်နယ်မြေက အပိုးတန်ရေနှင့်မြေကြီးများ (၉၉)

၁၇။ ခေတ်သစ်ရေမဆေးများ (၁၀၅)

၁၈။ ရှုချင်ယောင်ဆောင်တဲ့ ကျောက်သမား (၁၁၁)

---

☺ မြစ်ရတနာစာပေ ☺

၁၉။ အချောင် "လောပန်း"ဖြစ်သူများ (၁၁၅)

၂၀။ မော်နယ်မြေက လုံးခင်းတံတားအိုကြီးရဲ့ ငိုရှိုက်သံ (၁၁၇)

၂၁။ သမင်ဖြူဖြစ်သွားတဲ့ဖြစ်ရပ်ဆန်း (၁၂၃)

၂၂။ လုံးခင်းက ဆင်စွယ်နက်ကြီးအကြောင်း (၁၂၉)

၂၃။ လက်ဝဲသုန္ဒရ မဲဇာလေးသို့ အလည်တစ်ခေါက် (၁၃၅)

၂၄။ မဲဇာရတုပိုဒ်စုံ ဘာကြောင့်ကျော်စောရသလဲ (၁၄၁)

# နိဒါန်း

ရေမဆေးလို့ဆိုလိုက်တာနဲ့ ဖားကန့်–လုံးခင်း မော်ဒေသကို မရောက်ဖူး သေးတဲ့သူတွေ နားလည်မယ် မထင်ပါဘူး။

ရောက်ဖူးတဲ့သူတွေကတော့ ရေမဆေးလို့ ကြားလိုက်တာနဲ့ ရေမဆေးတွေ ရဲ့ ဘဝအကြောင်း တစ်စွန်းတစ်စ သိပြီးဖြစ်မှာပါ။ အခုနောက်ပိုင်းမှာတော့ မြန်မာ နိုင်ငံအနှံ့အပြားက လူငယ်၊ လူလတ်၊ လူကြီး အတော်များများ ဖားကန့်–လုံးခင်း မော်ဒေသကို ရောက်ဖူးလာကြတာ များပါတယ်။

လွယ်လွယ်နဲ့ မြန်မြန်သူဌေးဖြစ်တဲ့ နေရာဆိုတော့ လူအတော်များများ စိတ်ဝင်တစား ရှိကြတာလည်း မမှားပါဘူး။ နေ့ချင်းညချင်း ကြီးပွားဖို့ ဖြစ်နိုင်ချေရှိ တဲ့နေရာဆိုတာကလည်း ဖားကန့်–လုံးခင်းမော်နယ်မြေပဲ ရှိတာ မဟုတ်လား။

ဒါကြောင့် လူငယ်တွေရဲ့ စိတ်ထဲမှာ ဖားကန့်–ဖားကန့်၊ လုံးခင်း–လုံး ခင်းဆိုပြီး ဖြစ်နေတာပေါ့။ ဒါကြောင့် မော်နယ်မြေ မရောက်ခင် မော်အကြောင်းသိ လိုသူများအတွက် ကမ္ဘာကျော် ကျောက်စိမ်းများထွက်ရှိရာ မော်နယ်မြေရဲ့အကြောင်း။ ရေမဆေးကျောက် ရှာဖွေသူလူငယ်တွေရဲ့ အကြောင်း၊ ရေမဆေးကျောက်ဆိုတဲ့ အကြောင်း၊ ကျောက်တူးသမားတွေရဲ့အကြောင်း၊ ရွှေကျင်းသားတွေရဲ့ ဘဝ အကြောင်း။ မော်နေ လူတန်းစားတွေရဲ့ ဘဝအကြောင်း။ ကျောက်ပွဲစား။ ကောက်ရိုး လောပန်း။ လောပန်းကြီးနဲ့ ကျောက်ဝယ်တဲ့သူတွေရဲ့အကြောင်း၊ မြေစာပုံတွေပေါ် က ဈေးသည်တွေရဲ့ဘဝအကြောင်း။ မော်ဒေသခံ ရှမ်းလူမျိုးတွေရဲ့ အကြောင်း။ မြေကြီး–မြေလွှာ–မြေစာနဲ့ တစ်မူထူးခြားအံ့ဩစရာကောင်းတဲ့ တာမခန်မော်နယ်မြေ က ရေတွေရဲ့အကြောင်း။

ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ ဆင်စွယ်နက်ကြီးအကြောင်း၊ မဲဇာလေးနဲ့ မဲဇာကြီးအကြောင်း။ လုံးခင်း–ကံဆီးစော်ဘွားကြီးရဲ့အကြောင်း စတဲ့ စတဲ့ အကြောင်း တွေကို မော်ဒေသကို မရောက်ဖူးသေးတဲ့သူတွေအတွက် ဆောင်ရန်၊ ရှောင်ရန်နှင့် ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ဤစာအုပ်ကို ရေးသားထုတ်ဝေလိုက်ပါသည်။

**နိုင်မိုး(လုံးခင်း)**

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

ကျွန်တော့်ကို စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၊ ဗုဓလက် ကျေးရွာ (အဖ) ဦးအုန်းမြွေ (အမိ) ဒေါ်ဂေါက်ဌေးတို့မှ ၂၅-၁၂-၆၅ ရက်တွင် မွေးဖွားခဲ့ပြီး မွေးချင်း ငါးယောက်ရှိသည့်အနက် တတိယမြောက်ဖြစ်ပါသည်။

၁၉၈၉ ခုနှစ်တွင် ဖားကန့်မော်ဒေသသို့ စီးပွားရှာရန်တက်လာခဲ့ပါသည်။ ဖားကန့်-လုံးခင်း မော်ဒေသမှာ စီးပွားရှာနေထိုင်ရင်း ငယ်စဉ်က ဝါသနာပါသည့် ပန်းချီ၊ ကာတွန်း၊ ဝတ္ထုများကို အချိန်ရရင် ရသလို ရေးဆွဲ ရေးသားလာခဲ့ရာ ဖားကန့်မြို့နယ် မဂ္ဂဇင်း ၂၀၀၇ ခုနှစ် ပထမအကြိမ်ထုတ်မှာ တစ်ကွက်ကာတွန်းဖြင့် စတင်ဖော်ပြခံရပြီး စာပေလောကထဲသို့ စတင်ဝင်ရောက်လာခဲ့သည်။

ထို့နောက် ၁၉-၇-၂၀၁၇ ရက်မှစ၍ တကယ့်ဖြစ်ရပ်မှန် မှုခင်းဂျာနယ် အယ်ဒီတာချုပ်၊ လက်ဦးဆရာ ဆရာအောင်ကျော်ဇောက မှုခင်းသတင်းထောက် အဖြစ် ပထမဦးဆုံး တာဝန်ပေးခံရပါသည်။

ထို့နောက် Upper Myanmar (အထက်မြန်မာပြည်)သတင်း ဂျာနယ်၌ သတင်းထောက် အဖြစ်လည်းကောင်း၊

First Weekly ဂျာနယ်၌ သတင်းထောက်အဖြစ်လည်းကောင်း၊

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV၊ မြန်မာ့အသံ ချစ်သူများအဖွဲ့ (Radio Fun Club)၏ အဖွဲ့ဝင် သတင်းထောက်အဖြစ်လည်းကောင်း၊

မြဝတီ နေ့စဉ်သတင်းစာ၏ (ဖားကန့်မြို့နယ် သတင်းထောက်)အဖြစ် လည်းကောင်း၊

မှုခင်းသတင်းဂျာနယ်၏ သတင်းထောက်အဖြစ်လည်းကောင်း စသည့် သတင်းထောက် တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ထို့အပြင် Weekly Eleven News သတင်းဂျာနယ်၊ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း စသည့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် သတင်း၊ သတင်း ဆောင်းပါး၊ ဝတ္ထု၊ ကာတွန်းများကို ရေးသားလျက်ရှိပါတယ်။

ဖားကန့်ဒေသမှ သတင်းများကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာအသံနှင့်

ရုပ်မြင်သံကြား(MRTV) သို့ အချိန်နှင့် တပြေးညီ‌ပေ ပေးပို့နိုင်ခဲ့သည့်အတွက် –

(၁) ၁၅–၁–၂၀၁၇ ရက်တွင် ရွှေဘိုမြို့တော်ခန်းမ၌လည်းကောင်း

(၂) ၁၆–၁၂–၂၀၁၇ ရက်တွင် မိုးညှင်းမြို့တော်ခန်းမ၌လည်းကောင်း

(၃) ၂၈–၁၀–၂၀၁၇ ရက်တွင် ပုဂံ၊ ညောင်ဦးမြို့တော်ခန်းမ၌လည်းကောင်း သုံးကြိမ်တိုင်တိုင် ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

ထို့အပြင် မှူခင်းသတင်းဂျာနယ်မှ တစ်နှစ်တာအတွင်း သတင်းများ အကောင်းဆုံး ပေးပို့ခဲ့သည့် အတွက် (သတင်းထူးချွန်ဆု)ကိုလည်း ရရှိခဲ့သည်။

၂၀၀၉ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် ဖားကန့်မြို့နယ်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနား၌ ဂုဏ်ပြုမှတ်တမ်းဆုများကိုလည်း ရရှိခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဝင် အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင် အဖြစ်လည်းကောင်း၊ ကချင်ပြည်နယ် သတင်းစာဆရာအသင်း၏ အတွင်းရေးမှူး တာဝန်ကိုလည်းကောင်း၊ မှူခင်းသတင်းဂျာနယ်မှ ပြည်နယ်အလိုက်ဖွဲ့စည်းရာ ကချင်ပြည်နယ် ဒုတိယပြည်နယ်တာဝန်ခံအဖြစ်လည်းကောင်း ထမ်းဆောင်လျက် ရှိတယ်။

ယခုအခါ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ၊ အိမ်အမှတ် ၃/၈၄ တွင် ဇနီး ဒေါ်ခင်မာဦး၊ သမီးကြီး မနီနီထွန်း၊ သမီးငယ် မစုဒါလီဝင်းတို့နှင့် အတူ မိသားစု ပျော်ရွှင်စွာ နေထိုင်လျက်ရှိပြီး ပြည်သူ့အကျိုးပြု စာပေများ ရေးသား လျက်ရှိသည်။

**နိုင်မိုး(လုံးခင်း)**
**ဖုန်း– ၀၉ ၂၅၆ ၁၃၀ ၂၃၀**
**၀၉ ၇၈ ၂၀ ၃၀ ၂၂၂**

## ဖားကန့်မှာ ရောက်လာတာနဲ့ ကျောက်မရှာဘဲ သတင်းရေးရင်း ရေမဆေး ကျောက်သမားတွေရဲ့ အတွင်းရေး သတင်းမေးစရာမလို ဖော်ကောင်လုပ်လိုက်တဲ့ လုံးခင်းမော်လောကမှ သတင်းလောပန်းလို့ခေါ်ကြတဲ့ နိုင်မိုး(လုံးခင်း)ရဲ့ ဖားကန့်သမိုင်းဝင် ဗဟုသုတဘဏ် စာအုပ်အတွက် ညွှန်းစကား

– ဘဏ်ဆိုတာ လူသားတွေအတွက် မရှိမဖြစ် ငွေတွေထားတဲ့နေရာ၊

– ဗဟုသုတဘဏ်ဆိုတာလည်း လူသားတွေအတွက် မသိမဖြစ် ဗဟုသုတတွေ ရှိတဲ့နေရာ။

ဒါကြောင့် ဒီစာအုပ်(သို့မဟုတ်) ဒီဗဟုသုတဘဏ်ကို ဖန်တီးသူအကြောင်းကို ညွှန်းစကားပြောရင်း မိတ်ဆက်ပေးလိုက်ရပါတယ်။

– နိုင်မိုး(လုံးခင်း)ဆိုတာ တကယ်တော့ ဖားကန့်သား မဟုတ်ပါဘူး။ သူက စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် ဗုဓလက်ရွာသား။ သူ့အဖေနဲ့ အမေက ဦးအုန်းရွှေ ဒေါ်ဂေါက်ဒွေးတဲ့။ နာမည်ရင်းက မောင်ထွန်းဝင်းလို့ ခေါ်ပါတယ်။

သူက သူ့အရွယ်ရောက်ကတည်းက သူ့ခံယူချက်၊ သူ့ဆုံးဖြတ်ချက်အရ လုပ်ဖို့ ဆုံးဖြတ်ခဲ့သူပါ။ အရွယ်ရောက်မှတော့ မိဘကို လုံးဝဒုက္ခမပေးချင်သူ။ ကိုယ့်ဘဝ ကိုယ့်ခွန်ကိုယ့်အားနဲ့ ရပ်တည်ချင်တဲ့သူ။ သူ့ဝါသနာနဲ့ သူ့ရည်ရွယ်ချက်ကို အောင်မြင်အောင် ထူထောင်သွားဖို့ ရိုးသားသောအလုပ်နဲ့ ကြိုးစားသော ဂုဏ်တို့နဲ့ မိသားစုတာဝန်ကို ယူသွားရန်။ အဲဒါတွေကို အခြေခံပြီး သူ့ဝါသနာပါတဲ့ မီဒီယာလုပ်ငန်းတွေလုပ်ရင်း တိုင်းပြည်အတွက် အားကိုးရတဲ့ သတင်းသမား၊ သတင်းထောက်အဖြစ်၊ စာရေးဆရာအဖြစ် ကြိုးစားဖို့ ဆုံးဖြတ်ရင်း မော်ထဲမှာ စီးပွားလည်းရှာ၊ သတင်းလည်းရှာ၊ ဗဟုသုတရဖို့ လုပ်နေရင်း ဖားကန့် မော် ရေမဆေး ကျောက်သမားတွေ လောကမှာ ပျော်နေခဲ့တာအမှန်ပါ။

သူကအနုပညာပိုးကလည်း ရှိသေး။ ဒါကြောင့် လောပန်လောင်း ကျောက်သမားတို့သီချင်းက သူ့ရဲ့စိတ်အာဟာရ တစ်မျိုးလို ဖြစ်ခဲ့တယ်တဲ့။ သူက ဒီနယ်မြေမှာ အခြေချနေကြတဲ့လူတွေကြားနေ လုပ်ကွက်သွားပြီး ကျောက်မရှာဘဲ ရောက်လာတဲ့သတင်းတွေ ဗဟုသုတတွေရှာပြီး သူ့ဝါသနာအရ ရန်ကုန်မှာရှိတဲ့ မီဒီယာလောကကို ခုလို သတင်းထောက်အဖြစ် ပို့လိုက်၊ ဆောင်းပါးပုံစံနဲ့ ပို့လိုက်၊ ဝတ္ထုပုံစံရေးလိုက်နဲ့ ပို့လေတော့ သူ့ကို မီဒီယာမော်ရှိသူလို့ ပြောနေကြလေရဲ့။

စီးပွားရေးသမားတွေက ရေမဆေးကျောက်သမားတွေကြောင့် အဖိုးတန်ကျောက်တွေရကြသလို မီဒီယာသမားတွေကလည်း သူ့ကြောင့် အဖိုးတန်သတင်း ဗဟုသုတတွေ ရကြတယ်လို့ ပြောရမှာပါ။

သူ့ရဲ့ကြိုးစားမှု မီဒီယာမော်ကြောင့် Upper Myanma အထက်မြန်မာပြည် သတင်းဂျာနယ် သတင်းထောက်အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ပြစ်မှုကင်းဝေး မီဒီယာသတင်းပေး အထူးအစီအစဉ်အရ ထုတ်ဝေသည့် မှုခင်းသတင်းဂျာနယ်၏ သတင်းထောက်အဖြစ်လည်းကောင်း၊ First Weekly သတင်းထောက်၊ မြဝတီသတင်းစာ သတင်းထောက်လုပ်နေရင်း Weekly Eleven News တို့တွင် ဆောင်းပါးများ၊ သတင်းများ ရေးလိုက်၊ ဝတ္ထုတိုရေးလိုက် နိုင်ငံဂုဏ်ရည်မဂ္ဂဇင်းတွင် ဝတ္ထုတွေရေးလိုက်၊ မအားတဲ့ကြားထဲက မြန်မာ့အသံချစ်သူများ သတင်းထောက် Radio fun Club အဖွဲ့မှာလည်း သူကပါလိုက်သေး၏။ ဒါတင်မကသေး ပန်းချီကာတွန်းလည်း ရေးလိုက်သေးသည်။ သူ့အရေး သူ့အတွေး တွေက ကာလပေါ်စကားလုံးနဲ့ ပြောရရင် လန်းနေတာ များတယ်။

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်မြင်သံကြား MRTV ကိုလည်း အချိန်နှင့် တစ်ပြေးညီ သတင်းတွေ လှမ်းပို့ပေးလိုက်သေးတယ်။ ဒါကြောင့် -

(၁) ၁၅-၁-၂၀၁၇ ရက်တွင် ရွှေဘိုမြို့တော်ခန်းမ၌လည်းကောင်း

(၂) ၁၆-၁၂-၂၀၁၇ ရက်တွင် မိုးညှင်းမြို့တော်ခန်းမ၌လည်းကောင်း

(၃) ၂၈-၁၀-၂၀၁၇ ရက်တွင် ပုဂံ၊ ညောင်ဦးမြို့တော်ခန်းမ၌လည်းကောင်း သုံးကြိမ်တိုင်တိုင် ဂုဏ်ပြုဆုများရရှိခဲ့သလို မှုခင်းသတင်းဂျာနယ်မှ တစ်နှစ်တာအတွင်း သတင်းများ အကောင်းဆုံး ပေးပို့ခဲ့သည့်အတွက် (သတင်းထူးချွန်ဆု) ကိုလည်း ရရှိခဲ့ပါတယ်။

၂၀၀၉ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်များတွင် ဖားကန့်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား၌ ဂုဏ်ပြုမှတ်တမ်းဆုရရှိသူလည်း ဖြစ်တယ်။

လောလောဆယ်မှာ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ကချင်ပြည်နယ် အတွင်းရေးမှူး၊ မှုခင်းသတင်းဂျာနယ်၏ မီဒီယာကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး စောင့်ကြည့် ဒုတိယ တာဝန်ခံအဖြစ် ခန့်ထားခြင်း ခံရသူဖြစ်တယ်။

၂၀၀၇ ခုနှစ်မှာ ဝါသနာအရ မီဒီယာ လောကထဲဝင်လာကာ မျော်ကမ္ဘာပျော်လာပြီး နှစ်ပေါင်း တစ်ဒါဇင်ခန့် စုဆောင်းခဲ့တဲ့ သတင်းတွေ၊ ဗဟုသုတတွေကို အများတိုက်တွန်းချက်အရ ရတနာထွက်တဲ့ ဖားကန့်မြို့နယ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဤစာအုပ်ကို ပြုစုလိုက်တယ်လို့ သူက ပြောပါတယ်။

ဩော် နောက်တစ်ခု သူက ပြောသေးတယ်။ သူဒီနေရာရောက်အောင် ပါရမီဖြည့်ခဲ့တဲ့ သူ့ရဲ့ ဇနီး ဒေါ်ခင်မာဦးနဲ့ သမီးကြီး နီနီထွန်း၊ သမီးငယ် မစုဒါလီဝင်း တို့ကိုလည်း သူ ဒီစာအုပ်ဖြစ်ရေး ဒုက္ခနဲ့ ရင်းနှီးပြီး ကြိုးစားချိန် လိုက်ပါအားပေး ပါရမီဖြည့်ပေးခဲ့လို့ သူတို့လည်း ဖခင်ရဲ့ ဝါသနာကို ပါရမီဖြည့်ရင်း သူတို့ရဲ့ မျော်လောကကို ဖခင်နဲ့အတူ ရှယ်ယာ ဂုဏ်ပြုကြပါတယ်တဲ့။

**ဒါရိုက်တာ မောင်ယဉ်ကျော်**
မြန်မာနိုင်ငံသတင်းစာဆရာအသင်း
ဂုဏ်ထူး ဆောင်နာယက၊
မှုခင်းသတင်းဂျာနယ်၊ တံလျှပ်ဂျာနယ်၊ မနောမယဂျာနယ်
အယ်ဒီတာချုပ်
(၂-၅-၂၀၁၉)

# စာရေးဆရာ အယ်ဒီတာချုပ် အောင်ကျော်ဇော၏ မိတ်ဆက်အမှာ

စာရေးဆရာ သတင်းထောက် နိုင်မိုး(လုံးခင်း)နှင့် စာဖတ်ပရိသတ်ကို မိတ်ဆက်ပေးရန် အထူးလိုအပ်ချက်မရှိဟု ယုံကြည်မိပြီးဖြစ်ပါသည်။ အမှာစကား ရေးသားရာတွင် ကြီးမားသော တာဝန်ရှိ၍ အမှန်အတိုင်း ရေးသားတင်ပြရန် ကြိုးစားရပါသည်။

နိုင်မိုး(လုံးခင်း)သည် စာရေးသူ၏ မှုခင်းစာပေတိုက်တွင် နှစ်ပေါင်း ၁၅နှစ်ခန့်ကြာ လက်တွဲခဲ့သူဖြစ်၍ မှုခင်းပိုင်းဆိုင်ရာများကို တင်ပြရာတွင် သုတ၊ ရသများကိုပါ ယှဉ်တွဲရေးသားလေ့ရှိသူဖြစ်သည်။ ဆရာနိုင်မိုး(လုံးခင်း)သည် အရှိအတိုင်း တွေ့မြင်သိရှိသမျှကို ရဲဝံ့ပြတ်သားစွာ ရေးသားတင်ပြတတ်သူဖြစ်၍ ၎င်းအား ပြန်လည်သတိရနေခဲ့ရပါသည်။ အမှန်တရားကို ဖုံးလွှမ်းလိုသူများနှင့် ဒုစရိုက်သမားများက ရန်ငြိုး၊ ရန်စဖွဲ့၍ ရန်ပြုလာနိုင်မှုများရှိနေ၍ သတိပေးခဲ့ရခြင်းဖြစ်သည်။

သို့သော် အမှန်တရားအတွက် ခေါင်းမော့ရင်ကော့၍ ရေးသားတင်ပြတတ်သော နိုင်မိုး(လုံးခင်း)သည် ရေမဆေးကျောက် ရှာဖွေကြသူများ၏ ဘဝအမောများ၊ ရေမဆေးကျောက်ရှာဖွေသူချင်း လောဘချင်းပြိုင်၍ ဒေါသခြင်း ယှဉ်ပြိုင်ခဲ့မှုများ၊ မြေပြင်တွင် စွန့်ပစ် ရေမဆေးကျောက် ရှာဖွေရသူများနှင့် ငွေရှင်ကြေးရှင် လုပ်ငန်းရှင်ကြီးများ၏ ဘဝပိုင်ဆိုင်မှု နှိုင်းယှဉ်ချက်များ၊ အသက်၊ ဘဝ၊ အရက်တို့ဖြင့် ပေးဆပ် ကျင်လည် နေရမှုများကို ကျောက်မှော်များ၊ ရွှေတူးဖော်ရာ နေရာများအထိ ကိုယ်တိုင် ကွင်းဆင်းသွားလာ၍ အတူနေ၊ အတူလိုက်ပါလေ့လာလျက် လက်တွေ့ဘဝဖြင့် ဘဝစာနာမှု စာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့သူ ဖြစ်သည်။

ဆရာနိုင်မိုး(လုံးခင်း)၏ ဝတ္ထုများသည် စာဖတ်သူကို လေထန် ရေဆန် ဘဝပတ်ဝန်းကျင်အထိ ခေါ်ဆောင်သွားပြီး ဒေသန္တရ ဗဟုသုတများ၊ ရုန်းကန်နေရသော လူတန်းစားဘဝများကို ဝေမျှပေးနိုင်သည့် သမိုင်းမှတ်တမ်းတင်အပ်သော

စာအုပ်တစ်အုပ်ဖြစ်ပါသည်။

စာရေးဆရာ သတင်းထောက် နိုင်မိုး(လုံးခင်း)၏ စာအုပ်သည် စာဖတ်သူကို လက်မှ မချစတမ်း ဆွဲဆောင်နိုင်သော ဘဝပုံပြင်များကို ပေးစွမ်းနိုင်သည်ဟု လုံးဝ ယုံကြည်၍ စာဖတ်ပရိသတ်ထံ အသိပေးလိုပါသည်။ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသားနေသော ၎င်း၏ ရေးသားတင်ပြမှုနှင့် ယခုထွက်ရှိသည့် စာအုပ်ကို နှိုင်းယှဉ်လေ့လာနိုင်သော စာကောင်းပေမွန် တစ်အုပ်ဟု ဆိုချင်ပါသည်။

**အောင်ကျော်ဇော**

**အယ်ဒီတာချုပ်၊**

**မူခင်းအစိမ်းဂျာနယ်နှင့် မဂ္ဂဇင်းများ**



# လုံးခင်းဥရချောင်းထဲက
# ရှင်ဥပဂုတ္တဆောင်ရေမျှောပူဇော်ပွဲနဲ့
# သီတင်းကျွတ်ည



# လုံးခင်း ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင် ရေမျှောပူဇော်ပွဲနဲ့ သီတင်းကျွတ်ည

ဖားကန့်–လုံးခင်း မော်ဒေသတစ်ခွင်မှာ သာသနာထွန်းကားပြန့်ပွားလာတာဟာ ဆယ်စုနှစ် နှစ်ခုထဲမှာ တကယ့်ကို အံ့မခန်းတိုးတက်လာတယ်လို့ ပြောရမှာဖြစ်ပါတယ်။ တစ်ချိန်တုန်းကဆိုရင် သာသာနဲ့ပတ်သက်လို့ ဖားကန့်–လုံးခင်း အပါအဝင် တာမန်ခန် ဟောင်ပါ၊ ဆယ်ဖင်းဆိုတဲ့ရွာငါးရွာမှာ ဘုန်းကြီးကျောင်းကလည်း ငါးကျောင်းပဲ ရှိခဲ့တယ်လို့ သိရပါတယ်။ အခါကြီးရက်ကြီးရောက်ပြီဆိုရင် မော်ကြိုမော်ကြားမှာ ကျောက်တူးနေကြတဲ့ ကျင်းသားတွေဟာ သူတို့နဲ့နီးစပ်တဲ့ ကျောင်းတွေမှာပဲ ကျောင်းသွား တရားနာခဲ့ကြတယ်။

၁၉၉၈ ခုနှစ်နောက်ပိုင်း ဆိုင်းတောင် ဘုန်းတော်ကြီးကျောင်း၊ တောမော်ဘုန်းတော်ကြီးကျောင်းဆိုပြီး တစ်မော် တစ်ကျောင်း သာသနာပြန့်ပွားလာခဲ့တယ်။ မော်ပေါင်းစုံက တောင်ကုန်း တောင်တန်းတွေပေါ်မှာလည်း ဘုရားစေတီတွေ ရွှေရောင်တဝင်းဝင်းနဲ့ ဖူးတွေ့လာခဲ့ရပါတယ်။

## စွန့်စွန့်စားစား သာသနာပြုခဲ့သူ

မော်ဒေသမှာ အခုလိုသာနာထွန်းကားပြန့်ပွားလာအောင် အခက်အခဲပေါင်းများစွာကိုကျော်ဖြတ်ပြီး သာသနာပြုတဲ့ ဆရာတော်ကတော့ လုံးခင်းဆရာတော်ဦးမေဓိယဖြစ်ပါတယ်။ ကျောင်းတိုက်နာမည်ကိုလည်း လုံးခင်းမေဓိကာ ရာမကျောင်းတိုက်လို့ ခေါ်တွင်ခဲ့တယ်။ နောက် မော်ထဲမှာ ကချင်တိုင်းရင်းသား လက်နက်ကိုင် KIA စပြီးပေါ်လာတဲ့နောက် တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ မတည်မငြိမ်ဖြစ်လာတဲ့အခါ လုံးခင်း ရွာသူရွာသားတွေက ရွာမှာမနေရဲလို့ ဆင်းပြေးကြတယ်။ အချို့မော်ရွာတွေက တူးလက်စ ကျောက်ကျင်းတွေကိုပစ်ပြီး ဆင်းပြေးကြတာ

တွေလည်း ရှိခဲ့တယ်။

အဲဒီအချိန်မှာ ဆရာတော်က ကိုရင်၊ ကျောင်းသားတွေနဲ့ဆိုတော့ ဆွမ်း၊ ကွမ်းကိစ္စတွေမှာ အခက်အခဲရှိခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ ဆရာတော်က အစစ အရာရာ သည်းခံပြီး တောတောင်တွေကြား သေနတ်သံတွေကြားမှာ စွန့်စွန့်စားစား သာသနာပြုခဲ့တယ်။ အခုဆိုရင် ဘယ်မော်ကျောင်းကိုပဲ ကြည့်ကြည့် လုံးခင်းဆရာတော်ရဲ့ တပည့်တွေကိုပဲ တွေ့ရပါတယ်။

## လုံးခင်းဆိုတဲ့ ရှမ်းရွာလေး

လုံးခင်းဆိုတာ တစ်ချိန်က တိုင်းလိုင်(ရှမ်းနီ)လူမျိုးတွေစပြီး တည်ခဲ့တဲ့ရွာဖြစ်ပါတယ်။ ရှမ်းနီ အခေါ် လုံးခမ့်ဖြစ်ပြီး ''လုံးဆိုတာ တောင်ဆင်း''၊ ''ခမ့်ဆိုတာ ဆည်''၊ ဒီတောင်ဆင်းရင် ဆည်တွေ့တဲ့နေရာလို့ ခေါ်ပါတယ်။ နောက်ဗမာတွေများလာပြီး ဗမာတွေက မပီတပီနဲ့ လုံးခင်းလို့ခေါ်ရာကစ 'လုံးခင်း' လို့ဖြစ်လာခဲ့တာပါ။ အခုအချိန်မှာတော့ ရှမ်း၊ ဗမာလူမျိုးတွေ အများဆုံးနေထိုင်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတာ များပါတယ်။

သီတင်းကျွတ်ပြီဆိုတာနဲ့ ကျောင်းရှေ့ ကွင်းပြင်ကြီးထဲမှာ ၁၄ ရက်နဲ့ လပြည့်နေ့တွေဆိုရင် တစ်ရပ်ကွက်ကို တစ်ည တစ်လှည့်စီ ကုန်းမီးတစ်ထောင် ဆီမီး ပူဇော်ကြတယ်။ ရွာသူ၊ ရွာသားတွေနဲ့ ဗုဒ္ဓဘာသာ လူငယ်မောင်မယ်တွေ၊ လုံးခင်း အထက ကျောင်းသား ကျောင်းသူတွေစုပြီး ဆီမီးပူဇော်ရင်း မီးပုံးပျံတွေလွှတ်တင်ကြတယ်။ ရှမ်းလူငယ်တွေက အိုးစည်ဒိုးပတ်ဝိုင်းနဲ့ ဦးရွှေရိုး၊ ဒေါ်မိုးအကတွေ ကကြတယ်။ လူငယ်မောင်မယ်တွေလည်း ရှမ်းအိုးစည်တီးလို့၊ ရှမ်းအကတွေဝိုင်းဖွဲ့လို့ ကကြတယ်။ တကယ်ကို ပျော်စရာကောင်းပါတယ်။ လုံးခင်းကျေးရွာအနီးမှာရှိတဲ့ မော်စီစာ၊ ကုမြေ့ မားဆား၊ ဆန်ခါဆိုတဲ့ မော်ရွာတွေကလွှတ်တင်တဲ့ မီးပုံးပျံတွေကလည်း ကောင်းကင်ယံမှာ အလှချင်းပြိုင် ပူဇော်နေကြလေရဲ့။

## ဥရချောင်းထဲက ရှင်ဥပဂုတ္တဆောင်

လုံးခင်းရဲ့ သီတင်းကျွတ် မီးထွန်းပွဲတော်ရက်တွေမှာ ထူးခြားတဲ့ရက်ကတော့ လဆုတ် ၁ ရက်နေ့ပါ။ အဲဒီနေ့မှာ ဆရာတော်ကြီး လက်ထက်ကစပြီး ယနေ့အထိ

ကျင်းပနေဆဲဖြစ်တဲ့ ပွဲလေးကတော့ လုံးခင်းဘုန်းကြီးကျောင်းနဲ့ ကပ်လျက်ရှိတဲ့ ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင်ပြုလုပ်ပြီး ဆီမီးတစ်ထောင်နဲ့အတူ ရေမျှော ပူဇော်တဲ့ပွဲပါ။ ရှင်ဥပဂုတ္တဆောင်ဆိုပေမယ့် ကုန်းပေါ်မှာလို ခိုင်ခိုင်မာမာ ဆောက်ထား တာတော့ မဟုတ်ပါဘူး။ ငှက်ပျောတုံးတွေကို ဖောင်ဖွဲ့ပြီး ရေထဲမှာ ဆောက်တဲ့ ယာယီစံကျောင်း ငှက်ပျောဖောင်အသေးလေးပါ။

သီတင်းကျွတ်ပြီဆိုရင် ကိုရင်တွေနဲ့ ကျောင်းသားကြီးတွေက ကျောင်းဝင်းထဲ မှာရှိတဲ့ ငှက်ပျောပင်တွေကိုခုတ်၊ ဥရုချောင်းထဲချ၊ တစ်တုံးနဲ့တစ်တုံး တွဲချိတ်ပြီး ဖောင်ဖွဲ့ကြတယ်။ ပြီးရင် အဲဒီငှက်ပျောဖောင်ပေါ်မှာ ပြာသာဒ်ပုံစံဆောက်၊ ရွှေစက္ကူ ငွေစက္ကူ ရောင်စုံတွေကပ်၊ အထဲမှာ ရှင်ဥပဂုတ္တရုပ်ပုံတော်ကို သပ်သပ်ရပ်ရပ် တင်ပြီး ရှေ့မှာ ကန်တော့ပွဲတစ်ပွဲ ချလိုက်တယ်။ နောက်ပြီး ပန်းကန်ပြားထဲကို သစ်သီးမျိုးစုံထည့်၊ နောက်တစ်ချပ်က မုန့်မျိုးစုံနဲ့ ပေါက်ပေါက်ဆုပ်၊ ဝတ္ထုငွေက နှစ်သောင်း သုံးသောင်း ကန်တော့ပွဲထည့်ပြီး ဖောင်ပတ်ပတ်လည်မှာ ဖယောင်းတိုင် တွေ ထွန်းလိုက်တယ်။ မလွှတ်ခင်မှာ အဆောင်ကို တံခွန် ကုက္ကားတွေနဲ့ လှပ အောင်ဆင်ပြီး ဆီမီးတွေထွန်းညှိလိုက်ကြတော့ တကယ့်ကို ကြည်ညိုစရာကောင်းတဲ့ ရှင်ဥပဂုတ္တဆောင်လေး ဖြစ်သွားတယ်။

ညမှောင်ရီပျိုးချိန်ရောက်တာနဲ့ ဒေါ်သန်းတင်၊ ဒေါ်ခင်ပုတို့ဦးဆောင်တဲ့ အ မျိုးသမီးကြီးအဖွဲ့၊ လူပျိုအဖွဲ့၊ အပျိုအဖွဲ့၊ ကျောင်းသူ၊ ကျောင်းသားတွေ ညီညီ ညာညာနဲ့ ရောင်စုံ ထွန်းညှိထားတဲ့ ရှင်ဥပဂုတ္တဆောင်ကို ရေထဲမျှောချ ပူဇော် လိုက်ကြတယ်။ နောက် အသင့်လုပ်ထားတဲ့ ဆီမီးခွက်တွေကို မီးညှိမျှောချ ပူဇော်လိုက်ကြတယ်။ အဲဒီအချိန်မှာ ကမ်းစပ်မှာရောက်ရှိနေတဲ့ လူငယ်တွေရဲ့ အိုးစည် ဒိုးပတ်သံနဲ့ ရှမ်းအိုးစည်သံတွေက ဥရုချောင်းတစ်လျှောက် ဘဝင်ညံလို့ပေါ့။

## ကုန်းမီးတစ်ထောင်နဲ့ မီးပုံးပျံ

တစ်ချိန်တည်းမှာပဲ ကျောင်းကြီးရှေ့ ကွင်းပြင်မှာ ကုန်းမီးတစ်ထောင်နဲ့ မီးပုံးပျံ တွေ လွှတ်တင်ပူဇော်ကြတယ်။ ကျောင်းဝင်းတစ်ခုလုံး ဝင်းထိန်လို့ပေါ့။ ဥရုချောင်း တစ်ချောင်းလုံးဟာလည်း မီးရောင်စုံထွန်းညှိထားတဲ့ ရှင်ဥပဂုတ္တဆောင်နဲ့အတူ ရောင်စုံမီးခွက်တွေဟာ အဝေးကကြည့်ရင် ကြည်နူးစရာကောင်းလှပါတယ်။

## တီရစ္ဆာန်အပေါင်းလည်း ပျော်လို့

ညနေမှောင်ရီပျိုးကာစ အိပ်တန်းပြန်လာကြတဲ့ ဥရုချောင်းနဲ့ ကပ်လျက် ဘေးမဲ့တောထဲက ကျေးငှက်တွေရဲ့အသံတွေကလည်း ခါတိုင်းနေ့နဲ့မတူ ကျယ်လောင်တဲ့ အသံမျိုးစုံတွန်ကျူးလို့။ ဘုရားကုန်းပေါ်က မိုးမှောင် ဦးစီးတဲ့မျောက်တွေကလည်း ရှေ့ကျွမ်း နောက်ကျွမ်းပစ်ပြီး ကခုန်ပျော်မြူးနေကြတယ်။ ဆရာတော်ကြီးလက်ထက်ကစပြီး မွေးမြူထားခဲ့တဲ့ ဥရုချောင်းထဲက ရွှေငါး၊ ငွေငါးတွေကလည်း အဆောင်ပေါ်ခုန်တက်တဲ့ကောင်တက်၊ ဆင်းတဲ့ကောင်ကဆင်းနဲ့ တချို့က ရေထဲက ဆီမီးခွက်ကို ဝိုင်းပတ်ပြီး တစ်ကောင်နဲ့တစ်ကောင်ယှက်လို့ မြူးထူးနေကြတယ်။

ဘေးမဲ့တောထဲမှာတည်ထားတဲ့ အနန္တမုနိ စေတီတော်၊ သီရိစန္ဒ စေတီတော်နဲ့ လွမ်းစေတီတွေမှာလည်း ဆီမီးတွေ ဝင်းထိန်းလို့။ ဘုရားဖူးတွေနဲ့စည်ကားပြီး ပျော်ရွှင်စရာကောင်းတဲ့ သီတင်းကျွတ်ညလေးတစ်ည ဖြစ်ခဲ့ပါတယ်။ ဥရုချောင်းကမ်းတစ်လျှောက်နဲ့ လုံးခင်း တံတားအိုကြီးပေါ်မှာလည်း ဖောင်မျှောအလာကို စောင့်ကြည့်နေကြတဲ့သူတွေက တံတားအိုကြီးကျိုးမတတ် လူတွေကအပြည့်။ တကယ့်ကို ကြည်နူးစရာကောင်းတဲ့ လုံးခင်းသီတင်းကျွတ်ညနဲ့ ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင် မီမျှောပူဇော်တဲ့ပွဲလေးပါ။

## လုံးခင်းသာသနာကို ပြုစုပျိုးထောင်သူများ

ဆရာတော်နဲ့အတူ သာသနာကို ပြုစုပျိုးထောင်ကြတဲ့ လုံးခင်းကျေးရွာက ယောဂီအမျိုးသမီးတွေကို မေးကြည့်လိုက်တော့ "ဒီရှင်ဥပဂုတ္တဆောင် ရေမျှောပူဇော်ပွဲကို ကျင်းပတာဟာ နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့ပါပြီ။ ဆရာတော်ကြီးလက်ထက်ကစပြီး အခုအချိန်အထိ တစ်နှစ်မှ မပျက်သေးပါဘူး။ နောက်နောင် မျိုးဆက်သစ်တွေကိုလည်း အခုလို လုပ်တတ်အောင် သင်ပေးထားပါတယ်"လို့ လုံးခင်းကျေးရွာ အမျိုးသမီးကြီးအဖွဲ့မှ ဒေါ်ခင်မကာ ပြောပြပါတယ်။

## ဖားကန့်မှော်တစ်ခွင် သာသနာပြန့်ပွားစေသား

လုံးခင်းရဲ့သီတင်းကျွတ်ညလေးနဲ့အတူ ဥရုချောင်းထဲက ရှင်ဥပဂုတ္တဆောင် ရေမျှောပူဇော်တဲ့ပွဲလေးကို မြင်တွေ့လိုက်ရတော့ ရင်ထဲမှာကြည်နူးဝမ်းသာမိတာ

အမှန်ပါ။ လုံးခင်း သာသနာနဲ့အတူ ဖားကန့်မှော်ဒေသတစ်ခုလုံး ဘာသာ သာသနာ စည်ပင်ထွန်းကားပါစေလို့လည်း ဆုတောင်းမိပါတယ်။ ဉရုချောင်းရေနဲ့အတူ မျှောပါသွားတဲ့ ဆီမီးရောင်စုံတွေကြားက ရှင်ဉပဂုတ္တဆောင်လေးကိုကြည့်ပြီး ဉရုချောင်းမှသည် ချင်းတွင်း၊ ချင်းတွင်းမှ ဧရာဝတီ၊ ဧရာဝတီမှ ပင်လယ်၊ ပင်လယ်မှ သမုဒ္ဒရာရေတို့နဲ့အတူ ကမ္ဘာ့ကုန်းမြေအနှံ့ ဗုဒ္ဓသာသနာပြန့်ပွားပါစေလို့ ဆန္ဒပြုလျက်။

(အမှတ်စဉ် ဝ၃၇၊ အတွဲ ၅၆၊ ၁၆–၁၁–၂၀၁၆ မြန်မာ့အလင်းသတင်းစာ)

**နိုင်မိုး(လုံးခင်း)**

# ရေမဆေးတွေတည်တဲ့
# ရေမဆေးစေတီ



# ရေမဆေးတွေ တည်တဲ့ ရေမဆေးစေတီ

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ ကောင်ဆန်မော်နှင့် နမ့်မော်ကျေးရွာအကြားရှိ ရေမဆေးကျောက်စေတီမှာ စေတီတစ်ဆူ၏ဂုဏ်အင်္ဂါရပ်နှင့် ပြည့်စုံမှုမရှိသေးသော်လည်း စေတီသဏ္ဌာန်တည်ရှိနေပြီး ဒေသခံများ၊ ရေမဆေးကျောက်ရှာသူတွေအတွက် ဆုတောင်းပြည့်စေတီတစ်ဆူဟု သတ်မှတ်ထားသည့် နေရာမြတ်တစ်ခု ဖြစ်သည်။

စေတီပုံသဏ္ဌာန်ရှိရာနေရာမှာ မော်လကင်မော်ရှိ အဲဗားဝင်နားကုမ္ပဏီ၏ လုပ်ကွက်နယ်မြေအတွင်းရှိ ရေမဆေးကျောက်ရှာဖွေသူများ သွားလာကြသည့်လမ်းဘေးမှ မြေစာပုံကျောက်တုံးကြီးပေါ်တွင် တည်ရှိသည်။ ရေမဆေးကျောက်ရှာဖွေသူများက နေ့စဉ်ဆုတောင်းမှုပြုပြီး အဆိုပါ ကျောက်တုံးကြီးပေါ်တွင် တစ်နေ့လျှင် အမိဋ္ဌာန်ကျောက်ခဲတစ်လုံးစီ ဆုတောင်းပြီး တင်ခဲ့ကြသဖြင့် ကာလအတန်ကြာလာသောအခါ စေတီပုံသဏ္ဌာန်ဖြစ်ပေါ်ခဲ့သည့် အမိဋ္ဌာန်နေရာဖြစ်သည်။

အဆိုပါ အောက်ခံကျောက်တုံးကြီးမှာ ဖားကန့်နယ်မြေအတွင်း အေးချမ်းသာယာ၍ ကျောက်တူးဖော်ရေးလုပ်ငန်းများ စည်ကားချိန်၌ ကုမ္ပဏီများ၏အပေါ်ယံခေါင်းပေါင်းမြေစာမှထွက်ရှိသော ကျောက်ရိုင်းတုံးကြီးဖြစ်သည်ဟုဆို၏။

၎င်းကျောက်တုံးကြီးကို ဘက်ဟိုးယာဉ်ဖြင့် မတင်ဖယ်ရှားသည့်တိုင် မရသည့်အပြင် မြေစာစွန့်ပစ်သည့် ယာဉ်ကြီးများက တင်ဆောင်ဖယ်ရှားရန် မတတ်နိုင်၍ လမ်းဘေးတွင်ပစ်ထားသည့် ကျောက်တုံးကြီးလည်းဖြစ်သည်။ ထိုကျောက်တုံးကြီးကို ရေမဆေးကျောက်ရှာဖွေသူများက လုပ်ငန်းခွင်သို့မဝင်မီ ဦးခိုက်ဆုတောင်း၍ ဆုတောင်းသူတိုင်း ကျောက်ခဲတစ်လုံးစီ တင်ထားလေ့ရှိရာမှ စေတီပုံပေါ်လာခဲ့ခြင်းဖြစ်သည်ဟုဆို၏။

ဗုဒ္ဓဘာသာ ကိုးကွယ်သူများအပြင် အခြားသောဘာသာကို ကိုးကွယ်သူများ

ကပါ ''ဒီနေ့ ကျောက်ကောင်းရပါစေ''ဟု ဦးခိုက်ဆုတောင်းပြီး ကျောက်ခဲတစ်လုံးကို တင်ထားခဲ့ပြီးမှ ရေမဆေးကျောက်ရှာဖွေလျှင် တန်ဖိုးကြီးသောကျောက်များကို ရှာဖွေတွေ့ရှိလေ့ရှိသည်ဟု ဆို၏။

''ဒီကျောက်တုံးကြီးက ထူးဆန်းတယ်ဗျ။ ဒီမှော်မှာ ကျောက်ပဲဖြစ်ဖြစ်၊ ကျောက်ရိုင်းပဲဖြစ်ဖြစ် ဒီလောက်ကြီးတဲ့ ကျောက်တုံးမျိုးကို မတွေ့ဖူးဘူး။ ငုပ်ကျောက်အတုံးကြီးတွေတော့ရှိတာပေါ့ဗျာ။ ဒီကျောက်တုံးကြီးက သူတစ်ခုတည်း လုံးစွပ်ပုံထွက်ကာ သူ့ထက်ကြီးတဲ့ ကျောက်တုံးကြီးတွေကို မိုင်းနဲ့မရရအောင်ခွဲခဲ့ကြတယ်။ အခု ဒီကျောက်တုံးကြီးက မိုင်းနဲ့လည်း ခွဲလို့မရဘူး။ ထူးခြားလို့ဆိုပြီး ကုမ္ပဏီက အခုအတိုင်းထားရှိခဲ့တာ''ဟု နမ့်မှော်ကျေးရွာမှ မှော်ကြာ ရေမဆေးကျောက်သမားတစ်ဦးက ပြောပြခဲ့သည်။

''ရေမဆေးကျောက်ရှာဖို့ နေထိုင်ရာတဲက ထွက်လာတာနဲ့ ဒီကျောက်တုံးကြီးဆီ ပထမဆုံးရောက်အောင် လာကြတယ်။ ဒီနေ့ သိန်းရာကျော်ကျောက်၊ ကျပ်သိန်းထောင်ကျော်ကျောက် ရှာတွေ့ပါစေလို့ ဆုတောင်းပြီး ကျောက်ခဲတစ်လုံးကို ကျောက်တုံးကြီးပေါ် နေ့စဉ်တင်ကြတယ်။ တချို့က ဖယောင်းတိုင်၊ အမွှေးတိုင်တွေနဲ့ ပူဇော်ပြီး ဆုတောင်းကြတယ်။ ဆုတောင်းတဲ့အတိုင်းလည်း ဆုတောင်းပြည့်ကြတယ်။ သိန်းရာကျော်ကျောက် မဟုတ်ရင်တောင် ထမင်းစားကျောက်ဖြစ်တဲ့ တစ်သိန်းကျော်၊ နှစ်သိန်းကျော်တန် ကျောက်တွေကို ရှာတွေ့တယ်။ နေ့တိုင်းလည်း ရှာတွေ့ကြတယ်။ တချို့ဆို တစ်လမှာ ကျပ်သိန်းရာကျော်၊ ထောင်ကျော်တွေ့ရတဲ့သူတွေ ရှိတယ်။ တကယ်လည်း ဆုတောင်းပြည့်တယ်''ဟု ကောင်းဆန်မှော်မှာ ရေမဆေးကျောက်ရှာဖွေသူ ကိုထိန်မောင်က ရှင်းပြခဲ့သည်။

''တချို့ရေမဆေးကျောက်တွေကို တောစောင့်နတ်၊ တောင်စောင့်နတ်၊ မှော်စောင့်နတ်တွေ ဆုတောင်းပြီး ရှာဖွေသူတွေရှိတယ်။ ကျွန်တော်ကတော့ ဒီရေမဆေးကျောက်စေတီကိုဆုတောင်းပြီးမှ ရှာလေ့ရှိတယ်။ ယုံကြည်မှုလည်းအပြည့်ရှိတယ်။ ယုံကြည်တဲ့အတိုင်း ထမင်းစားကျောက်ကို နေ့တိုင်းရှာတွေ့တယ်။ တစ်ရက်ရက်တော့ ကျောက်ကောင်းရမှာသေချာတယ်''ဟု နမ့်မှော်ကျေးရွာမှ ရေမဆေးကျောက်ရှာဖွေသူ ကိုသန်းနိုင်က ရှင်းပြခဲ့သည်။

''ကျွန်တော့်ကျင်းက အဲဒီစေတီနားမှာ ရှိတယ်။ နေ့စဉ် ကျင်းကိုသွားတိုင်း

ကျောက်ခဲတစ်လုံးကို ကျောက်တုံးကြီးပေါ်တင်ပြီး ဆုတောင်းတယ်။ ကျောက်အောင်ရင် ဒီနေရာမှာ အုတ်မပါဘဲ အခုလိုရေမဆေးကျောက်တွေနဲ့ချည်း စေတီကြီးတစ်ဆူဖြစ်မြောက်အောင် တည်မှာ''ဟု နမ့်မော်ရွာမှ ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင် ဦးဝင်းဌေးကပြောကြားခဲ့သည်။

ဒေသခံများနှင့် ရေမဆေးကျောက်ရှာဖွေသူတိုင်းက ထူးခြား၍ ဆုတောင်းပြည့်သောကျောက်တုံးကြီးပေါ်တွင် စေတီတစ်ဆူဖြစ်မြောက်စေရန်အတွက် ''ရေမဆေးကျောက်စေတီ''ဟု အမည်ပေးပြီး ကြိုးစားနေကြကြောင်းသိရသည်။

မရှိဆင်းရဲသားများအတွက် အားကိုးယုံကြည်ရာ ရေမဆေးကျောက်စေတီမှာ ဆုတောင်းတိုင်း ပြည့်ဝနေသည့်အတွက် သဒ္ဓါတရားနှင့် စိတ်အားထက်သန်သည့် ယုံကြည်သူများကို စေတီတော်အဖြစ် အလျင်အမြန် ရုပ်လုံးပေါ်လာစေရန် ကြိုးစားနေကြ၍ မတည်မည့် အလှူရှင်နှင့် စုပေါင်းပါဝင်မည့် အလှူရှင်များကိုမျှော်လင့်နေကြကြောင်းသိရသည်။

(အမှတ် ၄၉၊ ၁၃–၃–၂၀၁၅၊ တကယ့်ဖြစ်ရပ် မှုခင်းဂျာနယ်)

**နိုင်မိုး(လုံးခင်း)**



ဟားကန့်မှော်ထဲက

# ရေမဆေးကျောက်ရှာသူတို့ရဲ့ဘဝ



# ဖားကန့်မှော်ထဲက ရေမဆေးကျောက်ရှာသူတို့ရဲ့ဘဝ

ပွင့်လင်းရာသီရောက်ပြီဆိုတာနဲ့ မြန်မာပြည်အနယ်အနယ်အရပ်ရပ်က လူငယ် အတော်များများဟာ ဖားကန့်ရတနာမှော်နယ်မြေကိုရောက်ရှိလာကြတာကို တွေ့ရှိ ရပါတယ်။ ၁၆ နှစ်ကနေ ၃၀ အထိ လူငယ်လူလတ်ပိုင်း ယောကျ်ားလေးတွေကို တွေ့ရပြီး မိန်းကလေးဆို နှစ်ယောက်သုံးယောက်ကလွဲလို့ မတွေ့ရပါဘူး။ ကားစီး ပြီးလာကြတာရှိသလို တချို့ကျတော့ ရွာက စပါးလေးရောင်း၊ ရှိတာလေးတွေပေါင် ပြီး စားစရိတ်လေးနဲ့ မိုးကောင်းကနေ မှော်ထဲအထိ အထုပ်ကလေးတွေထမ်းပြီး အဖွဲ့လိုက် ခြေကျင်လျှောက်လာကြတာကိုလည်း စိတ်မကောင်းစွာတွေ့ရပါတယ်။

မှော်ထဲရောက်ပြီဆိုတာနဲ့ ရေမဆေးကျောက်ရှာ၊ အချို့က ကုမ္ပဏီမှာကား မောင်း၊ ဘက်ဟိုးမောင်း၊ အချို့ကျတော့ ဈေးဆိုင်တွေ လက်ဖက်ရည်ဆိုင်တွေမှာ လုပ်သူကလုပ်၊ ရရာအလုပ်ကို လုပ်ကြတာတာကို တွေ့ရပါတယ်။ များသောအား ဖြင့် ရေမဆေးကျောက်ရှာကြတာကို တွေ့ရပါတယ်။

နှစ်ယောက်သုံးယောက် အခန်း ငှားပြီးနေကြတာရှိသလို အချို့ကျတော့ ရေမဆေး လောပန်းနဲ့အတူနေပြီး ကျောက်ရှာနေကြတာကိုလည်း တွေ့ရပါတယ်။ နှစ်ယောက်သုံးယောက်သမားက ကျောက်ရရင် ကိုယ်ရကိုယ်ယူကြတာရှိသလို ဘယ်သူရရ သုံးယောက်ခွဲယူကြတာတွေလည်း ရှိပါတယ်။ ရေမဆေးလောပန်းနဲ့ နေတဲ့သူတွေကျတော့ ကျောက်ရရင် ရတဲ့သူနဲ့တစ် ဝက်စီရရှိကြပါတယ်။ ထိုသို့နေကြ ရခြင်းမှာ ကျောက်ရှာစဉ် စားဖို့ ရိက္ခာမရှိကြတဲ့အတွက် ရေမဆေး မွေးသည့် လောပန်းများနှင့် နေကြရတာဟု သိရပါတယ်။ အချို့ထားနိုင်သည့် လောပန်းများမှာ

ဆယ်ယောက် ဆယ့်ငါးယောက်ထားနိုင်ကြသည်ဟု သိရပါတယ်။ ညများမှာ ကျောက်ရှာဖို့ ဘက်ထရီဓာတ်မီး၊ စိန်တူ၊ ပွိုင့်ဖိနပ်များကို လည်း လောပန်းများက ဝယ်ပေးရပါတယ်။

ရေမဆေးရှာတော့မယ်ဆိုတာနဲ့ မြေစာပုံတိုင်းကို ရှာလို့မရပါဘူး။ ဘယ်မှော် ဘယ်ကုမ္ပဏီက မြေစာပုံမှာ ကျောက်မျိုး၊ ဒါမှမဟုတ် ကျောက်ပါ မပါကို အချင်းချင်းမေးမြန်းစုံစမ်းပြီး ရှာကြရပါတယ်။ ညဆိုရင် ဘယ်မှော်ဆိုဆို ဘယ်မြေစာပုံကိုပဲ ကြည့်လိုက်ကြည့်လိုက် ပိုးစုန်းကြူးတွေအလား အောက်မေ့ရပါတယ်။ အချို့ကောင်းတဲ့ မြေစာပုံဆိုရင် အယောက်ထောင်နဲ့ချီပြီး ရှိပါတယ်။ ညဆို မိုးလင်းပေါက် ချမ်းလို့ ချမ်းမှန်းမသိ၊ ခုန်လိုက်ပေါက်လိုက်၊ ရှောင်တိမ်းလိုက်နဲ့ စွန့်စွန့်စားစားရှာနေကြတာကို တွေ့ရတယ်။

## ရေမဆေး ဈေးတန်း

ရေမဆေးဝယ်တဲ့ လောပန်းတွေကလည်း မိုးလင်းပေါက် ဆိုင်ကယ် အကြီးအသေး၊ ဗင်၊ ပါဂျဲရိုးကားတွေနဲ့ စောင့်ဝယ်ကြတယ်။ ဈေးဆိုင်က ကောင်မလေး ချောချောလေးတွေကလည်း ဈေးရောင်းကောင်းတော့ ချမ်းတာတို့ အိပ်ရေးပျက်တာတို့ မသိ။ ရေမဆေးကောင်လေးတွေကို မြူဆွယ်ကြနဲ့ အလွန်စည်ကားလှပါတယ်။

အချို့မြေစာပုံဆို ပေ ၃၀၀–၄၀၀ မြင့်ပြီး ရေမဆေးကျောက် ရှာကြတဲ့ လူငယ်များအတွက် အလွန်အန္တရာယ်များကြသည်ကိုလည်းတွေ့ရပါသည်။ "အန္တရာယ်တော့ရှိတာပေါ့။ ဒါပေမဲ့ ငွေရဖို့ အသက်ကို ဂရုမစိုက်နိုင်ဘူး။ ရှာရမှာပဲ။ လူတွေများတော့ တစ်ရက်တလေဆို ကျောက်မျိုး တစ်လုံးမှမရဘူး။ ရှာတိုင်းလည်းမရဘူး။ တချို့တလေဆို ကံကောင်းတော့ ရာကျောက်၊ ထောင်ကျောက်တွေ ခဏလေးနဲ့ရသွားကြတယ်။ ညဆိုရင် ပိုပြီး အန္တရာယ်ရှိတယ်။ ကျောက်တုံးကြီးတွေပါလို့ လိမ့်လာရင် မြုန်းဒိုင်း မမြင်ရဘူး။ လူများတော့ ကိုယ့်တစ်နေရာစာ မနည်းယူထားရတယ်။ ကျောက်တုံးပိပြီး သေသွားတာလည်း ရှိတယ်။ ခြေထောက်ထိပြီး ကျိုးသွားတာလည်း ရှိတယ်။ ဒါပေမဲ့ ငွေရဖို့ အသက်စွန့်ပြီးရှာရမှာပါ"ဟု ရေမဆေးသမားတစ်ဦးက ပြောပြတယ်။

ကုမ္ပဏီက မြေစာမကောင်းတဲ့ဟာတွေ ပစ်ရင် မရှာကြဘဲ နေရိပ်ကောင်းကောင်း ရှာပြီး အချင်းချင်း ခြင်းခတ်သူ ခတ်၊ ကျားထိုးသူက ထိုး၊ စိန်တူဘေးချပြီး အိပ်သူက အိပ်၊ ဈေးသည်တွေနဲ့ စလိုက် နောက်လိုက်နဲ့ ပျော်စရာကောင်းတဲ့ ရေမဆေးသမား ဘဝလေးတွေပါ။

အချို့ဆိုရင် ဒီမြေစာပုံမှာ ကျောက်မပါဘူးဆိုရင် ဘယ်မျော် ဘယ်မြေစာပုံမှာ ကျောက်ကောင်းတွေ ပေါ်တယ်။ သွားမယ်ကွာလို့ တိုင်ပင်နေကြတာက ရှိသေး။ ဆိုင်ကယ်ကိုယ်စီနဲ့ ကျောက်ပါတဲ့ မြေစာပုံဆီ ဝိုးခနဲ . . . ဝိုးခနဲ။ ရေမဆေးဆိုလို့ အထင်တော့မသေးနဲ့။ ကျောက်ကောင်းရင် ၁၀ သိန်း ၁၅ သိန်းဝယ်နိုင်တဲ့ မျော်ကြာတွေ၊ တရုတ်ဆိုင်ကယ်ဆို ထည့်လဲစီးနိုင်ကြတယ်။ ဘယ်လောက်ဝေးတဲ့ မျော်ဖြစ်ဖြစ် ကျောက်ပါတဲ့ မြေစာပါရင် ဆိုင်ကယ်နဲ့ပြေးရှာကြတာပဲ။

## ကျောက်မမြင်ဘူးတဲ့ ရွာသား

ရွာကတက်လာကြတဲ့ ရေမဆေးအသစ်တွေကျတော့ ခြေကျင်သွားနိုင်ရင် သွားပေါ့။ ကျောက်မျိုးလည်း နားမလည်၊ စိန်တူနဲ့ သူများခေါက်သလို ခေါက်သာ ခေါက်လိုက်ရတာ ကျောက်မှန်း မသိဘူး။ ကျောက်မှန်းသိတဲ့ မျော်ကြာတွေတွေ့တော့ ကျောက်ကို မ,ပြီး ပြေးပါလေရော။ သိန်းရာကျောက် ထောင်ကျောက်တွေ ဒါမျိုး ပါသွားတာ ဒုနဲ့ဒေး။ ပေါ်လီသားကို ပလွှန်ကျောက်ဆိုပြီး ပစ်ထားခဲ့တာရှိသေး။ ကျောက်မှန်းမှ မသိဘဲကိုး။ အချို့မျော်ကြာ ရေမဆေးသမားတွေကျတော့ ကားပေါ်က မြေစာသွန်ချလိုက်တာနဲ့ ဘယ်ကျောက်က ကျောက်စိမ်း၊ ဘယ်ကျောက်က ကျောက်ရိုင်း၊ လိမ့်တာကို ကြည့်ပြီး ပြောနိုင်ကြတယ်။ ပြောနိုင်တာလည်း မပြောနဲ့။ မျော်ထဲမှာ ထမင်းဝတ်လိုက် ပြတ်လိုက် နေလာတာ ၁၀ နှစ် ၁၅ နှစ်ရှိနေကြပြီကိုး။ သူတို့ရေမဆေးလောကမှာလည်း ဂျော်ကီဆိုတာရှိသေး။

## ဂျော်ကီ

"ဂျော်ကီဆိုတာ ကျောက်ရတဲ့သူက တစ်ယောက်တည်း မနိုင်တဲ့ အချိန် ၆၀–၇၀ ရဲ့အထက် ကျောက်တုံးကြီးကို ကျောက်ရတဲ့သူရဲ့တဲကိုပိုင်းပြီး ထမ်းပို့ပေးရတယ်။ ကျောက်ရတာကိုမြင်တဲ့သူ အယောက် ၂၀–၃၀ ဖြစ်ချင်ဖြစ်သွားမယ်။

ကျောက်အကြီးအသေးအပေါ် မူတည်ပြီးခေါ်ကြတယ်။ အဲဒီကျောက်ရောင်းပြီး သုံးပုံတစ်ပုံကို ထမ်းပို့ကြတဲ့ ဂျော်ကီအားလုံး ရသလောက်ဝေယူရတယ်။ ကျန်တဲ့ နှစ်ပုံက ပိုင်ရှင်ယူပေါ့။ တစ်ပိုင်တစ်နိုင်ဆို ဂျော်ကီ ခေါ်စရာမလိုတူးလေ''ဟု ရေမဆေး သမားတစ်ယောက်က ပြောပြတယ်။

''အချို့ကျောက်မရှာဘဲ အချောင်ခို ပျင်းတဲ့သူတွေကြတော့ ဘယ်သူကျောက်တုံးအကြီးရသလဲဆိုတာ မြေစာပုံဘေးနား ငုတ်တုတ်ထိုင်ကြည့်ပြီး ကျောက်ရပြီဆို ထပြေးပြီး 'ငါလည်း ဂျော်ကီ'ဟု မှုန်တီမှုန်ဝါးနဲ့ ထလိုက်ကြတယ်''ဟု ထပ်မံ ပြောပြတယ်။

## မကောင်းတဲ့ကျောက် ရွှံ့ပြန်သုတ်ရောင်း

မော်ထဲမှာက လူမျိုးပေါင်းစုံ . . . စရိုက်ပေါင်းစုံ။ အချို့ ရွာကတက်ပြီး တကယ်စွန့်စွန့်စားစား ထမင်းအငတ်ခံ ဆင်းရဲခံပြီး ရေမဆေးရှာတဲ့သူတွေရှိသလို အိမ်မှာက စားစရာမရှိ၊ မြေစာပုံရောက်တော့ လောပန်းလိုလို ဘာလိုလို။ တစ်ခါတလေ ရေမဆေးရှာတဲ့ပုံလုပ်လိုက်၊ မြို့ထဲရွာထဲ ရောက်ပြီးသား ကျောက်ကို ရွှံ့ပြန်လူး။ ရေမဆေး ခုမှရခဲ့တဲ့ပုံစံ၊ ချွေးသံ တရွှဲရွှဲနှင့် ပြောလိုက်တာများ ပြဇာတ်မင်းသားတောင် အရှုံးပေးရမတတ်။ နောက်ထပ်ရရင်လည်း လောပန်းကိုပဲရောင်းပေးမယ်။ အပြောကောင်းတော့ လောပန်းက ဝယ်လိုက်ရပြီလေ။ မဖြတ်ရုံတမယ် ဆေးပြီးသား ကျောက်ဆိုတော့ ဘယ်မှာအောင်တော့မှာလဲ။ ဒါမျိုးတွေခံရတဲ့ လောပန်းတွေက လည်း မနည်း။ အေးလေ . . . ဒါကလည်း ထမင်းစားဖို့ လောလောဆယ်စားရဖို့ ပညာတစ်ခုကိုး . . . ခွင်လေခွင် . . .။

အချို့ကျတော့ ကျောက်ကို တကယ်နားမလည်ဘဲ တဲမှာစားဖို့ဆန်မရှိတဲ့ အတွက် ရေမဆေးကျောက် အမှန်အကန်ကို လေးငါးထောင်ရတဲ့ ဈေးနဲ့ရောင်းပြီး ဆန်ဝယ်ကြရတယ်။ အမှန်အကန်ကိုဝယ်မိပြီး ကံကောင်းတဲ့သူကျတော့ နည်းနည်း နဲ့ သိန်းရာပိုင်း ထောင်ပိုင်းရသွားကြတာလည်း ဒုနဲ့ဒေး။ ကျောက်ကို တကယ်ရတဲ့ သူကတော့ ထုံးစံအတိုင်း ရေမဆေးသမားဟာ ရေမဆေးဘဲ။ အ,လိုက်တာလို့ အပြစ်မပြောနဲ့လေ။ အခုဆာနေတဲ့ဗိုက်က နေဦးလို့ ပြောမရဘူးလေ။ သူ့မှာက ဒီကျောက်ကို ဆေးလိုက်လို့ တစ်ပြားမှ မတန်ရင် ဘယ်လိုလုပ်မလဲ။ အေးလေ။

ည့်မှ မပြည့်စုံဘဲကို။

တကယ်တော့ ဖားကန့်မျော်ထဲက ဘဝဇာတ်စုံကို ပြောလို့ကုန်နိုင်မယ်တောင် င်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဖားကန့်မျော်ကြီးရှိနေသရွေ့ ... ဘဝလိုအပ်ချက်တွေ ည့်စုံသရွေ့ ဒီနေရာ ဒီဒေသမှာ ဒီလိုဘဝတွေ ဒီလိုဇာတ်လမ်းတွေ စုံနေဦး ယ်ဆိုရင်တော့ ...။

(ပထမဆုံး သတင်းဆောင်းပါး၊ အမှတ် ၁၅၊ အတွဲ ၅၊ ၂၀–၁–၂၀၀၉ Weekly Eleven သတင်းဂျာနယ်)

**နိုင်မိုး(လုံးခင်း)**





# ရေမဆေးကျောက်ရှာသူတို့ဘဝ

ဖြစ်ပေါ်လာပုံ နှင့်

# ဂျော်ကီ



# ရေမဆေးကျောက်ရှာသူတို့ ဘဝဖြစ်ပေါ်လာပုံနှင့် ကျော်ကီ

ကမ္ဘာကြီးမှာ လူနေမှုအဆင့်အတန်းတွေဟာ တစ်နေ့တခြားပြောင်းလဲလာတာကိုတွေ့ရှိရပါတယ်။ မမြင်ဖူးတဲ့ MP3, MP4 စတဲ့ အီလက်ထရွန်းနစ်ပစ္စည်းတွေ၊ ခေတ်နဲ့အမီလိုက်နေတဲ့ အဝတ်အစားဒီဇိုင်းသစ်တွေ၊ နာရီပိုင်းအတွင်း အာကာသထဲလှည့်ပတ်ကြည့်ရှုနိုင်ပြီး ဟန်းနီးမွန်း ထွက်လိုသူတွေ၊ ပြီးတော့ လကမ္ဘာပေါ်မှာတောင် မင်္ဂလာဆောင်လို့ရပြီဆိုတဲ့ လိုတရခေတ်ကြီးမှာ ခေတ်သစ်လူငယ်လေးတွေရဲ့ စူးစမ်းလေ့လာချင်တဲ့ဆန္ဒတွေဟာ လက်တွေ့အသုံးချလိုမှုကို အမြန်သိချင်ကြပါတယ်။

မပင်ပန်းဘဲ အလိုဆန္ဒတွေ တစ်ခဏအတွင်းပြည့်ဝစေနိုင်ဖို့ ခေတ်မီပစ္စည်းတွေကို လက်ထဲရောက်လာအောင် ငွေကိုဘယ်လိုရှာရမလဲ။ နဖူးပေါ်လက်တင်ပြီး အရွယ်နဲ့မလိုက်အောင် ဘီလျံနာ သူဌေးကြီးတွေ စဉ်းစားသလို စဉ်းစားလာတတ်ကြပြီး ခေတ်မီပစ္စည်းတွေကို စမ်းသပ်လေ့လာသုံးနိုင်အောင်ကလည်း ပါးစပ်နဲ့ပြောနေလို့မရဘူး။ ဒါတွေကို သုံးနိုင်ဖို့ မိဘတွေဆီမှာ လက်ဖြန့်တောင်းလို့ကလည်းမဖြစ်။ ပြောရင်လည်း ဝယ်မပေးနိုင်ဘူး။ နားလည်း မလည်ဘူး။ ဘယ်နားလည်ပါ့မလဲ။ သူတို့ကလည်း ရေမဆေးကျောက်ရှာနေကြရတဲ့ မပြည့်စုံတဲ့ မိဘတွေကိုး။

ဟိုးတုန်းကတော့ အဖေတစ်ယောက်တည်းရှာတဲ့ငွေကို တစ်မိသားစုလုံးသုံးလို့ရတယ်။ အခုခေတ်ကြီးမှာ အရွယ်နဲ့အမျှ ငါးယောက်ရှိရင် ငါးယောက်စလုံးသူ့အလုပ်နဲ့သူ လုပ်ကိုလုပ်ရမယ်။ အလကား ထိုင်စားနေလို့တော့မရဘူး။ အသက်ကလေး နည်းနည်းရပြီး အင်အားလေး ရှိပြီဆိုတာနဲ့ ငါ့ရဲ့ဦးနှောက်နဲ့ ငါ့ရဲ့ဝီရိယအင်အားနဲ့ ငွေကို တစ်ခါတည်း သိန်းရာပိုင်း။ ထောင်ပိုင်းရအောင် ဘယ်လိုရှာရမလဲဆိုတာ လူငယ်လေးတွေ တွေးလာကြပြီ။ ပြည့်စုံတဲ့ သားသမီးတွေသုံးတဲ့ ခေတ်မီပစ္စည်းတွေ၊ ခေတ်မီ အဝတ်အစားတွေကိုကြည့်ပြီး ငါလည်း တစ်နေ့ သူတို့သုံးသလို

ဝတ်သလို ဝတ်နိုင်ရမယ်ဆိုတဲ့ ခံပြင်းစိတ်တွေက လူငယ်အတော်များများရဲ့ ရင်ထဲက ဆန္ဒတွေပါ။

## သူဌေးအမြန်ဖြစ်ဖို့

အဲဒီလို . . . အဲဒီလိုဆန္ဒတွေ ဝယ်ဖို့၊ သုံးဖို့၊ ဝတ်ဖို့အလျင်အမြန် လောလော ဆယ် ဖြည့်ပေးနိုင်တာက မျော်ထဲမှာ ရေမဆေးကျောက်ရှာတဲ့အလုပ်။ နေ့ချင်းညချင်း ကြီးပွားဖို့က ဒီအလုပ်ပဲရှိတယ်။ ရာကျောက် ထောင်ကျောက်ရမှ ငွေအပုံလိုက်တစ်ခါ တည်း ရမယ်လေ။ ဒါမှ ခေတ်မီပစ္စည်းတင်မကဘူး။ ခေတ်လွန်ပစ္စည်းပါ ဝယ်နိုင်ပြီး သုံးနိုင်ဖြုန်းနိုင်မှာကိုး။ ဒါဆို စိတ်ကူးယဉ်နေရုံနဲ့ ထိုင်နေရုံနဲ့မပြီးသေးဘူး။ ရေမဆေး ကျောက်သွားရှာရတော့မယ်လေ . . . ။ ကျောက်ရမှ ငွေရမှာ။ ဘာမှမလုပ်ရင်တော့ ဘာမှမရဘူး။ ရေမဆေး မရှာတတ်ဘူးဆိုပြီး ဆင်ခြေပေးမနေနဲ့။ ဆင်ခြေပေးတဲ့ ပါးစပ် ထမင်းငတ်တတ်တယ်တဲ့။ နားမလည်လို့မသိသေးရင် သိအောင်ကြိုးစား ရမယ်။ ရအောင် ရှာရမယ်။ ကြာတယ်ကွာ။ သွားမယ် သူငယ်ချင်း။ နမ့်မျော်က မြေစာပုံ။

## ရေမဆေး ယူနီဖောင်း

မြေစာပုံသွားတော့မယ်ဆိုတာနဲ့ အိမ်မှာ၊ တဲမှာနေတဲ့ပုံစံနဲ့ သွားလို့မရဘူး။ နေပူလာရင် ခံနိုင်အောင် အင်္ကျီလက်ရှည်ဝတ်ပြီး ဘောင်းဘီရှည် ဒါမှမဟုတ် ဒူးလောက်ရှိတဲ့ ဘောင်းဘီတိုကို ဝတ်ရတယ်။ ပုဆိုးဝတ်ပြီး ရှာတဲ့လူကတော့ မရှိသလောက်ကို ရှားပါတယ်။ ရှိရင်လည်း အထဲမှာ အားကစားဘောင်းဘီဝတ်ပြီး ပုဆိုးကို စလွယ်သိုင်းထားကြတယ်။ ဒါမှလည်း အရေးကြုံရင် ပြေးရလွှားရတာ လွယ်ကူတယ်လေ။

ပြီးရင် ဘောလုံးကန်ရင် စွပ်တဲ့ခြေစွပ်အရှည်ကို ဒူးအထိစွပ်။ မတော်တဆ ကျောက်ခဲမှန်ရင် ခံနိုင်ဖို့ ဘောလုံးကန်ရင် ခြေသလုံးမှာကာထားတဲ့ ဒူးကာကိုခံပြီး နောက်တစ်ထပ် ခြေအိပ်ကိုပြန်စွပ်ရတယ်။ ပြီးရင် တောစီး ပွိုင့် ဖိနပ်ကိုစီး၊ ဦးထုပ် ဒါမှမဟုတ် ခမောက်ဆောင်း၊ ကျောက်ရရင်ထည့်ဖို့ ရှုံ့ကြိုးပါတဲ့ အိတ်တစ်လုံးကိုလွယ်၊ တစ်တောင်လောက် အရိုးရှိတဲ့ စိန်တူတစ်လက်ယူ။ ပြီးတော့

မြေစာမသွန်တဲ့အခါ မြေစာပုံကိုယက်ပြီးရှာဖို့ ပေါက်တူးအသေးလေးတစ်ခု ယူသွားရတယ်။ ရေမဆေး ယူနီဖောင်း ဝတ်ပြီးပြီဆိုတာနဲ့ ကိုယ်ရှာမယ့် မြေစာပုံဆီ သွားကြတော့တာပဲ။ မြှုန်းဒိုင်းကြည့် လိုက်ရင် ၁ဝ–၁၅ ယောက်အဖွဲ့လိုက်ဆိုတော့ ဘာလုံးသွားကာန်မလား အောက်မေ့ရတယ်။ ဒါက နေ့အခါရှာကြတဲ့ ရေမဆေး ယူနီဖောင်းဝတ်စုံပါ။

ညပါရှာမယ်ဆိုရင် ခြေက်မိုဘက်ထရီအိုးအသေးနဲ့ ဓာတ်မီးအကြီး တွဲပြီး ယူသွားကြတယ်။ တချို့ တစ်ညလုံး ရှာနိုင်အောင်ဆိုပြီး ဆိုင်ကယ်ဘက်ထရီအိုး ၁၂ ဗို့နဲ့ ရှာကြတာလည်းရှိတယ်။ ဓာတ်မီးကို လက်ကကိုင်ရမှာပျင်းလို့ ဓာတ်မီး ခေါင်းတိုကို ခေါင်းမှာကြိုးနဲ့ချည်ပြီး ရှာကြတာလည်းရှိတယ်။

ကျောက်တစ်လုံးတွေ့ရင် လက်နဲ့ကောက်ကိုင်ပြီး သေသေချာချာ ကြည့်လို့ ရတယ်။ ကိုယ်လိုချင်တဲ့နေရာကိုကြည့်ချင်ရင် ခေါင်းလှည့်ပေးလိုက်ရုံပဲ။ မသိတဲ့လူ တွေကတော့ ရေအောက်မှာ ပုလဲရှာတဲ့သူတွေလား ထင်လိမ့်မယ်။ ကျောက်ရဲ မရတော့မသိဘူး။ ရေမဆေးရှာဖို့ ရေမဆေးယူနီဖောင်းစုံအောင် ဝယ်ရတာ လေး သောင်းဖိုးလောက်ရှိတယ်။ နေတဲ့အိမ်နဲ့ဝေးတဲ့သူတွေကျတော့ ကျောက်ရှာရင်း ထမင်းဆာရင်စားဖို့ ထုပ်သွားကြတာလည်းရှိတယ်။ ဒါက အဆင်မပြေကြသေးတဲ့ သူတွေပေါ့။ အဆင်ပြေတဲ့ မော်ကြာ ရေမဆေးသမားတွေကျတော့ မြေစာပုံ ဈေးတန်းမှာ ဘာစားမလဲ။ ထမင်းမကဘူး အစုံရှိတယ်။ ထမင်းက တစ်ခါပုံစား ကျပ် ၁ဝဝဝ၊ စားစရာတွေက မြေစာပုံတင် စုံလို့ . . . စုံလို့။

## ကျောက်ကောင်းမကောင်း လိမ့်တာနဲ့သိ

ဘယ်ကုမ္ပဏီက မြေစာကောင်းတယ်။ ဘယ်ကုမ္ပဏီက မြေစာမကောင်းဘူး။ မြေစာတင်တဲ့ ကားတွေက ဘယ်အချိန်မှာနားတယ်ဆိုတာ သူတို့ကသိပြီးသား။ မကောင်းတဲ့ အပေါ်ယံမြေစာတွေ သွန်ရင် သွားတောင်မရှာကြဘူး။ ကျောက်ကြော ကောင်းတဲ့ မြေစာသွန်ရင်တော့ အိုး . . . လူ ၇ဝဝ၊ ၈ဝဝ ပုံလို့။ နေရာကို မနည်း ရအောင် ယူကြရတယ်။

ကားပေါ်က မြေစာသွန်ချလိုက်တာနဲ့ ဘယ်ဟာက ကျောက်၊ ဘယ်ဟာက ကျောက်ရိုးဆိုတာ သူတို့က တန်းသိတယ်။ ဘယ်လိုခွဲခြားပြီး သိတာလဲလို့

မေးလိုက်တော့ "ကားပေါ်က ကျလာတာနဲ့ ကျောက်စိမ်းက ဖြုန်းဒိုင်း မြန်မြန် ဆန်ဆန် လိမ့်မဆင်းသွားဘူး။ မလိမ့်ချင်သလို လိမ့်ချင်သလိုနဲ့ တွေ့ရတယ်။ ကျောက်စိမ်းက လေးတာကိုး။ ကျောက်ရိုင်းတုံးတွေကျတော့ သွက်သွက်ခါအောင် ဇွယမ်းပြီး အမြန်လိမ့်ဆင်းသွားကြတယ်။ သူက ပေါ့တယ်လေ။ ကျောက်စိမ်းလို့ ထင်တဲ့ ကျောက်ကို စိန်တူနဲ့ခေါက်လိုက်ရင် ဒုတ်ခနဲ မြည်သွားပြီး စိန်တူ စိုက် ဝင်သွားတယ်။ ပြီးတော့ ကျောက်အမှုန်လေးတွေ ထွက်မလာဘူး။ ကြည့်လိုက်ရင် ယမ်းလေးတွေ မြင်ရတယ်။ ဒါဆို ကျောက်စိမ်းသေချာပြီ။ အိတ်ထဲကောက်ထည့် လိုက်ရုံပဲ။

ဒါပေမဲ့ ကျောက်နဲ့တူတာတွေ့ ရှိတယ်နော်။ ဒုတ်ဆိုတိုင်း အိတ်ထဲ ကောက် မထည့်နဲ့ဦး။ ကျောက်အမျိုးအစားထဲမှာပါတဲ့ ပလွန်နဲ့ ပထော့ပဲ။ ပလွန်က ယမ်း ရှိတယ်။ ဒါပေမဲ့ မှုန်တယ်။ ပထော့ကျတော့ ယမ်းမရှိဘူး။ ပြောင်နေတယ်။ ဒါတွေကို ခွဲခြားတတ်ဖို့လိုတယ်။ ကျောက်ရိုင်းကျတော့ စိန်တူနဲ့ခေါက်လိုက်တာနဲ့ တပ်ခနဲ မြည်ပြီး စိန်တူက အပေါ်ကို ခုန်တက်ခဲ့တယ်။ သူက ကျောက်စိမ်းလို အခွံမရှိဘူးလေ။ အမှုန်လည်း ထွက်မလာဘူး။ ယမ်းဆိုတာလည်း မရှိဘူးလေ။ ဒါဆို ကျော်သွား လိုက်။ ကျောက်ရိုင်းသေချာပြီ"ဟု ရေမဆေးသမားတစ်ယောက်က ပြောပြပါတယ်။

ကျောက်အမည်းကြောဆိုတာ မော်တိုင်းလိုလိုရှိပြီး တစ်မော်နဲ့တစ်မော် မတူ ကြဘူး။ ကောင်ဆန်၊ တောင်းကော့၊ ကရင်ချောင်၊ နမ့်မော်စတဲ့ အောက်မော်တွေ ဘက်ကကျတော့ ချော်စီးပြီး ခေါက်လိုက်ရင် ချက်ချင်း ကွာမကျဘူး။ လုံးခင်း မော်စီစာ၊ ကုဋ္ဌေမော်ဘက်ကကျတော့ ဆတ်တယ်။ ခေါက်လိုက်ရင် ချော်တွေ အဖတ်လိုက် ချက်ချင်း ကွာကျသွားတယ်။ ကုဋ္ဌေမော်က ကျောက်အမည်းကြောကို အောက်မော်မှာ သွားခွင်ရိုက်မယ်ဆိုပြီး သွားမပြလေနဲ့။ အခွံချင်းချင်း အတူတူ။ ဒါက ကုဋ္ဌေမော် ကျောက်၊ ဒါက ဆန်ကာကျောက်၊ ဒါကငိုမင်းကျောက်တဲ့ လောပန်းတွေက ကြည့်လိုက်တာနဲ့ ကျွမ်းပြီးသား။ ဘယ်မော်အမည်းကြောက ဘယ်လို အခွံဆိုတာ သိတယ်။

ကျောက်စိမ်းထွက်တဲ့မော်တွေကလည်း အများသား။ အထက်မော်လို့ခေါ်တဲ့ ကံဆီးအောင်ဘာလေဘက်က မော်တွေဆိုရင် တူးလိုက်ရင် ဒူးလောက်၊ ပေါင်လယ် လောက်၊ အမြင့်ဆုံး ပေါင်လယ်လောက်ဆို ကျောက်ကြောကုန်ပြီ။ လုံးခင်း၊ မော်

တ၊ ကုဋ္ဌေမှော် စတဲ့မှော်တွေကျတော့ ပ–မြေမှန်၊ ဒု–သံချေး၊ တ–သဲပြာ၊ စ–
မည်းကြောဆိုပြီး သူ့အကြောနဲ့သူ အဆင့်ဆင့်ရှိတယ်။ ဆက်တူးရင် ဘယ်လို
ကြောတွေပေါ်လာမလဲမသိဘူး။ ကောင်ဆန်း၊ နမ့်မှော်ဘက်က ကျောက်ကြောတွေ
ကျတော့ ပ–မြေမှန်၊ ဒု–သံချေး၊ တ–အမည်းကြော၊ တစ်မှော်နဲ့တစ်မှော် အကြော
င်းမတူကြဘူး။ ဘယ်လိုအကြောတွေပဲရှိရှိ လူတွေကတော့ ကျောက်ရှိရင် အပီစိ
ပီရောက်ပါစေ တူးမှာပဲ။

ကျောက်တွေကလည်း ကမ္ဘာ့အကြီးဆုံးငုတ်ကျောက်။ ကမ္ဘာ့အကြီးဆုံး
ဖုံးစွတ်ကျောက်ဆိုပြီး ထွက်နေတာကိုး။ ကုမ္ပဏီကြီးတွေက ခေတ်မီ စက်ယန္တရား
တွေနဲ့ တူးနေသရွေ့တော့ ရေမဆေးကျောက် ရှာတဲ့လူတွေကတော့ ရှိနေကြဦး
မှာပါပဲ။ တစ်ချိန်တုန်းကတော့ မှော်တိုင်း၊ မှော်တိုင်းမှာ ဟိုတစ်ကွက်၊ ဒီတစ်ကွက်
တစ်ပိုင်းတစ်နိုင် နှစ်ယောက်၊ သုံးယောက်အဖွဲ့ သံတိုင်ပေါက်ပြားလေးတွေနဲ့
တူးကြရပါတယ်။ ကျင်းသားတွေက မြေစာတွေကို ဂေါ်တောင်းနဲ့ ထမ်းသူကထမ်း၊
သစ်သားလက်တွန်းလှည်းတွေနဲ့လည်း မြေစာကိုပစ်ကြတာလည်း ရှိပါတယ်။ အဲဒီ
ခေတ်တွေမှာ ရေမဆေးဆိုတာမရှိပါဘူး။

## ရေမဆေးကျောက် စပြီးပေါ်လာပုံ

ဒီရေမဆေးသမားတွေဆိုတာ ဘယ်နေရာ ဘယ်အချိန်ကစပြီး ရှာလာကြ
တာလဲဆိုတာ စဉ်းစားမိတယ်။ ၁၉၉၄–၉၅ ခုနှစ်အထိ လက်ကျင်းတွေ တူးကြ
တုန်းပါပဲ။ ၁၉၉၅–၉၆ ခုနှစ်မှာ ဖက်စပ်ဆိုပြီး ပေါ်လာတယ်။ ၁၉၉၇–၉၈ ခုနှစ်
လောက်မှာ ကုမ္ပဏီဆိုပြီး ပြန်ပေါ်လာပြန်ပါတယ်။ အဲဒီ ကုမ္ပဏီခေတ်မှာ မြေစာ
တွေကို ထော်လာဂျီ ဒိုင်နာကားလေးတွေနဲ့ ပစ်ကြရတယ်။ အဲဒီလိုပစ်ကြတဲ့ ဖားကန့်
ကြီးမှော်၊ ဆန်းကြွယ်မှော်၊ မှော်တောင်းမှော်၊ မှော်ဝမ်းကြီး၊ လေးမှော်က မြေစာပုံ
တွေမှာ ဖိုးသမား နှစ်ယောက်စ၊ သုံးယောက်စ ဟိုယက်၊ ဒီယက်နဲ့စပြီး ရေမဆေးကို
ရှာခဲ့ကြပါတယ်။ ဖိုးသမားတွေဆိုတော့ အားမရှိဘူးလေ။ သူများလို သံတိုင်လည်း
မကိုင်နိုင်တော့ ကျင်းသားတွေ မျက်စိရှုန်ပြီး မမြင်လို့ ပစ်လိုက်တဲ့ ကျောက်တွေကို
မြေစာပုံတွေမှာ၊ ကျင်းဘေးတွေမှာ ရှာရင်းရှာရင်းနဲ့ ရေမဆေးသမားဆိုတာ
ဖြစ်ပေါ်လာခဲ့တာပါ။ ရေမဆေးသမားဆိုရင် အဲဒီတုန်းက အရမ်းအထင်သေးကြ

တယ်။ သေးမှာပေါ့ ... ဖိုးသမားတွေပဲ ရှာကြတာကိုး။

## ဂျော်ကီ

အဲဒီအချိန်မှာ ရေမဆေးသမားတစ်ယောက်က ကျောက်အတုံးကြီးရရင် ဘေး ကနေမြင်တဲ့ ဘဝတူတွေက ပိုင်းဖော်၊ ပိုင်းမ၊ ပိုင်းထမ်းလုပ်ပေးကြပါတယ်။ အဲဒီလို အဖွဲ့လိုက် ထမ်း၊ အစုတောင်းရာကစပြီး ဂျော်ကီဆိုတာ ဖြစ်ပေါ်လာပြန်ပါတယ်။ ယခု နိုင်ငံတော်နဲ့ အကျိုးတူခေတ်ရောက်သည်အထိ ရေမဆေးသမားများဟာ များသထက် များလာပြီး နေ့ရောညပါရှာနေဆဲ၊ ရှာကောင်းဆဲပါ။ ရေမဆေးနဲ့အတူ ဂျော်ကီဆိုတဲ့နာမည်လည်း ရှိနေဦးမှာဖြစ်ပြီး နောက်နောက် သူတို့လောကရဲ့ဘဝထဲမှာ ဘယ်လို ဂုဏ်ပုဒ်တွေ ထပ်ပေါ်လာပြန်ဦးမလဲဆိုတာ မသိသေးပါဘူး။ ဝေါဟာရ အသစ်တစ်ခု ပေါ်လာဦးမှာတော့ ကေန်မလွဲပါ။

ဂျော်ကီနဲ့ပတ်သက်ပြီး ၃–၁ ပေးရတယ်ဆိုတာကို ပထမဆောင်းပါးမှာ ရေး ခဲ့ပြီးပါပြီ။ နောက်ထပ် ထူးခြားတာကတော့ ကျောက်အချိန် ၂၀၀၊ ၃၀၀ ရတယ်ဆို ရင် ကျောက်ရတဲ့လူပေါ်မူတည်ပြီး ၄–၁ ပေးရတာရှိသလို၊ ၅–၁ ပေးရတာလည်း ရှိပါတယ်။ အချိန် ၅၀–၆၀ ဆိုရင် ရင်းနှီးတဲ့သူငယ်ချင်း လေးငါးယောက်ထမ်းပြီး တဲရောက်မှ Lucky ဆိုပြီး တစ်ယောက် ၅၀၀၀၊ ၁၀၀၀၀ ပေးတာလည်း ရှိပါတယ်။

## စိန်တူတွေ စုယူပြီး နာမည်မှတ်

အချိန် ၄၀၀၊ ၅၀၀ ဆိုရင် ဂျော်ကီမခေါ်လို့ မရပါဘူး။ ကျောက်ရသူက သူငယ်ချင်း တစ်ယောက်ကို စိန်တူတွေ စုလိုက်ဆိုရင် အဲဒီလူကို စိန်တူအပ်ပြီး နာမည်စာရင်း ပေးရပါတယ်။ တချို့ကလည်း နှစ်ခါရအောင် နှစ်ခုပေးတာလည်း ရှိတယ်။ တချို့ကလည်း နာမည်မပေးထား၊ မထမ်းကူဘဲနဲ့ နာမည်ဆင်တူများ ရှိမလားလို့ လာထုတ် ကြတာလည်း ရှိတယ်။ ဒါကြောင့် တစ်ခုကို နှစ်ယောက်ကိုင်လို့ မရတဲ့ စိန်တူတစ်ခုကို သိမ်းပြီး အပိုင်ကိုင် စာရင်းယူထားတာပေါ့။

တစ်ရက်တည်း ရှာတာမဟုတ်တော့ ကျောက်ထမ်းတဲ့အခါ ဘယ်သူပါတယ်၊ မပါဘူးဆိုတာသိတယ်။ ဒါတင်မကဘူး။ ကျောက်ထမ်းဖို့ ထမ်းပိုးနဲ့ လက်မလောက် ရှိတဲ့ နိုင်လွန်ကြိုးကို ပိုက်ကွန်လို ယက်ထားတဲ့ ကြိုးကိုလည်း ငှားရသေးတယ်။

အဲဒါကိုလည်း အလကား မရဘူး။ ကျော်ကီခ ၅၀၀၀ ရရင် ထမ်းပိုးနဲ့ ကြိုးငှားခက နှစ်သောင်း၊ သုံးသောင်း ပေးရတယ်။ ထမ်းလာတဲ့ထမ်းပိုးကျိုး၊ ကြိုးပြတ်သွားရင် ပိုင်ရှင်ကို ခုနစ်သောင်း၊ ရှစ်သောင်း လျော်ရတယ်။ ပေးရမှာပဲလေ။ အဲဒီကြိုးဖိုးက တစ်သိန်းဖိုးလောက် အခွေလိုက်ဝယ်ပြီး ပိုက်ကွန်လို ကျကျနန ယက်ထားရတာကိုး။

သူတို့လောကကလည်း အရှုပ်သား။ နောက်ထပ်တစ်ခုရှိသေးတယ်။ အဲဒါက ကျောက်ရတဲ့သူက ရွာက တက်ခါစ (သို့) ကျောက်နားမလည်ဘူးဆိုရင် ကျောက်ကိုတော့ ရထားပြီး ကျောက်ဟုတ် မဟုတ် ဘေးနားကလူကိုခေါ်ပြီးကြည့်ခိုင်းရင် သူတို့ကို ၅-၁ ပေးရတယ်။ သူတို့က မျော်ကြာတွေမဟုတ်လား။ ပေးရမှာပဲလေ။ သူတို့က ကျောက်ဟုတ်၊ မဟုတ် ဆုံးဖြတ်ပေးရတာကိုး။ ကျောက် မဟုတ်ဘူးလို့ ပြောလိုက်ရင် ရတဲ့သူလည်း ပစ်ထားခဲ့တော့မှာဆိုတော့ ဉာဏ်ပူဇော်ခပေါ့။

## ရေမဆေးရှာရင်း အလှူလုပ်

နောက်တစ်ခုက ရေမဆေးရှာရင်း အလှူအတန်း လုပ်သွားတာလည်းရှိသေးတယ်။ အတုံးကြီးရတိုင်း ငွေအများကြီး မရကြပါဘူး။ အတုံးကြီးပြီးရောင်းရမှ ငါးသိန်း၊ ခြောက်သိန်း၊ ကျော်ကီက လူ ၂၀၀၊ ၃၀၀ ဆိုရင် ကျော်ကီ တစ်ယောက်က ၅၀၀၊ ၁၀၀၀ ရတော့ နီးတဲ့ဘုန်းကြီးကျောင်းမှာ ရတဲ့ ကျော်ကီခတွေအားလုံးကို လှူလိုက်တော့တာပါပဲ။ တခြားဘာသာဝင်တွေလည်း ပါတယ်။ သူတို့ကလည်း ဘာမှ မပြောကြဘူး။ ရေမဆေးရှာရင်း လုပ်အားခနဲ့ လှူဒါန်းကြတာလေ။ ရေမဆေး ဘဝမှာ သူတို့လေးတွေ ရှိနေကြပေမယ့် အလှူအတန်းနဲ့ပတ်သက်လာရင် စေတနာရှိကြပြီး ကျောက်ရရင် ရသလို လှူဒါန်းကြတာကိုတော့ သာဓုခေါ်မိပါတယ်။

ကျောက်ကောင်းရပြီး ... များများလှူနိုင်ကြပါစေ။

(အမှတ် ၂၅၊ အတွဲ ၅၊ ၃၁-၃-၂၀၁၀၊ Weekly Eleven ဂျာနယ်)

**နိုင်ငိုး(လုံးခင်း)**




မှော်ကြာ
ရေမဆေးသမား
တစ်ယောက်ရဲ့
ဓါတ်ကူး။

# မှော်ကြာရေမဆေးသမားတစ်ယောက်ရဲ့ စိတ်ကူး

*"ကျောက်တူးသမားလေးရယ် ... ရည်းစားမရှိလို့ အားမငယ်ပါနဲ့ကွယ်။ ဘဝသံသရာ လောကရဲ့အလယ်မှာ ... ဆင်းရဲသူရယ်၊ ချမ်းသာသူရယ် အများကြီးရှိပါတယ် .... ကံမကုန်သေးလို့ သံတိုင်ကိုင်ပြီး ကျောက်တူးတာ အထင်တော့မသေးလိုက်ပါနဲ့ ... တကယ်တော့ ကျောက်တူးသမားများဟာ လောပန်းလောင်းတွေပါ။*

*တစ်နေ့နေ့ တစ်ချိန်ချိန် သိန်းကျောက်ရရင် လောပန်းဖြစ်ပြီပေါ့ ... အကြွကုန်ရင် သံတိုင်ရောင်း၊ ဆန်ကုန်တော့ လောပန်းပြောင်း၊ ဖိုးသမားဘဝတော့ ကျွန်တော်လည်း အရောက်မခံပါ ... တကယ်တော့ ကျောက်တူးသမားများဟာ လောပန်းလောင်းတွေပါ ...*

*ဟိုကျင်းမရရင် ဒီကျင်း၊ ဒီကျင်းမရရင် ဟိုကျင်း ... ဖွဲမလျှော့ပါဘူး။ ကျင်းပေါင်း တစ်ထောင်ကုန်အောင် တူးမယ့် ကျောက်တူးသမားပါကွယ်။ တကယ်တော့ ကျောက်တူးသမားများဟာ လောပန်းလောင်းတွေပါ ..."*

မြေစာပုံဘေး အကြော်တဲက ဖွင့်ထားတဲ့ ကက်ဆက်သီချင်းသံကိုကြားလိုက်ရတော့ ရေမဆေးရှာရာမှ နားပြီး မောမောနဲ့ အကြော်တဲထဲ ဝင်ထိုင်ပြီး ဆက်နားထောင်မိပါတယ်။ ဒီသီချင်းလေးက ဟိုတုန်းက လက်ကျင်းတူးခဲ့ကြတဲ့ မှော်ထဲက ကျင်းသားတွေရဲ့ဘဝအကြောင်းကို စပ်ဆိုထားတဲ့ ကချင်အဆိုတော် Z ဒီးလာရဲ့ လောပန်းလောင်းဆိုတဲ့ သီချင်းလေးပါ။

### ဂီတ တွန်းအား

အဲဒီခေတ် အဲဒီအခါက လောပန်းတွေဆီမှာ တစ်ပတ်တစ်ခါ ရိက္ခာသွားထုတ်ရင်း အသွားအပြန် အော်ဆိုခဲ့ကြတဲ့ ကျင်းသားတိုင်းရဲ့ပါးစပ်ဖျားမှာ ရေပန်းစား

ခဲ့တဲ့ သီချင်းလည်းဖြစ်ပါတယ်။ ဟိုတုန်းကခေတ် ကျောင်းတူးတာနဲ့ အခုခေတ် ရေမဆေးရှာတာ ကွာခြားပြီး ကျောက်ရအောင် ရှာတာချင်း အတူတူပါ။ ဟိုတုန်းက လောပန်းရိက္ခာစားပြီး ကျင်းသားလုပ်ခဲ့ကြတဲ့ မှော်ကြာ ကျောက်တူးသမားတွေလည်း အခုခေတ် ရေမဆေးသမားဘဝတွေနဲ့ ရည်မှန်းချက် ပန်းတိုင် မရောက်မချင်း မှော်ထဲမှာ ကျင်လည်နေကြဆဲ ... ကြိုးစားနေကြဆဲပါ။

ကျောက်ကောင်းကောင်း မရလို့ စိတ်ဓာတ်တွေကျနေတဲ့ ကျွန်တော်နဲ့အတူ မှော်ကြာတွေအားလုံး ဒီသီချင်း လေးကို ကြားလိုက်ရင် စိတ်ဓာတ်တွေ တက်ကြွလာလိမ့်မယ်လို့ ထင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောက်ကောင်း မရမချင်း ကျင်းပေါင်းတစ်ထောင်အထိ တူးချင်တူးရပါစေ။ ဖွဲမလျှော့ဘူးဆိုတဲ့ ဂီတတွန်းအားလေးကြောင့်ပါ။

အခုခေတ်နဲ့ ပြောရမယ်ဆိုရင် ကုမ္ပဏီတွေက တောင်တွေ ဘယ်နှလုံး ဖြိုဖြို ... သူတို့ပစ်ခဲ့တဲ့ မြေစာတွေထဲက ကံကောင်းထောက်မလို့ မျက်စိလျှမ်ပြီး ပါလာမယ့် သိန်းရာကျောက်၊ ထောင်ကျောက်ကို မရမချင်း ဘယ်သူတွေ ဘာပဲပြောပြော ... မှော်ကြာလို့ပဲဆိုဆို ဆက်ပြီးတော့ ကြိုးစားနေဦးမှာပါ။ အခုကျတော့ မှော်ထဲက လူတွေအားလုံး မှော်ကြာတွေဖြစ်ကုန်ကြတော့ အဲဒီမှော်ကြာဆိုတဲ့ စကားကို ပြောသံမကြားရတော့ဘူး။

ဟိုတုန်းကတော့ မှော်ထဲမှာ သုံးနှစ်လောက်ကြာပြီဆိုရင် မှော်ကြာတွေ၊ ရွာမှာပျင်းလို့ မှော်ထဲမှာ လောပန်းရိက္ခာစားပြီး အိပ်စားလုပ်နေတဲ့ အလကားကောင်တွေလို့ ပြောကြတယ်။ မှော်ထဲမှာ တစ်နှစ်၊ နှစ်နှစ်လောက်ကြိုးစားရှာပြီး ရသလောက်နဲ့ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ကြတယ်။ မှော်ထဲမှာ ကြာကြာမနေကြဘူး။

## မှော်ထဲ တက်ခါစ စိတ်ကူး

အဲဒီအချိန်တုန်းက ရွာမှာလယ် အခင်း၊ နွားတစ်ရှဉ်း ဝယ်နိုင်ပြီး အိမ်လေးအဆသင့်အတင့် ဆောက်နိုင်ဖို့ လေးငါးသိန်းလောက် မှော်ထဲမှာ သွားရှာမယ်ဆိုပြီး တက်လာကြတာပါ။ ရည်မှန်းထားတဲ့အတိုင်းလည်းရပြီး ရွာပြန်အခြေချနေထိုင်ကြတာ ရှိသလို အချို့ကျတော့လည်း ငွေရှာရတာလွယ်တယ်။ သိန်း နှစ်ဆယ်သုံးဆယ် ရမှပြန်မယ်ဆိုတဲ့ စိတ်တွေကဖြစ်လာပြီး ရတာလေးတွေကို သူငယ်ချင်းတွေနဲ့

သောက်စားအပျော်အပါးတွေနဲ့ကုန်ရော၊ ဒီလောက်ငွေလေးကို ပြန်ရှာရင် ရပါတယ်ဆိုတဲ့ စိတ်တွေက ဝင်လာပြီလေ။

တကယ်ဆို အဲဒီခေတ် အဲဒီအခါက ရွှေတစ်ကျပ်သား တစ်သောင်းကျော်လောက်ပဲရှိတယ်။ ရွာမှာ လယ်တစ်ဧက ကျပ်သုံးထောင်၊ နိုင်းနွားလှလှတစ်ရှဉ်းမှ ၃၅၀၀ လောက်နဲ့ပေးဝယ်လို့ရတဲ့အချိန် လေးငါးသိန်းလောက်ဆို အိမ်ကိုတောင် ဝယ်ရှယ်ဆောက်လို့ရတယ်။ ကုန်မှနောင်တရပြီး ပြန်ရှာရတော့ လွယ်လွယ်နဲ့ မရတော့ဘူး။ နည်းနည်းပါးပါး ရပြန်တော့လည်း ဘော်ဒါတွေနဲ့ ပျော်လိုက်ပါးလိုက်။ မျော်ထဲမှာက ပျော်စရာတွေက စုံပါဘိနဲ့။ ရွာကို တောင် ပြန်ဖို့ သတိမရကြတော့ဘူး။ ရလိုက်၊ ကုန်လိုက် ဒီလိုနဲ့ မျော်ကြာတွေ ဖြစ်မှန်း မသိဖြစ်သွားပြီး မျော်ထဲမှာ တစ်အိုး တစ်အိမ်ထူလို့ ကလေးတွေရပြီး အိမ်ပြန်ချင်စိတ် မရှိကြတော့ဘူး။ အခုဆိုရင် သိန်းဆယ်ပိုင်း ထောင်ပိုင်းတောင် မှန်းနေကြသေး။ ဒီလိုနဲ့ မျော်ကြာတွေ ဖြစ်မှန်းမသိ ဖြစ်ကုန်ကြတော့တာပေါ့။

## ဘဝမေ့တဲ့ ရေမဆေး

မဖြစ်စလောက်ရပြန်တော့လည်း ရွာကမိဘတွေဆီမရောက်။ ကိုယ့်ကိုယ်ကို လောပန်းကြီးအထင်နဲ့ သောင်းကျော်တန် အဝတ်အစားတွေဝတ်၊ သောက်လိုက်တဲ့ ဆေးလိပ်၊ ရေဆာရင် ဘီယာသောက်နေတဲ့ အချိန်မှာ ရွာအကြောင်းသွားမပြောနဲ့။ အဆဲခံရလိမ့်မယ်။ လောပန်းလို့ ခေါ်လိုက်ရင် သွားကိုဖြီးလို့။ ရေမဆေးကျောက် တစ်လုံးကောက်ရလို့ တဒင်္ဂ ခဏအဆင်ပြေတာကို အမြဲတမ်း အဆင်ပြေနိုင်တယ် ဆိုပြီး ကိုယ့်ကိုယ်ကို အထင်ကြီး ... ရွာကိုမေ့။ အိမ်ကိုမေ့။ မိဘတွေကိုမေ့။ ငွေကို ရေလိုသုံးဖြုန်း။ ကုမ္ပဏီလောပန်းကြီးတွေကိုယှဉ်ပြီးတုရင်တော့ မှားမှာပေါ့။

ရထားတဲ့ငွေ မဖြစ်စလောက်လေး ကုန်ပြီဆိုရင် ဘာလုပ်ရမှန်းမသိ။ ပွဲစားလည်း မလုပ်ချင်၊ ရေမဆေးလည်း မရှာချင်။ ကျောက်ပြန်ဝယ်ဖို့ကလည်း ငွေက မရှိ။ အိမ်ထဲကနေ အပြင်မထွက်ရဲ။ အောက်ခြေသိမ်း ပြန်လုပ်ရအောင်ကလည်း သူငယ်ချင်းတွေ မြင်မှာစိုး။ ဒီလိုစဉ်းစားရင်းနဲ့ မူးယစ်ဆေးတွေစွဲ၊ လောပန်းဘဝနဲ့ မသေဘဲ ဖိုးသမားဘဝကျမှ လမ်းဘေးမှာ သေပြီး ဖျာလိပ်နဲ့ ဖြစ်သလိုသွားကြရတဲ့ လောပန်းကျတွေ မျော်ထဲမှာ ဒုနဲ့ဒေးပါ။ ဒါတွေက ဟိုးတစ်ချိန်တုန်းကပါလေ။

မသေဘဲ ကျန်နေကြတဲ့ လောပန်းကျတွေကြတော့ ရေမဆေးရှာလိုက်၊ ကောက်ရိုး လောပန်းလုပ်လိုက်၊ ကုန်ရင် ရေမဆေး ပြန်ရှာလိုက်။ ဒီလိုနဲ့ သံသရာလည်ပြီး မော်ကြာတွေဘဝနဲ့ ရာစုသစ်တစ်ခုကို ဖြတ်ကျော်လို့ နောက်ထပ်ရာစုသစ်တစ်ခုကို ဖြတ်ကျော်ဖို့ နိဒါန်းပျိုးလာကြပြီး ရည်မှန်းချက်နဲ့အတူ မမြင်ရတဲ့ မရေရာတဲ့ငွေရဖို့ ကျွန်တော်နဲ့ အတူ မော်ကြာ ညီတော် နောင်တော်များ မျှော်တလင့်လင့်နဲ့ စမ်းတဝါးဝါး လျှောက်နေကြဆဲပါ။

ဟိုးတုန်းက မော်ထဲမှာ သုံးနှစ်လောက်ကြာရင် မော်ကြာလို့ပြောကြစတမ်းဆိုရင် အခုမော်ထဲမှာရှိကြတဲ့ ဈေးသည်၊ ရေမဆေးသမား၊ ကောက်ရိုးလောပန်း၊ လောပန်းကြီး၊ ကုမ္ပဏီဝန်ထမ်းစတဲ့ ဆယ်စုနှစ်တစ်ခုကိုဖြတ်ကျော်ခဲ့ကြတဲ့ မော်ကြာမော်စောင့်နတ်တွေက မော်ကြာအကယ်ဒမီပေးမယ်ဆိုရင် အကယ်ဒမီ ၁၀ ခုလောက်ရမှာ အသေအချာပါ။ ဘာကြောင့်လဲဆိုတော့ အားလုံးက မော်ကြာတွေဖြစ်ကုန်ကြလို့လေ။

## ရွာမပြန်ချင်တော့တဲ့ မော်ကြာ

မော်ထဲမှာကြာလား၊ မကြာလားမမေးနဲ့။ ကိုယ့်ရွာက ထွက်လာခါစက နှပ်ချီးတွဲလောင်းနဲ့ ကလေးတွေက လူပျို၊ အပျိုတွေဖြစ်၊ တချို့ဆိုရင် အိမ်ထောင်ကျပြီး ကလေး လေးငါးယောက်တောင်ရနေကြပြီ။ ကိုယ့်ရွာကိုယ်ပြန်ရင်တောင် ဧည့်သည်လိုဖြစ်နေတော့ ရွာမှာလည်း ကြာကြာမနေချင်တော့ဘူး။ မိဘတွေရှိလို့သာ ရွာကို ခဏပြန်ရတာ။ ရွာမှာနေပြီး ငွေလည်း မရှာတတ်တော့ဘူးလေ။ နေနေကြဖြစ်တဲ့ မော်ထဲမှာပဲ ငတ်ချင်ငတ်၊ ပြတ်ချင်ပြတ်၊ လွတ်လွတ်လပ်လပ် နေသားကျတော့ မော်ထဲမှာပဲ နေချင်တော့တာပေါ့။

မော်ထဲမှာလည်း ရွာမှာထက်စာရင် ပျော်စရာတွေ ဘာတွေနဲ့ လိုအပ်တာ အကုန်ရနိုင်တယ်လေ။ ဘာသာရေးဘက်မှာ ကြည့်ပြန်ရင်လည်း ဘယ်ခေတ်တွေမှာမှ မရှိခဲ့ဘူး။ မမြင်ဖူးခဲ့တဲ့ တောင်တန်း၊ တောင်ကုန်းတွေပေါ်မှာ စေတီပုထိုးတွေ၊ မော်တိုင်း ရွာတိုင်းမှာ ဘုန်းတော်ကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေ၊ ဆေးရုံ၊ ဆေးခန်းတွေနဲ့ ကူညီရေးအသင်းအဖွဲ့တွေ အစစအရာရာပြီးပြည့်စုံနေတော့ ကိုယ့်ရွာကိုယ်ဘယ်ပြန်ချင်တော့မှာလဲ။ သာရေးနာရေးဖြစ်လာရင်လည်း မော်နေလူတန်းစား


တွေအချင်းချင်း ကူညီရိုင်းပင်းမှုတွေရှိနေပြန်တော့ မော်ထဲမှာပဲ ပျော်ကြတော့တာပေါ့။ ရှုမှာထက်စာရင် မော်ထဲမှာ နေရတာက ငွေရှာရတာ လွယ်ကူပြီး အောင်မြင်မှုဆိုတဲ့ ညီမှန်းချက်ပန်းတိုင်က တစ်ခဏအတွင်းမှာ ပြည့်ဝချင် ပြည့်ဝလာနိုင်တယ်လေ။ ဘယ်လို ပြောရပါ့မလဲ။

အောင်မြင်မှုပန်းတိုင်ကိုရောက်ပြီး ပျော်ရွှင်နေကြတဲ့ သူငယ်ချင်းတွေရဲ့ ပြည့်စုံတဲ့ဘဝလေးတွေကို စဉ်းစားရင်း အကြော်တဲကအပြန် ဘယာကြော်လေးကို လက်တစ်ဖက်က ကိုင်၊ တစ်ဖက်က ကျောက်ရှာတဲ့ စိန်တူကိုကိုင်ပြီး ရေမဆေးရှာဖို့ မြေစာပုံဘက်ကိုလျှောက်ခဲ့မိပါတော့တယ်။

(ရေမဆေးကျောက် ရှာတဲ့သူတိုင်း ကျောက်ကောင်းများ ရကြပါစေ ...)

(အမှတ် ၃၆၊ အတွဲ ၅၊ ၁၆–၆–၂၀၁၀၊ Weekly Eleven ဂျာနယ်)

**နိုင်ဖိုး(လုံးခင်း)**





# မော်ကြာ

မြန်မာလူမျိုးဟာ ကိုယ့်မွေးရပ် ကိုယ့်ဇာတိမြေကို ဘယ်နေရာ ဘယ်ဒေသကို ပဲရောက်ရောက် မေ့ပျောက်မသွားကြပါဘူး။ မွေးရပ်ဇာတိရွာကို မိဘတွေရှိလို့သာ ပြန်ရတာ သွားကိုမသွားချင်တော့ဘူး။ ပြောတာပြောနေကြတာ မိဘတွေတကယ်မရှိ တော့ဘူးဆိုရင်လည်း ငယ်စဉ်က ရွာမှာ သူငယ်ချင်းတွေနဲ့အတူ ကျောင်းသွား ပြန် ဆော့ကစားရင်းဆိုခဲ့ကြတဲ့ သီချင်းလေးတွေကိုကြားမိရင် ကိုယ့်မွေးရပ်ဇာတိမြေ ကို သတိရပြီး ပြန်မိကြတာပါပဲ။

ရွာမှာလယ်ထွန်ရင်း အဖေပြောခဲ့တဲ့စကားလေးကို ပြန်သတိရမိပါသေးတယ်။ "ငါ့သား ... အဖေမရှိတော့လို့ တခြားတစ်နေရာကို အိမ်ထောင်ကျသွားတာပဲဖြစ်ဖြစ်၊ စီးပွားရှာရင်း စီးပွားဖြစ်တဲ့နေရာမှာ ကြာကြာအခြေချနေထိုင်မိတာပဲဖြစ်ဖြစ် ကိုယ့် ကိုမွေးခဲ့တဲ့ ရွာလေးကိုတော့ တစ်နှစ်တစ်ခေါက်တော့ ပြန်လှည့်ကြည့်ပေးပါ"တဲ့။ "ဘယ်ဒေသရောက်ရောက် ကိုယ့်ဇာတိရွာကိုတော့ ပစ်မထားနဲ့။ ရတဲ့အချိန်လေးမှာ ကိုယ့်ရွာကို ခဏတဖြုတ်ပြန်နိုင်အောင်ကြိုးစားပါ"တဲ့။

"မော်ထဲမှာ ငါ့သား ရေမဆေးကျောက်ရှာလို့ရငွေပဲဖြစ်ဖြစ်၊ ကျောက်ဖြတ်ပြီး အောင်လို့ပဲဖြစ်ဖြစ် ရတဲ့ငွေအချို့ကို ရွာသူရွာသားတွေနဲ့တိုင်ပင်ပြီး ကိုယ့်ရွာလေး သာယာလှပအောင် ဆောင်ရွက်ပေးပါတဲ့။

မင်းမော်ထဲမှာ ကြာလား မကြာလားမမေးနဲ့။ မင်းမော်ထဲ တက်သွားတဲ့နှစ်မှာ မွေးခဲ့တဲ့ မင်းအစ်ကိုရဲ့သား မင်းရဲ့ တူ တူမတွေလည်း လူပျိုအပျိုကြီးတွေ ဖြစ်ကုန်ပြီ။ မော်ထဲမတက်ဘဲ ရွာမှာ မိရိုးဖလာတောင်သူအလုပ်ကိုလုပ်ရင်း ကျန်ခဲ့တဲ့ မင်းရဲ့ သူငယ်ချင်းတွေလည်း လယ်ပိုင်ယာပိုင်တွေနဲ့ အိမ်ဆိုလည်း တိုက်အိမ်တွေနဲ့ နေကုန် ကြပြီ။ မင်းက မော်ထဲမှာ ငွေရတယ်လို့သာ ကြားရတယ်။ အိမ်ကိုလည်း မရောက် ဘူး။ ရွာကိုလည်း အကျိုးမပြုဘူး''တဲ့။ တစ်ချိန်က အဖေပြောခဲ့တဲ့စကား

လေးတွေပါ။

အဖေပြောသလို ရွာကိုသွားကြည့်လိုက်တော့ အဖေပြောတာတွေထက်တောင် တိုးတက်နေကြပြီ။ မော်ထဲမတက်ဘဲ ရွာမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေက ကိုယ့်ထက်ကြီးပွားလို့။ မိသားစုသိုက်သိုက်ဝန်းဝန်းနဲ့ ပျော်လို့ရွှင်လို့။ ကိုယ့်မှာတော့ မော်ကြိုမော်ကြား၊ တောင်ကြိုတောင်ကြား ကမ်းပါးယံစောင်းလေးမှာ ယိုင်တိယိုင်တိုင်ဆောက်ထားတဲ့ တဲတစ်လုံးကလွဲပြီး ဘာမှပိုင်ဆိုင်မှုမရှိသေးဘူး။ ငွေရရင်လည်း ရလိုက်၊ ကုန်လိုက်၊ ပြန်ရှာလိုက်နဲ့ "မော်ကြာ"အိုကြီးကိုဖြစ်လို့။

ဟိုတုန်းက လယ်တစ်ဧကေ ကျပ် ၇၀၀၀၊ ၈၀၀၀ ဆိုတဲ့လယ်တွေ အခုဆို တစ်ဧကေ ကျပ်ငါးသိန်း၊ ခြောက်သိန်း။ တကယ်မြေညီဇာကောင်းတဲ့ လယ်တွေဆို ၁၀ သိန်း၊ ၁၅ သိန်းလောက်ရှိတယ်တဲ့။ ကျွဲနွားချောချောလှလှတစ်ရှဉ်းဆို ၁၀ သိန်း၊ ၁၁ သိန်းရှိတယ်။ ဒါတောင် အိမ်မပါသေးဘူး။ သူတို့ပိုင်ဆိုင်တာ အကုန်တွက်ကြည့်လိုက်ရင် သိန်း ၂၀၀၊ ၃၀၀ ရှိတယ်။ ကိုယ့်မှာက မော်ထဲမှာအနေကြာတဲ့ မော်ကြာဆိုတဲ့ဂုဏ်ပုဒ်ကလွဲပြီး ဘာမှမရှိသေးဘူး။

ရွာကိုခဏပြန်သွားရင် "ဖားကန့်မော်ထဲမှာနေတဲ့ ငါတို့ရွာက လောပန်းကြီး ပြန်လာပြီကွ"ဆိုပြီး ကြိုဆိုလိုက်ကြတာ။ ကိုယ့်မှာက အကြောင်းကြောင်းလေး တွေရှိလို့သာ ရွာပြန်ခဲ့ရတာ။ ငွေက တစ်ပြားမှပါမသွားတော့ စိတ်ကမလုံဘူး။ ပြောလိုက်ကြတာများ ဘယ်လယ်ထွန်စက်က ဘယ်နှသိန်း၊ စပါးခြွေစက်က ဘယ်နှသိန်း။ သိန်းပိုင်တွေချည်းပဲ။ ဖုန်းတွေဆိုလည်း တစ်ရွာမှာ နှစ်လုံး၊ သုံးလုံး ဘယ်ကို ဘာပြောမလဲ။ သတင်းနဲ့ ပတ်သက်ရင်လည်း ဘယ်မှာ ဘာဖြစ်နေတယ် ဆိုတာ သူတို့က ပိုတောင်သိနေသေးတယ်။ ကိုယ့်မှာက ဘာမှပြစရာမရှိတော့ ရွာမှာ ကြာကြာမနေချင်တော့ဘူး။ တစ်ပတ်လောက်နေပြီး မော်ထဲတက်ပြေး ခဲ့ရတယ်။

မော်ထဲရောက်ရင် ကြိုးစားပြီး ငွေရှာမယ်ပေါ့။ စိတ်ကူလေးနဲ့။ ဒါပေမဲ့ မော်ထဲရောက်ပြန်တော့လည်း ဘော်ဒါတွေနဲ့ အပျော်အပါးတွေနဲ့ ဒုံရင်းဟာ ဒုံရင်းပါပဲ။ ကျောက်ဆိုတဲ့ ရတနာပစ္စည်းကလည်း ဘယ်လောက်ပဲ နေ့ရောညပါ ဖွဲလုံ့လ ဝီရိယနဲ့ ရှာရှာ ကံကောင်းမှ ကံပေးမှ ရတာ။ တချို့ ရေမဆေးသမားတွေဆို ကံကောင်းလို့ သိန်းရာကျော်ကျောက်ရရင်လည်း ရွာကိုမပြန်ကြဘူး။ နောက်ထပ်

နီးပေါင်း ထောင်ပိုင်း၊ သောင်းပိုင်းရအောင်ဆိုပြီး မော်ထဲအခေါ် ကောက်ရိုး လာပန်းလုပ်နေကြတယ်။ ကျောက်ကြည့်ဓာတ်မီးလေး ခါးမှာချိတ်၊ ကားရား ားရားနဲ့ ကျောက်မရှာတော့ဘဲ ရေမဆေး ကျောက်ပြန်ဝယ်လိုက်၊ ပြန်ရောင်း ိုက်။ တစ်ခါတလေ ဝယ်ရင်းအတိုင်း မရလို့ဆိုပြီး ဖြတ်လိုက်၊ ရှုံးပြန်ရော။ နောက် ထပ် ကျောက်တစ်လုံး အရေစလေး တစ်စက်နှစ်စက်မြင်လို့ လောဘကြီးပြီး ကိုယ့် ဆီမှာရှိတဲ့ ဆွဲကြိုးနဲ့ မိန်းမဆီမှာဆင်ထားတဲ့ ရွှေတွေကိုပေါင်ပြီး ဝယ်လိုက်တော့လည်း ရေမဆေး ရွှံပြန်သုတ်ထားတဲ့ ကျောက်နဲ့ညားလို့ ရှုံးပြန်ရော။ ဒီလိုနဲ့ သံသရာလည်ပြီး မော်ထဲကို ကိုယ့်ရွာထင်လို့ နေလက်စနဲ့ နေလာခဲ့ကြတာ မော်ထဲမှာ မော်ကြာချင်း ညားလို့ရတဲ့ ကလေးတွေတောင် ၁၀ တန်းအောင်ကုန်ကြပြီ။

အကယ်၍ ကံကောင်းပြီး သိန်းထောင်ငွေ၊ သောင်းငွေရပြန်တော့လည်း ကိုယ့်ရပ်ကိုယ့်ရွာမှာ ပြန်အခြေချနေထိုင်ကြတာလည်းရှိပါတယ်။ တချို့ဆို မြို့ကြီးတွေ မှာ တိုက်ကြီးတာကြီးတွေ သွားဆောက်ထားပြီး သွားမနေကြတာလည်း ရှိတယ်။ အချို့ကျတော့လည်း မော်ထဲမှာလုပ်ရင်းကိုင်ရင်း ကျောက်ဝယ်ဖို့ငွေလိုလို့ ပေါင်လိုက် တာကစပြီး ပြန်မရွေးနိုင်လို့ ဆုံးရှုံးသွားကြတာလည်း ရှိတယ်။

မော်ထဲမှာ ကိုယ့်ထက်သာတဲ့လူတွေကိုကြည့်ပြီး ရတာလေးနဲ့ မတင်းတိမ်နိုင် ကြဘူး။ ကုမ္ပဏီလောပန်းကြီးတွေ၊ သူဌေးကြီးတွေဖြစ်အောင်ကြိုးစားရင်းနဲ့ ရလိုက် ကုန်လိုက်။ တချို့ဆို မူးယစ်ဆေးဝါးတွေစွဲပြီး ဘဝဆုံးရှုံးကြရတဲ့ ရေမဆေးသမား တွေ၊ ကောက်ရိုလောပန်းလေးတွေ၊ လောပန်းကြီးတွေ ဘဝပျက်ပြီး တွေ့တဲ့အလုပ် ကို လုပ်ကြရတဲ့ မော်ကြာတွေ ဒုနဲ့ဒေးပါ။

ရာသီချိန်ရောက်ပြီဆိုတာနဲ့ ဖားကန့် ရတနာမော်မြေက ကျောက်စိမ်းတူးဖော် နေကြတဲ့ ကုမ္ပဏီတွေက မြေစာပစ်ကြတဲ့ကားများဟာ သူ့ထက်ငါ အပြိုင်အဆိုင် မြေစာပုံဆီ တန်းစီပြီးသွားနေကြတာကို တွေ့ရှိရပါတယ်။ ကုမ္ပဏီတစ်ခုမှာ မြေစာ တင်ကားကြီးအစီး ၅၀ မှ ၁၀၀ အထိရှိကြပြီး ကုမ္ပဏီလုပ်ကွက်သက်တမ်း မကုန် မီ ပြီးအောင် လုပ်နေရသည့်အတွက် မြေစာတင်ကားကြီးတွေဟာ လုပ်ကွက်မှ မြေစာပုံအထိ ပြတ်တယ်လို့မရှိပါဘူး။

နေ့ဆိုင်း၊ ညဆိုင်း နှစ်ချိန်ခွဲပြီး အလှည့်ကျ အချိန်ကို အလုအယက် လုပ်နေ ကြရတော့ ယာဉ်မောင်းတွေက အလှည့်ကျ နားလို့ရပြီး ကားတွေကတော့

နားရတယ်လို့ မရှိပါဘူး။ အဲဒီအားလုံးထဲမှာ နေ့ရောညပါ မအိပ်နိုင်၊ မစားနိုင် အချိန်ရှိတိုင်း အလုပ်လုပ်နေကြရသူတွေကတော့ ရေမဆေးသမားတွေပါ။

မြေစာကားတွေ တစ်နေ့လုံးပစ်ရင် တစ်နေ့လုံးရှာမယ်။ တစ်ညလုံးပစ်ရင် တစ်ညလုံးရှာမယ်။ အဓိကက ကျောက်ကောင်းကောင်းရဖို့ပဲတဲ့။ ဘယ်အချိန်မှာ အိပ်ကြသလဲတော့ မသိဘူး။ လူငယ်တွေဆိုတော့ ခံနိုင်ရည်အားရှိကြတယ်လေ။ လူကြီးတွေဆို တစ်ည၊ နှစ်ညဆိုရင် မြေစာပုံမှာတင် လဲကျသွားနိုင်တယ်။ တချို့ ရေမဆေးသမားတွေ တစ်ပတ် ၁၀ ရက် အိမ်ကိုတောင်ပြန်မအိပ်ကြဘူး။ မြေစာပုံနား တစ်လျှောက် တဲထိုးပြီး အိပ်နေကြတာကိုလည်း တွေ့ရတယ်။ မြေစာပုံမှာ ဈေးဆိုင်တွေလည်း ရှိကြတော့ စားဖို့သောက်ဖို့ ပူစရာမလိုဘူးလေ။

မြေစာပုံဈေးဆိုင်ဆိုပြီး အထင်တော့ မသေးလိုက်နဲ့။ ကာရာအိုကေကအစ အကုန်ရှိတယ်။ ဘယ်မှော်၊ ဘယ်မြေစာပုံမဆို ကြည့်လိုက်ရင် ရေမဆေးရှာတဲ့လူတွေ တစ်နှစ်ထက်တစ်နှစ် ပိုပြီးများလာတာကို တွေ့ရပါတယ်။ လူငယ်မှ မဟုတ်ဘူး။ အသက် ၅၀ ကျော်အရွယ်လူကြီးတွေလည်း လာရှာကြတာကို တွေ့ရပါတယ်။ မိန်းမတွေလည်း နှစ်ယောက် သုံးယောက်စုပြီး ပေါက်ပြားတိုလေးနဲ့ မြေစာပုံမှာ ယက်ပြီး ရှာနေကြတာကိုလည်း တွေ့ရတယ်။

"ယောက်ျား ရေမဆေးသမားကိုချည်း အားကိုးလို့ မရဘူးလေ။ ကျောက်မျိုး နှစ်လုံး၊ သုံးလုံးရရင် ထမင်းဖိုး၊ ဟင်းဖိုးအတွက် လောပန်းပေါက်စလေးတွေကို ခေါင်ခိုင်းလိုက်ရင် ရပြီ။ သေးသေးလေးနဲ့ ကြိုးပတ်ရရင် ထောပြီပေါ့"ဟု ရေမဆေး ရှာနေတဲ့ မိန်းမတစ်ယောက်က ပြောပြသည်။

ရာသီချိန်လေးတွေမှာ ရေမဆေးသမားတွေကိုကြည့်လိုက်ရင် ရွှေတိုရွှေစလေး တွေနဲ့။ ခါးမှာလည်း ငါးသိန်းတန် CDMA ဖုန်းတွေချိတ်လို့။ သူတို့တစ်တွေ မှော်ထဲမှာ ၁၀ နှစ် ၁၅ နှစ်ဘဝကိုနှစ်ပြီး ငတ်လိုက်ပြတ်လိုက် ဆင်းရဲဒုက္ခခံပြီးနေလာ ခဲ့ကြတဲ့ အချိန်တွေကလည်း မနည်းတော့ဘူးလေ။ အခုလိုအဆင်ပြေတာလေး တွေကို ကြည့်ပြီး ဝမ်းမြောက်မိပါတယ်။

မှော်ထဲမှာ ကျင်လည်ကျက်စား လုပ်ကိုင်နေကြတဲ့ ရေမဆေးသမားတွေ၊ ကောက်ရိုးလောပန်းတွေ၊ လောပန်းကြီးတွေဟာ ကျောက်လောကမှာ စီးပွားရေး အရ ဘယ်လောက်ပဲ ဝေ့ဝိုက်လှည့်လည်လုပ်စားနေကြပေမယ့် အလုပ်အတန်းနဲ့

တ်သက်လာရင် စေတနာ၊ သဒ္ဓါဘာယ်လောက်ရှိတယ်ဆိုတာကို ကရင်ချောင်မှော်ကထိန်ပွဲက ငွေပဒေသာပင်တွေကို ကြည့်ပြီး မှန်းတာဖွားမိပါတယ်။

ယခုအချိန် မှော်ထဲမှာ ရေမဆေးကျောက်ရှာလို့ရတဲ့ ငွေလေးနဲ့ ရသလောက်ရောင့်ရဲတင်းတိမ်ပြီး ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်လို့ ကိုယ့်ရွာကလေးသာယာလှပအောင်ပြုပြင်ပြီး အဖေ၊ အမေနဲ့အတူ ညီအစ်ကိုမောင်နှမများနဲ့ ပျော်ပျော်ရွှင်ရွှင်အေးအေးချမ်းချမ်း နေထိုင်နိုင်ကြပါစေ။ ရေမဆေးကျောက် ရှာလို့ရတဲ့ငွေနဲ့ ကိုယ့်ပ်ကိုယ့်ရွာမှာ လိုအပ်တာတွေကို ပြုပြင်လှူဒါန်းနိုင်ကြပါစေ။

(အမှတ် ၁၅၊ အတွဲ ၆၊ ၁၂-၁-၂၀၁၁၊ Weekly Eleven ဂျာနယ်)

**နိုင်မိုး(လုံးခင်း)**



# ရေမဆေးသမား
# တစ်ယောက်ရဲ့
# ရင်ဖွင့်လွှာ



# ရေမဆေးသမားတစ်ယောက်ရဲ့ ရင်ဖွင့်လွှာ

နေ့လယ် ၁၂ နာရီ လွင်တီးခေါင် မြေစာပုံမှာ နေခြစ်ခြစ်တောက်ပူနေတဲ့အချိန် ကုမ္ပဏီတွေက မြေစာလာပစ်ကြတဲ့ ကားသမားတွေဟာ သူတို့အချိန်ပြည့်ကြလို့ ကုမ္ပဏီပြန်ပြီး ထမင်းစား၊ အနားယူကြပြီ။ ရေမဆေးသမားတွေကလည်း ကိုယ့် အိမ်ကိုယ့်တဲကို ထမင်းစား ပြန်သူကပြန်၊ ပိုက်ဆံပါသူကလည်း ရေမဆေးကုန်း ထမင်းဆိုင်တွေမှာ သောက်စားရင်း အနားယူသူကယူ၊ အနားယူမချင်သူတွေကလည်း ခိုးဝှက်ရတဲ့ မြေစာပုံဘေးမှာ ပေါက်တူးပြားလေးတွေနဲ့ယက်ပြီး ရှာနေကြတာလည်း ရှိလေရဲ့။

ဆိုင်ကယ်ရှိသူတွေကတော့ ကိုယ့်အိမ်ကိုယ့်တဲကို ဘယ်လောက်ဝေးဝေး ခဏ လေးအတွင်း အသွားအပြန် လုပ်ကြတယ်။ မရှိတဲ့သူတွေကျတော့ မနက်ကတည်းက တဲကနေပြီး စိန်တူထည့်တဲ့ ရှုံကြိုးအိတ်ထဲ ဟင်းနဲ့ထမင်းလေးကို ကြွပ်ကြွပ်အိတ် နဲ့ထုပ်ပြီး ယူလာခဲ့ကြတာလည်း ရှိကြလေရဲ့။ ကျွန်တော်ကတော့ နေတာက ကုမ္ပ မျော်၊ ကျောက်လာရှာတာက မျော်စီစာမျော်က မြေစာတွေကိုပစ်တဲ့ ငြိမ်းချမ်းသာယာ က မြေစာပုံ။ ဝေးတော့ မပြန်ချင်တော့ဘူး။ နေက ခြစ်ခြစ်တောက်ပူနေတော့ စပ်ရာမြေစာပုံရဲ့အရိပ်မှာထိုင်ပြီး အိတ်ထဲက ထမင်းဘူးကိုထုတ်ပြီး ဆာဆာနဲ့ အားရပါးရ စားနေတယ်။

အဲဒီလို မပြန်နိုင်သူတွေအထဲမှာ ကျွန်တော်လည်း အပါအဝင်ပါ။ ထမင်းစား နေတဲ့အချိန် မြေစာပုံနားက သစ်ခြောက်ပင်အိုရဲ့ အကိုင်းပေါ်က ဥဩငှက်တစ် ကောင်ရဲ့အသံက ကျွန်တော့်ရင်ကို လှုပ်ခတ်စေပါတယ်။ နေကာပူ အရိပ်ဆိုတာ လည်း ကျေးဇူးရှင် ဒီမြေစာပုံကလွဲပြီး သစ်ပင် တစ်ပင်မှမရှိ။

ရှိပြန်တော့လည်း အကိုင်းအခက်တွေက ခြောက်ကပ်ပြီး အရိုးနှင့်အပြိုင်းပြိုင်း။ အနီးနားက တောင်တွေကို ကြည့်ပြန်တော့လည်း သစ်ပင်ဆိုတာ နတ္ထိ။ နီကြန့်ကြန့်

မြေကမ်းပါးယံ ကြီးတွေ။ မြေစာတွေကို မနိုင်မနင်းတင်ပြီး တရွေ့ရွေ့သွားနေကြတဲ့ ကုမ္ပဏီက မြေစာတင်ကားတန်းကြီးတွေကြောင့် တလုံးလုံး ထနေကြတဲ့ ဖုန်လုံးကြီးတွေ။ တောင်ကတုံးတွေပေါ်မှာ ဆောက်ထားတဲ့ ကုမ္ပဏီအဆောက်အအုံတွေရဲ့ ခေါင်မိုးပေါ်က သွပ်ပြားတွေကို နေရောင်ထိုးတဲ့ အရောင်တွေက တလက်လက်။

တစ်ချိန်က စိမ်းလန်းစိုပြည်ခဲ့ကြတဲ့ တောင်တန်းကြီးတွေက အခုအချိန်မှာ ထိုးဆွဖွဲ့ရွှဲ၊ ဖြိုချခံရတဲ့ ဒဏ်တွေကြောင့် ကယ်မယ့်သူကို မျှော်လင့်ရင်းနဲ့ ရှိုက်သံတွေ ငိုကြွေးသံတွေကို နားထဲမှာ ကြားနေသယောင်ယောင်။ ရင်ကိုချမ်းမြေ့စေတဲ့၊ မျက်စိအေးမြစေတဲ့ မြင်ကွင်းကမရှိ၊ ရှိပြန်တော့လည်း မိုင် ၁၅ မိုင်လောက်မှာရှိကြတဲ့ မှုန်ရီပိုးတဝါး မြင်ရတဲ့ ညို့မှိုင်းမှိုင်း တောတောင်တန်းတွေတော့ရှိကြလေရဲ့။ ဒါပေမဲ့ သူတို့ရဲ့ အေးမြမှုက ပူလောင်နေတဲ့ ရေမဆေးသမားတစ်ယောက် ကျွန်တော်ရဲ့ ရင်ကိုတော့ အေးချမ်းမှု မပေးနိုင်တာက အမှန်ပါပဲ။

လွမ်းစရာတွေက ရင်ထဲမှာ အပြည့်ဖြစ်လာခဲ့တယ်။ ဘယ်သူ့ကို လွမ်းရမလဲ။ ချစ်သူကိုလွမ်းရအောင်ဆိုတာကလည်း ငွေမရှိတော့ ငြင်းဆန်ခြင်းခံခဲ့ရလို့ အချစ်ဆိုတာလည်း မရှိ။ နောက်ဆုံး လွမ်းစရာဆိုလို့ မွေးရပ်ဇာတိရွာလေးရယ် ... အမေအိုရယ်ပါ။

မော်ထဲရောက်တာကလည်း ငါးနှစ် ငါးမိုးရှိခဲ့ပါပြီ။ ထင်သလိုလည်း ငွေကို ရှာလို့မရခဲ့။ အခုလိုပဲ ရေမဆေးသမားဘဝပဲရှိနေဆဲမို့ မော်ထဲ တက်ခါနီး အမေ ပြောခဲ့တဲ့ စကားလေးကိုကြားယောင်ရင်း အမေ့ရဲ့ဆန္ဒလေးကို ဘယ်အချိန်မှာ ဖြည့်ဆည်းပေးနိုင်မလဲဆိုတာ စဉ်းစားမိပါတော့တယ်။

## အမေ့ရဲ့စကား

"ငါ့သား မင်းအဖေ ဆုံးသွားပြီဆိုတဲ့နေ့ကစပြီး ဘာကိုမှလိုချင်တဲ့စိတ် မရှိတော့ပါဘူး သားရယ် ...။ ဒါပေမဲ့ ခေါင်းရင်း အဘွားတင်တို့အိမ်က နေ့တိုင်းလိုလို ကက်ဆက်တရားခွေလေးဖွင့်တိုင်း အမေတရားနာလေ့ရှိပါတယ်။ အခုရက်ပိုင်း သူတို့အိမ်က တရားခွေဖွင့်သံ မကြားရတော့ဘူး။ တခြား ကွိကွိကွကွအသံတွေတော့ ကြားရနေတယ်။ ဒါကြောင့် ... ကိုယ့်ဟာနဲ့ကိုယ် တရားနာဖို့ ကက်ဆက်ဝယ်ချင်တယ်။ ဒါပေမယ့် ငွေမရှိတော့ မဝယ်နိုင်ပါဘူး သားရယ် ..."တဲ့။

တရားသံကို မကြားရတော့ မြေးမလေးကို ခေါ်၊ မြေးအဘွားနှစ်ယောက် တုန်ချိတုန်ချိနဲ့ အဘွားတင်အိမ်ဘက် ထွက်သွားလေရဲ့။ "အမေ သွားစုံစမ်းကြည့် တော့ သူ့မြေးမိန်းကလေးတွေက နိုင်ငံခြား သီချင်းတွေချည်း ဖွင့်နေကြတာ။ "ငါလည်း ပြောမရဘူး။ ငါလည်း မင်းလို တရားနာချင်တာ မနာရဘူး သူငယ်ချင်း ရယ်"လို့ ပြောခဲ့တဲ့ အဘွားတင်ရဲ့ စကား။ နောက်ဆုံး ခေါင်းပေါ်ကို ယောဂီ တဘက်တင်ပြီး ပြန်လာခဲ့တဲ့ အမေ့ရဲ့ပုံရိပ်လေးကို မြင်ယောင်မိတယ်။ ဒီလိုနဲ့ ရေမဆေးကျောက်ရှာပြီး တဲကိုအပြန် စဉ်းစားမိတာနဲ့ အမေ့ဆီစာတစ်စောင် ရေးပို့လိုက်တယ်။

သို့

*အနန္တဂိုဏ်းဝင် ကျေးဇူးရှင်အမေ ...*

*ဖားကန့် ရတနာမော်နယ်မြေရောက် အမေ့သား ရေမဆေးသမားလေး ကျွန်တော် စာရေး လိုက်ပါတယ်။*

*ရတနာမော်နယ်မြေကိုရောက်ပြီဆိုတာနဲ့ ရွာကသူငယ်ချင်းတွေထက် မသာရင် တောင် တန်းတူနေနိုင်ဖို့၊ အမေလိုချင်တဲ့ အရာဝတ္ထုလေးတွေ၊ သားရဲ့ရည်မှန်းချက် တွေပြည့်စုံအောင် ကုမ္ပဏီတွေက မလိုချင်လို့ စွန့်ပစ်ကြတဲ့ မြေစာပုံမှာ နေ့မနား ညမနား ဓာတ်မီးတစ်လက်၊ စိန်တူတစ်ချောင်း၊ ဘေးလွယ်အိတ်အစုတ်ကလေးနဲ့ ကျောက်ကောင်းတစ်လုံးရဖို့ သားကြိုးစားနေပါတယ် အမေ။*

*ဒါပေမဲ့ အမေ မော်ဆိုတာ လှည့်စားခြင်းတဲ့။ မော်ကပဲ လှည့်စားတာလား။ လူတွေကပဲ လှည့်စားတာလား မသိတော့ဘူး အမေ။ အဲဒီလို လှည့်စားမှုတွေထဲမှာ သားလည်း ခံခဲ့ရတဲ့အကြောင်းကို အမေသိအောင် ပြောပြချင်တယ်။*

*တစ်နေ့ မြေစာပုံရဲ့တစ်နေရာမှာ မျောချီးတွေ ရွှံ့တွေ ပေကျံနေတဲ့ တစ်ပိဿာ ကျော် ကျောက်တစ်လုံးကို သား ကောက်ရခဲ့တယ်။ ရွှံ့တွေနဲ့ ပေပွနေတော့ ကျောက် မိမှန်းတောင် မသိရဘူး။ တစ်နေရာမှာ မြေစာပုံပေါ်က လိမ့်ကျခဲ့လို့ ပွဲသွားတာ လား။ ဒါမှမဟုတ် အခြားကျောက်တွေကပဲ မှန်လို့လား မသိဘူး။ မြေပဲဆံ တစ်လုံး လောက်အရွယ် ပေါင်းလောင်းပေါက် ဟိုဘက်ဒီဘက် အဝိုင်းသား မြင်နေရတယ်။*

*အဲဒီနေ့ကဆိုရင် သား ပျော်လိုက်တာအရမ်းပဲ။ သားပိုက်ဆံရရင် အမေ့ အတွက် တရားခွေဖွင့်ဖို့ ကက်ဆက်တစ်လုံး ဝယ်ပေးနိုင်တော့မယ်ပေါ့။ ကက်ဆက်*

တောင် မဟုတ်ဘူး အမေ။ သားရတဲ့ ကျောက်ရဲ့အတိုင်းအတာက သိန်းပေါင်း များစွာရမယ် ဆိုရင်တော့ အပေါ်စက်၊ အောက်စက်အစုံ နည်းတောင် နည်းသေးတယ်။ ဒါတင် မကဘူး။ ရွာမှာ တိုက်ကြီးကို ဟိန်းနေအောင်ဆောက်ပြီး အမေ့ကို ကောင်းကောင်း ထားနိုင်ပြီပေါ့ ဆိုတဲ့ စိတ်ကူးတွေယဉ်ပြီး သား ပျော်လိုက်တာ။

ပျော်လို့တောင် မဆုံးသေးဘူး။ သားရဲ့ရေမဆေးလောပန်းရဲ့ စကားတစ်ခွန်း ကြားလိုက်ရတော့ သားအိပ်မက်ကမ္ဘာလေး အရည်ပျော်သွားခဲ့တယ် အမေ။ “မင်းရဲ့ကျောက်က ထင်သလောက် မဟုတ်ပါဘူး။ အမြှုပ်တွေပါတယ်။ အမြင့်ဆုံးရမှ သိန်း ၅၀၊ ၆၀ ပဲရမယ်”တဲ့။

ကျောက်စိမ်းတုံးက လိမ်တာလား။ လောပန်းကပဲ လိမ်တာလား။ ဝေခွဲမရဖြစ်နေမိတယ် အမေ။ ဘယ်လိုပဲဖြစ်ဖြစ် လောပန်းက လိမ်တော့မှာကိုတော့ သားသိနေပါပြီ။ သူ့ရိက္ခာစားပြီး နေရတဲ့ဘဝမို့ ဘာမှပြောပိုင်ခွင့် မရှိတော့ပါဘူး။ ကိုယ်ရခဲ့တဲ့ကျောက် ကိုယ်ပြန်မြင်ရဖို့တောင် မလွယ်တော့ဘူး အမေ။

သားမှာဖြင့် စိတ်ကူးထဲမှာ ငါတော့ သိန်းရာပိုင်း ကိုင်ရပြီပေါ့။ ရရင် ညီလေးလည်း ရှင်ပြုပေးမယ်။ အမေလိုချင်တဲ့ ကက်ဆက်လေးလည်း ဝယ်ပေးမယ်။ ယိမ်းယိုင်နေတဲ့ အမေ့ဝါးအိမ်လေးကိုလည်း ပြန်ပြင်ဆောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်တွေက သားရင်ထဲမှာ အပြည့်ပါ။

အခုဖြစ်နေတဲ့အခြေအနေက ဘာမှပြောလို့မရသေးဘူး အမေ။ မှော်ဆိုတာ လုညွှစားခြင်းတဲ့။ အခုတော့ မှော်က မလုညွှဘဲ လူတွေက လုညွှစားတော့မယ် အမေ။ ကျောက်ရတဲ့နေ့ကစပြီး လူကိုစိတ်ညစ်အောင် အမျိုးမျိုး ပရိယာယ်ဆင်ပြီး လုပ်နေလိုက်တာ အမေ။ အဲဒီလိုမာယာတွေဆင်ပြီး သူဖြတ်တဲ့ဈေးနဲ့ပေးပြီး ရွာကို ပြန်နိုင်းတော့မှာလေ။ တကယ်တော့ သူက ရိက္ခာစိုက်။ ကျွန်တော်က လုပ်အားစိုက်။ ကျောက်ရရင် တစ်ဝက်စီခွဲယူကြစတမ်းဆိုပြီး လုပ်ခဲ့ကြတာပါ။ အခု ကျောက်ရတော့ အပုံ ၁၀၀ မှာ ၁ ပုံလောက်ရတော့မယ့်ကိန်း ဆိုက်ရောက်နေပြီ အမေ။

တကယ်တော့ ရေမဆေး လောပန်းဆိုတာ အရမ်းချမ်းသာတဲ့ သူဌေးတွေ တော့ မဟုတ်ပါဘူး။ ရိက္ခာရှိတဲ့သူက မရှိတဲ့သူကို စားစာရိတ်ထောက်၊ သူ့ကံ ကိုယ့်ကံစပ် လက်တွဲပြီး ကျောက်ရရင် တစ်ဝက်စီ ဝေမျှခံစားဖို့ စိတ်တူကိုယ်တူ

လုပ်ခဲ့ကြတာပါ။ အခုတော့ ကိုယ့်ဖို့သာကြည့်ပြီး သူကတော့ ဘယ်လိုနေနေဆိုတဲ့ သဘော။ အဲဒီလိုပဲ မော်ထဲမှာက ကိုယ့်ဖို့ကြည့်တဲ့လူတွေက အများဆုံး တွေ့နေရတယ်။ သူ့ဖို့ကြည့်တဲ့လူဆိုတာ ခပ်ရှားရှားပါ အမေ။

တချို့ ရေမဆေးသမားဘဝကတက်တဲ့ လောပန်းတွေကြတော့ ကိုယ်ချင်းစာတရားထားပြီး သူ့အစုနဲ့သူ အပြည့်ပေးကြတာလည်း ရှိပါတယ်။ ဒါပေမဲ့ တစ်ရာမှာ တစ်ယောက်ရှိတာပါ။ အဲဒီတစ်ယောက်ဟာ သားရဲ့ ရေမဆေးလောပန်းမဟုတ်ဘူး ဆိုတာ အမေကြိုသိမှာပါ။

တစ်နေ့ သားရေမဆေးရှာရာကအပြန် မျက်နှာမရွှင်မပျနဲ့ တဲရှေ့မှာထိုင်နေတဲ့ သားရေမဆေးလောပန်းကို တွေ့လိုက်ရတယ်။ ကျွန်တော် အဝတ်အစားတွေလဲနေတုန်း ဆောင့်ဆောင့်အောင့်အောင့်နဲ့ တဲပေါ်ကိုတက်သွားပြီး ပြန်ဆင်းအလာ ရော့ မင်းရခဲ့တဲ့ကျောက် သိန်း ၅၀ နဲ့ရောင်းလိုက်ပြီ။ ရော့ မင်းအတွက် ဝေစု ၂၅ သိန်းတဲ့။ ကျွန်တော်ငွေကိုကိုင်ပြီး စိတ်မကောင်းဖြစ်မိတယ် အမေ။ တကယ်တော့ လောပန်းနဲ့ ရေမဆေးတိုင်ပင်ပြီး ရောင်းသင့်တယ်လို့ ထင်တယ်။ အခုတော့ ငါက လောပန်း။ ငါ့သဘောနဲ့ငါ ရောင်းလိုက်ပြီဆိုတဲ့သဘောပေါ့။ ကျွန်တော် ဘာတတ်နိုင်မှာလဲ အမေ။ သားတို့ချမ်းသာဖို့အချိန် မရောက်သေးဘူးလို့ ပြောရမလား။ ဘယ်လိုပဲဆိုဆို သား ကံမကောင်းသေးဘူးလို့တဲ့ ပြောရမလား မသိဘူး အမေ။ အလိမ်ခံရပြီဆိုတာ သိလိုက်ရပြီ အမေ။

မော်ထဲမှာ ၁၀ နှစ် ၁၅ နှစ်နေပြီး သိန်းရာကျော်ကျောက်တောင် မရဘူးတဲ့သူတွေဒုနဲ့ဒေးပါ။ သိန်းထောင်ကျောက်ဆိုဝေးပေါ့။ အခုသားရတာက ထောင်ကျောက်မှ ထောင်ကျောက်အစစ်။ လေးငါးထောင်မရလည်း တစ်ထောင်ပဲရတယ်ထားဦး။ သိန်း ၅၀၀ ရရင်တောင် သားကျေနပ်ပါတယ် အမေ။ အဲဒီ ၂၅ သိန်းဆိုတဲ့ ငွေကိုယူပြီး သားဘာလုပ်ရမှာလဲ။

အဲဒီငွေလောက်ကိုတော့ ရွာမှာနေပြီး ရှာရင်လည်း ရတာပဲ အမေ။ အဲဒီလောက် မကာရချင်လို့ ရွာမှာအမေ့ကို တင့်တောင့်တင့်တယ် ထားချင်လို့ မော်ထဲမှာ ဒုက္ခခံပြီးနေလာတာ အမေ အသိဆုံးပါ။ အခုထိ လူနဲ့တူတဲ့သူ မတွေ့သေးပါဘူး အမေ။ သူများ မလိုချင်လို့ စွန့်ပစ်တဲ့မြေစာပုံမှာ သားထောင်ကျောက် ရပါလျက်သားနဲ့ စားရဖို့ကံ မကြုံသေးဘူးလို့ အောက်မေ့ရမလား မသိဘူး အမေ။

*လောပန်းအလိမ်ပေါ်ပြီ။ တစ်လမကြာပါဘူး အမေ။ သားရတဲ့ ကျောက်ကို သိန်း ၃၀၀၀ နဲ့ရောင်းရတယ်ဆိုတဲ့ သတင်းကြားလိုက်ရတယ်။ ကျောက်ရဲ့အလုံး အဖန်နှင့် အရွယ်အစားကို စုံးစမ်းလိုက်တော့ သားရခဲ့တဲ့ကျောက်ဆိုတာ အတိအကျ သိလိုက်ရတယ်။ အဲဒီနေ့ဆို သားတစ်ညလုံး အိပ်မရခဲ့ဘူး အမေ။ ပြောဘ် . . . ငါ ငွေရကိန်းမကြုံရသေးလို့ နေမှာပါဆိုတဲ့အသိနဲ့ ဖြေသိမ့်ခဲ့ရတယ်။*

*တကယ်တော့ သူ့ရဲ့လုပ်ရပ်က လိမ်စား၊ လှည့်စားတာ သက်သက်မဟုတ်ဘူးလား အမေ။ မှော်ထဲမှာ ပြောနေကြတဲ့ စကားတစ်ခွန်းရှိတယ်။ ကျောက် ရကံရှိပေမယ့် စားရကံမရှိရင် ဘယ်တော့မှ လောပန်းမဖြစ်ဘူးတဲ့။ အမေ့သား ကံမကောင်းသေးဘူး အမေ။*

*စဉ်းစားလိုက်ရင် ကိုယ့်ဘက်ကကြည့်တော့ သူညစ်ပတ်တာသိသိကြီးပါ။ သူ့ဘက်ကကြည့်တော့ သူကံကောင်းတဲ့အချိန်။ ငွေရကိန်းရှိတဲ့အချိန်လို့ ဆိုရမှာပေါ့။ သူလည်း ဒီလို အချိန်ကောင်းရဖို့ မှော်ထဲမှာ ဘယ်နှနှစ်စောင့်ခဲ့ရသလဲ သားလည်း မသိဘူး။*

*မှော်ဆိုတဲ့အတိုင်း လိမ်လည်လှည့်စားနေကြတဲ့သူတွေ၊ တစ်ဖက်လူ ဘယ်လိုနေနေ ငါရရင်ပြီးရောဆိုတဲ့သူတွေ ရှိနေသရွေ့တော့ ရေမဆေးသမားဘဝက မတက်နိုင်ဘဲ မှော်ကြာဆိုတဲ့ ဂုဏ်ပုဒ်ကို လည်မှာဆွဲပြီး သားမှော်ထဲမှာပဲ ခရီးဆက်သွားနေရဦးမှာပါ အမေ။*

*ဒီနှစ်ပွင့်လင်းရာသီ ရောက်ရင်တော့ ကိုယ်ချင်းစာတတ်တဲ့ ရေမဆေးလောပန်းနဲ့အတူ ကျောက်ရအောင် ကြိုးစားရှာပြီး အမေ လိုချင်တဲ့ ကက်ဆက် ဒါမှမဟုတ် တီဗွီအကြီးကြီးတစ်လုံး ဝယ်ပြီး အမေ့ဆီ သား အရောက်ပြန်လာခဲ့မယ် အမေ။*

*အမေ့ကို အမြဲသတိရနေတဲ့*
*မှော်ထဲက အမေ့ရဲ့သား ရေမဆေး*

(အမှတ် ၇၊ အတွဲ ၄၊ ၂၆-၁၀-၂၀၁၀၊ Weekly Eleven ဂျာနယ်)

**နိုင်မိုး(လုံးခင်း)**



# ခေတ်ပျက်ဘဝထဲက

## ရေမဆေးသမားများ

ရဲ့ဘဝကို ပြောင်းလဲသွားအောင် လုပ်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ခဲ့တယ်။ တစ်မှော် ပြီးတစ်မှော်၊ တစ်ကျင်းပြီးတစ်ကျင်းသာ ပြောင်းခဲ့ရပြီး ကျောက်က ထင်သလိုမရခဲ့။ ရတဲ့ကျောက်ကလည်း လောပန်းပေးသလောက်နဲ့ ကျေနပ်ခဲ့ရတယ်။ နောက်ဆုံး ခြေသလုံးတုတ်၊ လက်မောင်းကြီးလာတာသာ အဖတ်တင်ပြီး သံတိုင်ကလည်း တစ်စတစ်စနဲ့ တိုပြီးရင်း တိုခဲ့ရတယ်။ ဒါပေမဲ့ လွှင့်မပစ်ရဲဘူး။ ကိုယ့်ဘဝရဲ့ အမှတ်တရမို့ သေတ္တာဟောင်းလေးထဲမှာ ယနေ့တိုင် ရှိနေဆဲပါ။

'သံတိုင်လည်းတို

လူလည်း အိုပြီ

ဆေးရုံကိုသာ ပို့ပါတော့'ဆိုတဲ့ ကဗျာကလေးထဲကလို ပိုချင်တဲ့ဆီ ပို့ကြပါ တော့လို့ ပြောလိုက်ချင်ပါတော့တယ်။

## ခေတ်တွေပြောင်းခဲ့

ဒီလိုနဲ့ လက်ကျင်းခေတ်ကုန်ပြီး ဖက်စပ်ခေတ်ရောက်၊ နောက်ကုမ္ပဏီခေတ်၊ နောက်ဆုံး အကျိုးတူကုမ္ပဏီခေတ်ရောက်လာလည်း စားရရုံကလွဲလို့ မျှော်လင့်ချက် က မပြည့်ဝခဲ့ဘူး။ မှော်ထဲမှာ ဘဝမျိုးစုံနဲ့ ဖြတ်သန်းရင်း သားနဲ့အတူ 'ရေမဆေး'ဆို တဲ့ဘဝနဲ့ စိန်တူကိုကိုင်ပြီး ကုမ္ပဏီတွေက ပစ်တဲ့မြေစာပုံတွေမှာ နေရာအနှံ့လိုက်ရှာ ခဲ့ကြရတယ်။ ကုမ္ပဏီတွေ တစ်တောင်ပြီးတစ်တောင်ဖြိုလို့ ကုန်သွားတော့လည်း ဘာဆို ဘာမှမထူးခြားခဲ့။

တစ်နေ့ မြေစာပုံ ဈေးဆိုင်ဟောင်းမှာ ကျောက်ရှာပြီးအပြန် အမောဖြေနေခိုက် ဒုံးဆိုတဲ့ အသံအကျယ်ကြီး ကြားလိုက်ရတတယ်။ ဒုံးဒိုင်း မိုင်းခွဲသံအောက်မေ့မိတယ်။ သေချာနားထောင်ကြည့်တော့ မိုင်းခွဲသံမဟုတ်။ တကယ့် သေနတ်တွေ လက်နက်ကြီးတွေနဲ့ ပစ်နေကြတယ်။ ဒါနဲ့ စိန်တူကိုအိတ်ထဲ အမြန်ထည့်ပြီး သားနဲ့အတူ တဲကိုအမြန်ပြေးခဲ့ရတယ်။

## မှော်ထဲမှာ ခေတ် စပျက်ပြီ

မှတ်မှတ်ရရ ၂၀၁၁ ခုနှစ် ဖွန်လကစပြီး ဖားကန့်မှော်ဒေသ အနှံ့အပြားမှာ နိုင်ငံရေးအခြေအနေ မတည်မငြိမ်ဖြစ်လာခဲ့တယ်။ ဘယ်နေရာမှာ မိုင်းကွဲပြန်ပြီ၊

ာယ်နေရာမှာ တိုက်ပွဲဖြစ်နေပြီ စတဲ့အသံတွေက မှော်နေ လူတန်းစားတွေကို ထိတ်တလန့် ဖြစ်စေခဲ့ရတယ်။

မှော်ထဲမှာ အိမ်ရှိတဲ့သူနဲ့ ကျောင်းသူ၊ ကျောင်းသားရှိတဲ့ မိဘတွေကလွဲပြီး တစ်ကိုယ်ရေ ရေမဆေးသမား တော်တော်များများ ဆိုင်ကယ်တွေ၊ ကားတွေနဲ့၊ ိုက်ဆံရှိတဲ့ လောပန်းတွေကလည်း စိုးရိမ်စိတ်တွေနဲ့ ကိုယ့်ရပ်ကိုယ့်ရွာပြန်ဆင်း ပြေးကြတယ်။ ရွာရှေ့ ကားလမ်းမကြီးမှာ ဆိုင်ကယ်တွေ ကားတွေနဲ့ ကားလမ်းအပြည့် မှော်ထဲက ပြေးဆင်းလာခဲ့ကြတဲ့လူတွေကို အမေကမြင်တော့ ဖုန်းနဲ့ အမြန်ဆက်သွယ် လာခဲ့တယ်။

## အမေ့ စေတနာ

"ငါ့သား ... မှော်ထဲမှာ အခြေအနေမကောင်းဘူးလို့ ကြားတယ်။ အမေတို့ ရွာရှေ့ ကားလမ်းမှာလည်း ဆင်းလာခဲ့ကြတဲ့ လူတွေအများကြီး အမေတွေ့ရတယ်။ ငါ့သား လမ်းစရိတ်မရှိရင် အမေပို့လိုက်မယ်။ အမြန်ပြန်လာခဲ့။ မြေးလေးကိုပါ တစ်ခါတည်း ပါအောင်ခေါ်ခဲ့တဲ့" မှော်ကြာကြီး အမေ့သားကို စိတ်ပူတတ်ရန်ကော အမေလို့ ညည်းတွားမိပါတယ်။

တစ်ရက်ကို ဆင်းကြတဲ့သူတွေ ငါးသောင်းအထက်မှာရှိပြီး မှော်ထဲမှာ ခြောက် ကပ်၊ လူတွေမရှိတော့သလို ဖြစ်သွားခဲ့တယ်။ ဘယ်မှော်ကိုသွားသွား အိမ်စောင့် ကလွဲလို့ မတွေ့ရဘူး။ ရေမဆေးတွေမရှိကြတော့ ကျောက်ဝယ်တဲ့ လောပန်းတွေ ဆိုတာလည်း နတ္ထိ။ တချို့အိမ်တွေဆို ကျောက်မဝယ်ပါဆိုတဲ့ ဆိုင်းဘုတ်ချိတ် ထားတာက ရှိသေး။

## ခေတ်ကောင်းလိုက် မကောင်းလိုက်

ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ ၁၅ ရက်လောက်မှာ ရေမဆေးတွေ ပြန် ရှာလို့ရပြီဆိုတဲ့အသံကို နားစွင့်နေကြတဲ့ ရေမဆေးတွေ အဖွဲ့လိုက်၊ တချို့ဆိုင်ကယ် တွေနဲ့ ပြန်တက်လာကြတာကို တွေ့ရတယ်။ ကုမ္ပဏီတွေကလည်း ပုံမှန်အလုပ်ပြန် ဆင်းကြတော့ ရေမဆေးတွေလည်း မြေစာပုံတွေမှာ အပြည့်ပါ။

ဒါပေမဲ့ သိပ်မကြာလိုက်ပါဘူး။ မိုးကလည်း ဝင်ခါနီးဆိုတော့ အခြေအနေ

ကလည်း အသံတွေအမျိုးမျိုးကြားနေရတော့ သက်ဆိုင်ရာက ကုမ္ပဏီတွေအကုန် ပြန်နားရမယ်။ လုပ်ကွက်ထဲမှာ စက်ယန္တရားတွေက အစ မထားနဲ့။ အကုန်သိမ်း ရမယ်ဆိုတော့ အခြေအနေကို ကြည့်နေကြတဲ့ မော်သားတွေနဲ့ ရေမဆေးတွေ ဒုတိယအကြိမ် ပြန်ဆင်းပြေးရပြန်ပြီ။ ကုမ္ပဏီအလုပ်သမားတွေကလည်း ကုမ္ပဏီက မြေစာတင် ကားကြီးတွေနဲ့ အပြည့် ရွာနားအထိ လိုက်ပို့ပေးကြတယ်။

## တိတ်ဆိတ်နေတဲ့မော်

ဒီတစ်ခေါက်ပြန်ဆင်းကြတာ လူအတော်များများကို တွေ့ရတယ်။ ဆင်းလိုက် ကြတဲ့ ကားကြီး ကားငယ်တွေ လူကလည်းအပြည့်။ ကားဈေးတွေကလည်း နှစ်ဆ သုံးဆ တက်သွားတယ်။ မိုးကောင်းကနေပြီး မော်ထဲ တက်တဲ့ကားတွေဆို ခရီးသည် မရှိသလောက် ဖြစ်သွားတယ်။ ကုမ္ပဏီတွေမှာလည်း အစောင့်ကလွဲပြီး ကျန်တဲ့လူ မရှိကြတော့ မော်ဒေသတစ်ခွင်လုံး အရာရာ တိတ်ဆိတ်ငြိမ်သက်လို့။ ကြားနေကျ ကုမ္ပဏီက ကားသံ၊ ဘက်ဟိုးသံ၊ မိုင်းခွဲအသံတွေဆို ဝေးလာဝေး . . . အခုအချိန်မှာ ကြားနေရတဲ့ ဒုံး ဒိုင်းဆိုတဲ့အသံတွေက ကုမ္ပဏီက မိုင်းခွဲသံမဟုတ်။ အမှန်တကယ် တိုက်ပွဲဖြစ်နေတဲ့ သေနတ်သံတွေ။ မြို့ထဲ ရွာထဲ မော်ထဲတွေမှာလည်း နေ့လယ် လောက်သာ လူအနည်းငယ် တွေ့ရပြီး ညမိုးချုပ်ပြီဆိုရင် ခွေးဟောင်သံကလွဲလို့ ဘာဆိုဘာသံမှ မကြားရ။ ဘယ်နေရာက ဘာသံကြားရမလဲဆိုတဲ့ စိတ်တွေနဲ့ အိမ်ထဲမှာ ကုပ်ပြီး နေနေရတယ်။ ရင်ထဲမှာတော့ တဒုတ်ဒုတ်။

ဒါတွေကို အသာထား။ သူတို့အလုပ် သူတို့လုပ်ကြတာ ကိုယ်နဲ့မဆိုင်။ ကိုယ် လုပ်ရမှာက ဘယ်နေရာမှာ ကျောက်ရှာရင် ရမလဲ။ ဒါကိုပဲ စဉ်းစားနေရတယ်။ ပြန်စရာ လမ်းစရိတ်မရှိ၊ မော်ထဲမှာ ဘာဖြစ်ဖြစ်၊ ဖြစ်လာတဲ့ ပြဿနာရင်ဆိုင်မယ်ဆို တဲ့ မော်ကြာအို ရေမဆေးသမားတွေက လမ်းဘေးတွေမှာ မော်ထဲက သစ်ပင်ရိပ်တွေ မှာ စိန်တူလေးတွေ ကိုင်လို့၊ ဘယ်နေရာမှာ ရှာရင်မရလဲဆိုပြီး ဝိုင်းဖွဲ့ အကြံထုတ် နေကြတယ်။

"ကုမ္ပဏီအဆောင်တွေမှာလည်း အလုပ်သမားတွေမရှိတော့ တိတ်ဆိတ်လို့၊ ဒါကို အခွင့်အရေးယူပြီး ရေမဆေး အယောက် ၂၀-၃၀ က အဆောင်ဘေးတွေမှာ ပစ်ထားတဲ့ ကျောက်အစပ့်၊ အရွဲ့တွေကို ဝင်ပြီးထုကြတယ်။ အစောင့် လေးငါး

ယောက်ကလည်း ဘာဆိုဘာမှ မပြောရဲကြ။ အဓိက ကုမ္ပဏီပိုင် မသယ်မရွှေ့နိုင်တဲ့ ပစ္စည်းတွေကို လာမထိရင် ပြီးတာပဲဆိုပြီး ကြည့်နေရတယ်။

ဒီလိုနဲ့ ၁၀ ယောက်ကနေပြီး အယောက် ၃၀၊ ၃၀ ကနေ အယောက် ရာပိုင်း၊ ထောင်ပိုင်းစုဖွဲ့ပြီး ကုမ္ပဏီလုပ်ကွက်ထဲက ဝင်ရှာကြတဲ့အထိ ဖြစ်လာတယ်။ အောက်ဆင်းသွားကြတဲ့ ရေမဆေးသမားတွေလည်း ပြန်ပြီးတက်လာကြတော့ တစ်စတစ်စ များလာတယ်။ စိန်တူနဲ့ရှာတာ အားမရ၊ အတင့်ရဲလာပြီး မြေမှုန် ကမ်းပါးယံတွေကို သံတိုင်တွေနဲ့ဖောက် လေးငါးယောက်စု ကျင်းတွေတူး၊ မြေကမ်းပါးယံတွေကို သံတိုင်တို၊ စို့တွေနဲ့ရိုက်ဖဲ့ချလာတဲ့အထိ တစ်ဆင့်တက်လာကြပြန်တယ်။ ဒီလိုရှာတာနဲ့ အားမရ။ ကိုယ်ပိုင်စက်ကြီး စက်ငယ်နဲ့ မျောတိုက်တဲ့အဆင့် ဖြစ်လာတော့ သက်ဆိုင်ရာက တားမြစ်ခဲ့တယ်။ စိန်တူ၊ သံတိုင်ရှာတာကတော့ ဘက်ဟိုးတစ်ကုပ်စာမရှိတဲ့အတွက် ကုမ္ပဏီတွေကခွင့်ပြုခဲ့တယ်။ အခုလို သံတိုင်တွေနဲ့တူးရှာတာကိုတောင် ရှာခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ရမှာပါ။ စက်တွေနဲ့ ရေပန်းထိုးပြီး ရှာတဲ့အဆင့်ကို တားမြစ်တယ်ဆိုတာ ကုမ္ပဏီတွေကို အပြစ်ပြောလို့မရပါဘူး။ ရေမဆေးတွေဘက်က လွန်တယ်လို့ ပြောရမှာပါ။ ဒီလိုလုပ်ရပ်ကို ကုမ္ပဏီပိုင်ရှင်တစ်ယောက်အနေနဲ့ ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့ကိစ္စမို့ အခြေအနေအရ အခုလိုဖြစ်နေတဲ့အချိန်မှာ စိန်တူ၊ သံတိုင်တွေနဲ့ရှာတာတွေကိုခွင့်ပြုပေးတဲ့အတွက် ဝမ်းသာကျေနပ်ရမှာပါ။

ဒါနဲ့တင်အားမရ ရှာမယ်ဆိုရင်တော့ သက်ဆိုင်ရာက လိုက်၊ ရေမဆေးကပြေးနဲ့ အချိန်တွေကုန်ပြီး အောင်မြင်မှုပန်းတိုင်နဲ့ ဝေးသွားမှာအသေအချာပါ။ ရတဲ့အခွင့်အရေးကို အလွတ်မပေးဘဲ လောဘဇောနဲ့ နေ့ချင်းညချင်း လောပန်းဖြစ်ချင်ကြတော့ နေ့ကိုရှာတာ အားမရ ညသန်းခေါင်း စက်အသေးတွေနဲ့ ကမ်းပါးယံတွေကို ရေနဲ့ အတင်းထိုးဖြိုချတော့ ကမ်းပါးယံပြိုကျပြီး သေသွားကြတာကလည်း မနည်း။

## ကိုယ်ချင်းစာတဲ့ ရေမဆေး

"ရေမဆေးသမားတွေကလည်း လူမျိုးစုံဆိုတော့ ပြောရခက်တယ်ဗျာ။ ဒီလိုရှာဖွေခွင့်ပေးတာကို အားမရကြဘူး။ အန္တရာယ်ကိုကြိုမသိဘဲ ဖွတ်လုပ်တော့သေမှာပေါ့။ အခု တစ်လနှစ်လအတွင်းမှာ ၁၅ ယောက်ရှိသွားပြီ၊ ဒါတောင် မော်စီစာ

မှော်တစ် မှော်တည်းမှာပဲ ပြောတာ။ အောက်မှော်တွေမှာလည်း အခုလိုမြေပိပြီး သေကြတာတွေ ကြားရတယ်။ ကုမ္ပဏီတစ်ခု လုပ်တယ်ဆိုတာကလည်း သိန်းပေါင်း သောင်းချီ ရင်းနှီးထားရတာ။ သူတို့နေရာမှာ နေကြည့်။ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ဘူး။ တော်ကြာ ဘယ်ကုမ္ပဏီထဲက သိန်းထောင်ကျောက် ရေမဆေးတွေ ရသွားပြန်ပြီတဲ့ ကြားနေရတော့ သူတို့စိတ်ထဲ ဘယ်လိုနေမလဲ။ ဒါပေမဲ့ အခြေအနေအရ ခွင့်လွှတ် ပေးနေကြတယ်။ အခုလို စိန်တူး၊ သံတိုင်နဲ့ ရှာခွင့်ပေးတာကိုတောင် ကျေးဇူးတင် ရမှာ''ဟု ရေမဆေးသမား တစ်ယောက်က ပြောပြသည်။

အခြေအနေအရ ဘယ်မှော်မဆို ကုမ္ပဏီပိုင်ရှင်တွေက ခွင့်ပြုတဲ့အတွက် ကုမ္ပဏီလုပ်ကွက်ထဲဝင်ရောက်ပြီး စိန်တူး၊ သံတိုင်များဖြင့် တစ်ပိုင်တစ်နိုင် ရှာဖွေခွင့်ပေး တဲ့အတွက် ရေမဆေးများ စိတ်ချမ်းသာစွာ ရှာနေကြတာကို တွေ့ရှိရပါတယ်။ ဘာကြောင့်လဲဆိုတော့ စိန်တူးကိုင်ပြီး ရေမဆေးရှာကြတဲ့သူတွေက ယခုတော့ သံတိုင် ပေါက်ပြားတွေကိုင်လို့။ လုပ်ကွက်ထဲကို တရွေ့ရွေ့ ...။


လုံးခင်းတစ်ဝိုက် မှော်ဖီစာ၊ မလောင်၊ ကုမ္ဘေ ဝါကျဲမှော်နဲ့ အောက်မှော် များဖြစ်ကြတဲ့ မမုံ၊ ဖားပြင်၊ စပေါ့၊ ကောင်ဆန်၊ ဝေခါ စတဲ့မှော် ... ဘယ်မှော်ကို သွားကြည့်ကြည့် ကုမ္ပဏီလုပ်ကွက်တွေထဲမှာ ကျောက်ကျောကောင်းပါပေ့ဆိုတဲ့ မြေမှန်တွေကို ထောင်နဲ့ချီတဲ့ ရေမဆေးတွေ အားပါးတရ တူးနေကြလေရဲ့။

ဟိုတုန်းက သံတိုင် လေးငါးချောင်းကိုစုပြီး ကျင်းအထိကိုင်ခဲ့တဲ့ ကျွန်တော်။ ယခု သံတိုင်တစ်ချောင်းကို မနိုင်တော့။ မာပါဘိဆိုတဲ့ မှော်ဝမ်းကြီး၊ မှော်ဝမ်းလေး မှော်က ကုမ္ဘေကြောကို အားပါးတရ ထိုးလာတဲ့ ကျွန်တော်။ အခုတော့ မြေကြီး ပြော့ပြော့ထဲ သံတိုင်ကို ဝင်အောင်မထိုးနိုင်တော့ဘူး။

အခု သားတို့ သံတိုင်နဲ့ ပေါက်ပြားတွေ အခွင့်သာတုန်း သားတို့လက်နဲ့ အပီစိအထိရောက်အောင် တူးပေဦးတော့။ မတူးရတော့ဘူး ဆိုရင်တော့ သားတို့ရဲ့ ကံတရားပေါ့ ...။

(အမှတ် ၂၁၊ အတွဲ ၅၊ ၂၄-၁၁-၂၀၁၀၊ Weekly Eleven ဂျာနယ်)

**နိုင်မိုး(လုံးခင်း)**


ရေမဆေးဘဝ

# မိုးတွင်းကာလ ရေမဆေးဘဝ

မိုးရာသီရောက်ပြီဆိုတာနဲ့ ရေမဆေးသမားတွေ အတော်များများဟာ ကိုယ့်ရပ်ကိုယ့်ရွာမှာ လယ်လုပ်ဖို့ ပြန်ကြတာများပါတယ်။ ကျောက်စိမ်းတူးဖော်နေကြတဲ့ ကုမ္ပဏီတွေကလည်း မိုးရာသီဆိုရင် နားကြတော့ အလုပ်သမားတွေကို လုပ်ခပေး၊ ထမင်းကျွေးပြီး အလုပ်မရှိတဲ့ အလကားဘယ်သူမှ မထားနိုင်ကြဘူးလေ။ ရေမဆေးမွှေကြတဲ့ လောပန်းတွေလည်း ကုမ္ပဏီတွေက မြေစာ မသွန်ကြတော့ဘူး။ ရွာကို ခဏပြန်ကြဦး။ မပြန်ချင်ရင်လည်း ရွှေလုပ်တဲ့ လောပန်းတွေဆီ သွားလည်ချင်သွားကြတဲ့။ မော်ထဲမှာ လူတစ်ယောက်ကို ထမင်းကျွေးထားဖို့ဆိုတာ တကယ်မလွယ်ပါဘူး။ အစစ အရာရာ ဈေးကြီးတာကိုး။

ရွှေထွက်ရှိတဲ့ ကုမ္ပဏီတွေကျတော့ လက်ရွေးစင် လူအနည်းငယ်နဲ့ ရာသီချိန်က ပုံထားတဲ့မြေစာပုံတွေကို ရွှေရ၊ ကျောက်ရ၊ မျောစင်တွေနဲ့ တိုက်နေကြတာကို တွေ့ရှိရပါတယ်။ မော်ထဲမှာ အများဆုံး ရွှေထွက်တဲ့မော်ဆိုလို့ လုံးခင်းက မော်စီစာမော် တစ်မော်ပဲရှိပါတယ်။ ကျန်တဲ့မော်တွေကတော့ ရွှေအနည်းငယ်လောက်ပဲထွက်ပါတယ်။ လုံးခင်းတစ်ဝိုက်နားက မလောင်၊ ကုမွေ၊ ဝါကျဲ၊ ငိုးပင်း၊ ဆန်ခါစတဲ့ မော်တွေမှာ ရွှေအထွက်နည်းတော့ ရွှေမျောစင်တင်ပြီး ရှာရတာနဲ့မကိုက်တော့ ကုမ္ပဏီတွေက မရှာတော့ဘဲ ကျောက်စိမ်းကို အဓိကရှာပြီး ကျန်တဲ့ မြေစာကို စွန့်ပစ်လေ့ရှိကြပါတယ်။ ဖားပြင်၊ မမုံ၊ တောင်းကော့၊ ကောင်းဆန်စတဲ့ အောက်မော်တွေမှာကျတော့ ရွှေကို ဂရုလည်းမစိုက်ဘူး။ မျောစင်တင်ပြီး ရှာကြတာလည်း မတွေ့ရပါဘူး။ ဘာကြောင့်လဲဆိုတော့ ရွှေမှ ဟုတ်တိပတ်တိမထွက်ပဲကိုး။

ဒါပေမဲ့ ဖားပြင်၊ မမုံမော်ရွာ၊ ဥရုချောင်းကမ်းနံဘေးတစ်လျှောက်မှာတော့ မိုးတွင်းရေမဆေး ကျောက် ရှာစရာနေရာ မရှိလို့ ထမင်းစားဖို့ ထွက်ရှာနေကြတဲ့ ရေမဆေးမိသားစု အချို့ကိုတော့ တွေ့ရှိရပါတယ်။ မေးကြည့်လိုက်တော့ ''တဲမှာ

အလကားနေလည်း တစ်ပြားမှမရဘူး။ မိုးတွင်း ဆိုတော့ ကုမ္ပဏီတွေကလည်း မြေစာမသွန်ဘူး။ မြေစာမသွန်တော့ ကျောက်ရှာဖို့ကလည်း ခက်ခဲနေတယ်။ မိသားစုကလည်းရှိသေးတော့ ထမင်း စားဖို့ရအောင် အခုလို ရွှေကျင်နေရတာပေါ့။ အများကြီးမရပါဘူး။ တစ်ရက်လုံးကျင်မှ တစ်ရွေး၊ နှစ်ရွေးပါပဲ''တဲ့။

မော်မောင်းလုံ၊ တောင်ပြို လခ စတဲ့ မော်တွေက ရေမဆေးသမားတွေကျတော့ ဦးနှောက်မဆိုးဘူးလို့ပြောရမှာပဲ။ ပွင့်လင်းရာသီတုန်းက ဘယ်ကုမ္ပဏီပစ်တဲ့ မြေစာပုံက ကောင်းတယ်၊ မကောင်းဘူးဆိုတာ သိတယ်။ အဲဒီမြေစာပုံကိုလည်း အသေမှတ်ထားတာ။ မြေစာပစ်တဲ့အချိန်တုန်းကလည်း လူအစုလိုက်အပြုလိုက် အလုအယက်ရှာကြရတော့ အရည်အချင်းရှိတဲ့ ကျောက်သေးလေးတွေကို ဘယ်သူမှ ကျကျနန မရှာကြဘူး။ အလုံးကြီးလောက်ပဲ ဂရုစိုက်ရှာကြတာ။ အခုလို မိုးရာသီမှာကျတော့ အဲဒီမြေစာပုံမှာ မြေစာပုံအောက်ခြေကစပြီး နှစ်ယောက်တစ်ဖွဲ့၊ သုံးယောက်တစ်ဖွဲ့ ပေါက်ပြားတွေနဲ့ ကြက်ယက်သလို အာလူးလုံးအရွယ်ကစပြီး ပိုက်စိပ်တိုက် မွှောတိုက်ပြီး ရှာကြတော့တာပဲ။ ကျောက်သေးသေးလေးတွေဆိုပြီး အထင်တော့ မသေးလိုက်နဲ့။ အောင်မယ်လေး သိန်းရာကျော်၊ ထောင်ကျော်ကျောက်တွေတောင် ရကြသတဲ့ဗျာ။

ကရင်ချောင်၊ တောင်းကော၊ နမ့်မော်၊ ဖားပြင်၊ မမုံ စတဲ့ အောက်မော်တွေမှာတော့ ရေမဆေးသမားတွေက မိုးရွာလေ ကြိုက်လေပဲ။ အဲဒီမော်တွေမှ မဟုတ်ပါဘူး။ ဘယ်မော်မဆို အကုန်ကြိုက်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျောက်စိမ်း၊ ကျောက်ရိုင်း အကုန်ခွဲခြားနိုင်ပြီလေ။ မိုးရွာပြီဆိုရင် မြေစာပုံပေါ်က စီးလာတဲ့ ရေစီးကြောင်းကြောင့် ဘေးက မြေစာတွေပြိုကျလာပြီး ရေစီးကြောင်းတစ်လျှောက် လိုက်ပြီး စိန်တူတစ်လက်နဲ့ လိုက်ရှာကြတော့တာပဲ။ ရေနဲ့ဆိုတော့ ရာသီချိန်က ရွှံ့တွေကပ်ပြီး မမြင်ရတဲ့ကျောက်တွေ အခုတော့ အထင်းသားမြင်ရပြီလေ။ ကျကျနန ကြည့်ပြီး အိတ်ထဲ ကောက်ထည့်ရုံပဲပေါ့။

မိုးရွာပြီဆိုရင် ည ၁ နာရီရွာလည်း အိပ်နေရာကထပြီး မြေစာပုံကို ဓာတ်မီးနဲ့ပြေးကြတော့တာပဲ။ တချို့ဆို မြေစာပုံ ရေစီးကြောင်းမှာ ရှာရတာအားမရလို့ ချောင်းနား အိုင်နားနီးတဲ့ မြေစာပုံခြေရင်းကို ရေပုံးနဲ့ပက်ပြီး ရှာနေကြတာလည်း တွေ့ရတယ်။ မော်ကြီးမော်ကြား တောင်ကြီးတောင်ကြားက စီးလာတဲ့ ချောင်းတွေ

မှာလည်း ညဆိုလည်း ညမို့လို့ . . . ဓာတ်မီးရောင်တွေနဲ့ တလက်လက်။ နေ့ဆိုလည်း ပိန်တူခေါက်သံတွေက တတောက်တောက်။

မိုးရာသီမှာ ဒီလိုမရှာလို့ကလည်း မရတော့ဘူးလေ။ ကုမ္ပဏီတွေက မြေစာအသစ်တွေမပစ်ကြတော့ မြေစာပုံအဟောင်းမှာပဲ တဝဲလည်လည်ပေါ့။ ကျောက်ရအောင် ဘယ်လိုနည်းစနစ်နဲ့ပဲရှာရှာ ကျောက်ရမှ ထမင်းစားရမှာလေ။ ကျောက်ရလို့ ကောင်းတာ မကောင်းတာအပထား။ ရတဲ့ကျောက်ကို ရောင်းနေကျ လောပန်းဆီသွားပြီး ထမင်းချက်ဖို့ ဆန်မရှိလို့ ဘာလုပ်ဖို့ မရှိလို့ စသည်ဖြင့် ပတ်ချွဲနပ်ချွဲနဲ့ ကျောက်ကို အတင်းထိုးအပ်ပြီး ပိုက်ဆံ မရရအောင် ပြောတော့တာပဲ။

ဆန်မရှိတော့ဘူးဆိုတော့ လောပန်းကလည်း မနေသာတော့ဘူးလေ။ ကျောက်တန်တန် မတန်တန် ပေးလိုက်ရတော့တာပဲ။ ဒါကြောင့် မိုးရာသီမှာ ကျောက်ကောင်းရဖို့ မစဉ်းစားနဲ့။ အခုလို ထမင်းစားကျောက်၊ ရေမဆေး အမှန်အကန်ရရင် ကံကောင်း။ မော်ထဲမှာ မိုးရာသီဆို ဒီလိုဒုက္ခဖြစ်မှာကြောက်လို့ ပြန်ကြတာရှိသလို အချို့ကျ တော့လည်း ရွာမှာလယ်လုပ်ဖို့ပျင်းတဲ့ ရေမဆေးသမားတွေကျတော့ ဒုက္ခ ဘယ်လောက်ဖြစ်ဖြစ်၊ ငတ်ချင်ငတ်၊ ပြတ်ချင်ပြတ် နေကြတာပါပဲ။

မိုးရာသီဆိုရင် ဒီလိုဖြစ်မယ်ဆိုတာ သူတို့သိပြီးသား။ အဲဒီကောင်တွေကို မော်ထဲမှာ ဘယ်နှနှစ် ကြာပြီလဲမေးကြည့်လိုက်။ "ကျွန်တော် မော်ထဲမှာနေတာ သိပ်မကြာသေးဘူး အစ်ကို။ ၁၅ နှစ်ပဲရှိသေးတယ်"တဲ့ မော်လမြိုင်သားပြောသလို ပြောရမယ်ဆိုရင် . . . အားပါးပါး။

ရွာက နွားပြာကြီး လယ်ထွန်ပျင်းလို့ကပ်တာတောင် မော်ထဲမှာ မိုးရာသီနေကြတဲ့ ရေမဆေးသမားတွေကတောင် သာဦးမယ်ထင်တယ်။ ဖြစ်သလို ကပ်သီးကပ်သတ် နေလည်း နေနိုင်ကြတာပဲကိုး။ ရွာမှာ လယ်လုပ် ပျင်းလို့လား၊ လောပန်းဖြစ်ချင်လို့လား။ ဒါကိုတော့ နွားပြာကြီးက အသိဆုံးပါ။

## ရွှေမျှောကျင်းသား ဘဝ

အချို့ရေမဆေးကို ဘယ်လိုမှ မရကြတော့ ရွှေမျှောထောင်တဲ့ ရွှေလောပန်းဆီ ပြေးကပ်ကြတာလည်းရှိတယ်။ မိုးရာသီကုန်အောင် ထမင်းစာရရင်းပြီရောဆိုပြီး

ရွှေကျင်သားလုပ်နေကြတာလည်း တွေ့ရတယ်။ အချို့ဆို လူနှစ်ယောက်၊ သုံးယောက်ပေါင်းပြီး ဟွန်ဒါစက် တစ်လုံးဝယ်၊ ရွှေထွက်တဲ့ လုံးခင်း မှော်စီစာက မြေစာပုံတွေမှာ ရွှေရှ၊ ကျောက်ရှ မျှောတိုက်နေကြတာလည်း ရှိတယ်။ ရွှေရရင် ထမင်းဖိုး၊ စက်ဆီဖိုး၊ ကျောက်ရရင် အမြတ်ပေါ့။ ကောင်းတဲ့မြေစာပုံဆို တစ်ရက် ရွှေ ၂၀–၃၀၊ မကောင်းတဲ့မြေစာပုံဆို တစ်ရက်လုံးတိုက်မှ ၄–၅ ရွှေ။ ကျောက် ရရင်တော့ ကံပေါ့။ မြေစာ မကောင်းဘူးဆိုရင် စက်ကိုထမ်းပြီး ကောင်းနိုးရာရာ မြေစာပုံဆီ ပြေးကြပြန်ရော။

အချို့ကုမ္ပဏီတွေကို အကပ်ကောင်းတဲ့သူတွေကျတော့ နေရာကောင်းရကြပြီး ဂျင်မာစက် ၁၂–၁၃ တွေနဲ့ အခန့်သား။ မေးကြည့်လိုက်တော့ တစ်ရက် ရွှေ ၅၀–၆၀ တဲ့။ ကျောက်ကလည်း သေးသေးနဲ့ ကောင်းကောင်းတွေ အတော်ရကြ တယ်ဆိုပဲ။ ရမှာပဲလေ၊ နွေရာသီကတောင် မျှောမတိုက်ဘဲ ပစ်တဲ့မြေစာတွေကို။ စက်ထမ်းပြီး ပြေးနေကြတဲ့ ရေမဆေးသမားအဖွဲ့တွေကျတော့ တစ်မှော်လုံး မတိုက် တဲ့နေရာကို မရှိဘူး။ တိုက်ရတော့လည်း လေးငါးရွှေ။ ဘယ်ရမလဲ။ မြေစာကောင်း တဲ့နေရာမှ မတိုက်ရဘဲကိုး။ နောက်ဆုံး မိုးရာသီကုန်တော့ လူကစုတ်ပြတ်ပြီး တဲ စုတ်နဲ့ စက်စုတ်ပဲ ကျန်ခဲ့တယ်။

ရွှေမျှောကျင်းသား လုပ်တဲ့သူတွေကလည်း ဘယ်လောပန်းတိုက်တဲ့ မှော်မြေ စာက ကောင်းတယ်၊ မကောင်းဘူး စုံစမ်းပြီးမှ ဝင်ကြတာများတယ်။ မြေစာမကောင်း လို့ကတော့ ရွှေကျင်သားကို မနည်း ခယခေါ်ယူရတယ်။ ကောင်းတဲ့မြေစာမျှောကျ တော့ ခေါ်စရာတောင် မလိုဘူး။ လူများလို့ကို မောင်းထုတ်ယူရတယ်။ အေးလေ။ ဒါကလည်း သူတို့ကို အပြစ်ပြောလို့မရဘူး။ အခုက နည်းနည်းပဲရကြတာကိုး။

ကျင်းသားတွေကို ရွှေရရင် ၄–၁ ပေးတာရှိသလို ၅–၁ ပေးတာလည်း ရှိ တယ်။ အဲဒီ တစ်စုရတဲ့အပုံကို ကျင်းသားငါးယောက်ရှိရင် ငါးယောက်ခွဲယူပေါ့။ ကျောက်ရရင် လောပန်းတစ်ဝက် ကျင်းသား တစ်ဝက်တဲ့။ ကျောက်ရပြန်တော့လည်း ကျောက်ကို လောပန်းက ကိုင်ထားတော့ ရောင်းတာလည်း ဘယ်လောက်နဲ့ရောင်း တာလည်း မသိ။ ရောင်းပြီးမှ ရော့ မင်းတို့ကျင်းသားတွေ တစ်စုတဲ့။ ပြောတော့ တစ်ဝက်စီ၊ ရတော့မသိလိုက်ရတဲ့ ၁၀ စု ၁ စုလောက်ရတဲ့ငွေလေးနဲ့ ကျင်းသားတွေ ရတော့တာပဲဗျာ။ ပြန်ပြောရင်လည်း ကျင်းက မောင်းထုတ်မှာစိုးလို့ မပြောရဲဘူး။

အေးလေ … ပြားပြီးသားဖားက ဒီထက်တော့ ထပ်မပြားတော့ပါဘူး။ ဘာပဲဖြစ်ဖြစ် မိုးရာသီကုန်အောင်တော့ ထမင်းမငတ်ရင်တော်ပြီဆိုတဲ့ အသိစိတ်နဲ့ ပွင့်လင်း ရာသီကမ္ဘာကြီးတွေက မြေစာသွန်တဲ့အချိန်ကို စောင့်ဆိုင်းရင်း နေရတော့မှာပေါ့။

(ရေမဆေး ကျောက်ရှာသူများ ကျောက်ကောင်းရပြီး လောပန်းဖြစ်ကြပါစေ)

(အမှတ် ၃၄၊ အတွဲ ၈၊ ၃-၆-၂၀၁၂၊ Weekly Eleven ဂျာနယ်)

**နိုင်မိုး(လုံးခင်း)**





# ဖားကန့်မှော်ကို
# မေ့ကြသူများ



# ဖားကန့်မှော်နယ်မြေကို မေ့ကြသူများ

ဖားကန့်ရတနာမှော်နယ်မြေဟာ မြန်မာနိုင်ငံအနှံ့အပြားက တက်လာကြတဲ့ ဆင်းရဲသား၊ လူလတ်တန်းစားတွေကို ဆင်းရဲတွင်းကနေလွတ်အောင် ကယ်တင် ပေးနိုင်တဲ့ ဘူမိနက်သန် နယ်မြေတစ်ခုဆိုရင် မှားမယ်မထင်ပါဘူး။ ကိုယ့်ရပ်ကိုယ့်ရွာ မှာ ငွေရှာလို့ အဆင်မပြေဘူးဆိုရင် ချက်ချင်းလက်ငင်း လောပန်းဖြစ်ဖို့ ပထမဆုံး သတိရစဉ်းစားမိတာက ဖားကန့်ဆိုတဲ့ ရတနာမှော်နယ်မြေကိုပါ။ ငွေရှာထွက်လာပြီ ဆိုတာနဲ့ ဘယ်သူမှ ငွေအထုပ်နဲ့အထည်နဲ့ပိုက်ပြီး တက်လာကြတာ မဟုတ်ပါဘူး။

တစ်ချိန်က ခြေကျင်ခေတ်။ လမ်းစရိတ် မလောက်မငနဲ့ လမ်းမှာ ချက်စားဖို့ ဆန်နှစ်ပြည်လောက်နဲ့ ငါးခြောက်နည်းနည်းကို နောက်လွယ်ပလိုင်းထဲထည့်။ ဆင်း ဆင်းရဲရဲနဲ့ လမ်းလျှောက်ခဲ့ရပြီး ဘဝကိုစတင်ခဲ့ကြတာပါ။ အကျိုးတူခေတ်ရောက်မှ ပါဂျဲရိုးကားနဲ့ တက်လာကြတဲ့လူတွေကိုတော့ မဆိုလိုပါဘူး။

မှော်ထဲရောက်တော့လည်း ရွှေကျင်သားဘဝ၊ ကျောက်ကျင်သားဘဝ၊ ဈေး သည်ဘဝ၊ ပွဲစားဘဝ၊ ကောက်ရိုးလောပန်းဘဝ၊ ဘဝတွေစုံအောင် ဖြတ်ကျော်ပြီး အယောက် ၁၀၀ မှာ တစ်ယောက်က ကံလေးတစ်ချက် ကောင်းလိုက်တာနဲ့ ချက်ချင်းဆိုသလို လောပန်းကြီးဆိုတဲ့ နာမည်ကိုရခဲ့ကြတာပါ။

ကံအကျိုးပေးကလည်း ကောင်းလာတော့ ဝယ်လိုက်တဲ့ ကျောက်တိုင်းမြတ်၊ ဖြတ်လိုက်တဲ့ ကျောက်တိုင်းအောင်ဆိုတော့ မြို့ကြီးတွေမှာ ဝယ်ထား၊ ဆောက်ထား လိုက်တာ တိုက်တွေ ပေါတစ်လုံး၊ ပေါတစ်လုံး။ အငယ်တွေအတွက် တိတ် တိတ် ဝယ်ပေးထားတဲ့ တိုက်တွေကရှိသေး။ ဘယ်မြို့သွားသွား အိမ်အပြန်တွေ ချည်းပဲ။ ကားတွေကလည်း တစ်မြို့မှာ တစ်စီး။

ဒီလိုဇိမ်နဲ့နေနိုင်အောင် ဒီလောက်များတဲ့ ငွေတွေကို ဘယ်ကရခဲ့သလဲ။ ဖား ကန့်ဆိုတဲ့ မှော်နယ်မြေက ရခဲ့တာမဟုတ်လား။

ဟော . . . အခုတော့ ဖားကန့်ဆိုတဲ့ မော်နယ်မြေမှာ အခြေအနေ မကောင်းဘူး ဆိုတာနဲ့ တစ်ယောက်ပြီးတစ်ယောက် ဆင်းပြေးလိုက်ကြတာ။ လောပန်းဆိုတဲ့လူတွေ မရှိသလောက်ပဲ။ ပထမ ငွေမရှိတုန်းကတော့ ငွေဘယ်လောက်ရရ မော်ထဲကနေ မပြောင်းဘူး။ မော်ထဲမှာပဲ ခြေချနေထိုင်တော့မယ်ဆိုတဲ့ လူတွေ ဟော . . . အခု ငွေသိန်းပေါင်းသောင်းချီရသွားတော့ ကိုယ့်ရဲ့ကျေးဇူးရှင် မော်နယ်မြေ၊ မော်ရွာကလေး ကို ပစ်ပြီးထားခဲ့ကြပြီ။

ချမ်းသာသွားတော့ သေရမှာ ကြောက်ကြပြီပေါ့။ အရင်က ဒုန်း ဒိုင်း သေနတ်သံတွေ၊ အမြောက်သံတွေကြားမှာ ပြေးရင်းလွှားရင်းနဲ့ ကျန်ရစ်ခဲ့တဲ့ တစ်ချိန်ကဘဝတူ ရေမဆေးသမားတွေ၊ မော်ရွာသူ/သားတွေက ဘာဖြစ်ဖြစ် သေချင်သေ၊ ငါတို့ လွတ်ရင်တော်ပြီဆိုတဲ့ စိတ်တွေနဲ့ ထားရစ်ခဲ့လိုက်ကြတာ။ သူတို့တစ်တွေ ဘယ်လောက် ဒုက္ခရောက်နေကသလဲ ဆိုတာကိုတောင် လှည့်မကြည့်နိုင်ကြတော့ဘူးလား။

ကျန်ရစ်ခဲ့ကြတဲ့ မော်သူ/သား ရေမဆေးသမားတွေက ဘယ်လောက်ပဲ အခြေအနေမကောင်း ဖြစ်နေပါစေ အဆင်ပြေလို့ အိမ်ကိုသော့ခတ်ပြီး ဆင်းပြေးသွားကြတဲ့ လောပန်းတို့ရဲ့ အိမ်တွေကို စောင့်ရှောက်ရင်း အန္တရာယ်ကြားမှာ နေရစ်ခဲ့ကြရတာပါ။ အခြေအနေတွေက ဘယ်လောက်ပဲဆိုးဆိုး ကိုယ့်မော်ရွာလေးကိုတော့ ပစ်မထားရစ်ခဲ့ကြဘူး။

တချို့ဆို အိုးပစ်အိမ်ပစ်၊ တချို့က ဒုက္ခသည်စခန်းတွေမှာ မော်ကြာဘဝနဲ့ စုဆောင်းထားတဲ့ မော်ထဲက အိမ်မှာလည်း ဘာဆိုဘာမှ မကျန်တော့ဘူး။ လက်ရှိ အခြေအနေမှာ  လောပန်းဖြစ်ဖို့ ထားလိုက်ဦး။ မနက်စာစားပြီး ညနေစာစားဖို့ကို ကမ်းပါးယံနဲ့ မြေစာပုံဟောင်းတွေမှာ ထမင်းစားကျောက်ရဖို့ အပြေးအလွှားရှာဖွေနေကြရတယ်။

သက်ဆိုင်ရာက အတားအဆီး အန္တရာယ်တွေကြားမှာ အသက်စွန့်ပြီး ရှာနေကြတဲ့ ရေမဆေး သူရဲကောင်းတွေ မြေပိလို့ တစ်မျိုး၊ ရေနစ်လို့ တစ်ဖုံ၊ ကမ်းပါးယံက လိမ့်ကျလို့ တစ်မျိုး သေလိုက်ကြတာ။ နေ့စဉ်လိုလို ကြားနေရတယ်။ ရွှေမျော တိုက်စားမယ်ဆိုတော့လည်း အခြေအနေက စက်တွေကိုသိမ်းပြီး ဖမ်းဆီးတဲ့အဆင့် အထိဖြစ်နေတော့ ဘယ်သူမှ မလုပ်ရဲကြတော့ဘူး။ မော်ဒေသရဲ့ အပြောင်းအလဲဒဏ် ကို  အလူးအလိမ့်ခံစားနေကြရဆဲပါ။

## လောပန်းတို့အလာကို မျှော်နေဆဲ

လောပန်းတို့ကို ငွေရှိပြီးလူရာဝင်အောင်၊ မြို့ကြီးတွေမှာနေနိုင်အောင် ဖားကန့် တဲ့မော်နယ်မြေက ဖန်တီးပေးလိုက်တာ မဟုတ်လား။ အခု အဲဒီဖားကန့်ဆိုတဲ့ မော်နယ်မြေက "ဥရုချောင်းရေကို မရှိအတူ ရှိအတူသောက်ခဲ့ကြတဲ့" ဘဝတူ မော် မော်သားတွေ ဘာဖြစ်နေသလဲ ပြန်လှည့်ကြည့်စေချင်တယ်။

ဘယ်သူမဆို မော်ထဲကိုတက်လာပြီဆိုကတည်းက ဘဝမှာ ချမ်းချမ်းသာသာ ပြီးပြည့်စုံအောင် နေနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ငွေရှာဖို့တက်လာကြတဲ့သူ တွေပါ။ ဘဝကံအကျိုးမပေးလို့သာ အခုလိုနယ်မြေမငြိမ်းမချမ်းတဲ့ ကာလအချိန် ထိ ဒုက္ခခံပြီး အသက်စွန့်ရှာဖွေနေကြရတာပါ။ လောပန်းတို့ကတော့ အခုလို ဝင်ရဲတဲ့ဘဝကလွတ်ခဲ့ကြပြီပေါ့။ ဒါပေမဲ့ ဘဝမှာ စိတ်ထားမကောင်းရင် ကံကြမ္မာက လှည့်အပြောင်း လုပ်တတ်တယ်ဆိုတာ သိစေချင်တယ်။

မော်ဆိုတာ တချို့မရောက်ဖူးတဲ့သူတွေက တောကြိုတောကြားမှာ ဖြစ်သလို နေကြရတာလို့ ထင်မိမှာ။ ကိုယ့်ရဲ့မော်ဒေသအကြောင်း လောပန်းလည်း အသိဆုံး ဟုတ်လား။ မော်တိုင်းမှာ ဘုန်းကြီးကျောင်းတွေ၊ တောင်တွေပေါ်မှာလည်း စေတီ ပုထိုးတွေနဲ့ဝင်းလို့။ ဆယ်စုနှစ်တစ်ခုအတွင်း မော်ဒေသအနှံ့အပြားမှာ ဘာသာသာ သနာ ထွန်းကားလာလိုက်တာ အံ့မခန်းပဲတဲ့။ ဒီစေတီပုထိုးနဲ့ ကျောင်းကန်ဘုရားတွေ ကို ပြုစုစောင့်ရှောက်ရမှာက လောပန်းတို့ရဲ့ တာဝန်ပါ။ အချိန်တန်တော့ အစစ အရာရာ အားလုံးကိုပစ်ပြေးပြီး ပြေးဆင်းသွားလိုက်ကြတာ။ မပြောင်းတဲ့သူတွေက ကိုယ့်ရဲ့မော်ရွာလေးမှာ လူမှုရေး ဘာသာရေး သာသနာရေးတွေကိုစောင့်ရှောက်ရင်း နေရစ်ခဲ့ကြရတာပါ။ ဒါတွေကို မြို့ကြီးရောက် မော်ထဲသား လောပန်းကြီးတွေမြင် စေချင်တယ်။

လောပန်းတို့ကတော့ မော်ထဲကရတဲ့ငွေတွေနဲ့ မြို့ကြီးတွေမှာ ပြုံးလို့ပျော် လို့ပေါ့။ အန္တရာယ်ကြားမှာ ပြေးလွှားရင်း ငိုရှိုက်နေတဲ့အသံတွေကို ဘယ်ကြားတော့ မှာလဲ။ ဝိုင်းပြီးကူညီဖို့ အားပေးဖို့စိတ်တွေ နည်းနည်းမှမရှိခဲ့ကြတော့ဘူးလား။ အခြေ အနေကောင်းတဲ့ အချိန်ကတော့ မရှိအတူ ရှိအတူနေခဲ့ကြတဲ့ မော်ရွာလေးကို ဘာဖြစ်ဖြစ်ဆိုပြီး ပစ်ထားရစ်လိုက်ကြတာ။ ဒါတွေကို စဉ်းစားလိုက်မိတိုင်း ကျွန်တော် တို့အတူ မော်သူ/သားတွေ အားလုံး စိတ်မကောင်းဖြစ်မိတာအမှန်ပါ။

ကိုယ့်မော်ရွာလေးမှာ လောပန်းတို့နဲ့အတူ ဖြစ်လာတဲ့ပြဿနာကို ရင်ဆိုင်ဖြေရှင်းပြီး ဝိုင်းဝန်းစောင့်ရှောက်ရင်း ပျော်ပျော်ရွှင်ရွှင်နဲ့ အတူနေထိုင်ဖို့ လောပန်းတို့ပြန်အလာကို အားလုံးက မျှော်လင့်နေကြတယ်ဆိုတာ သိစေချင်တယ်။

အခုအချိန်မှာ မော်ဒေသအနှံ့အပြား တောတောင်တန်းဆီက ငြိမ်းချမ်းရေးချိုးငှက်တစ်ကောင်ရဲ့ ပျံသန်းလာမယ့် တောင်ပံခတ်သံကိုလည်း သဲ့သဲ့ကြားနေရပါပြီ။ ကျွန်တော်တို့ ရေမဆေးတွေလည်း စွန့်စွန့်စားစားနဲ့ တူးလို့ရှာလို့ရတဲ့ ကျောက်လေးတွေကိုကိုင်ပြီး မော်ရွာထိပ်က မြေစာပုံခြေရင်းမှာ လောပန်းတို့ ပြန်လာရင်ပြဖို့ မျှော်လင့် ကြိုဆိုနေကြဆဲပါ။

(အမှတ် ၃၄၊ အတွဲ ၈၊ ၃-၆-၂၀၁၀၊ Weekly Eleven ဂျာနယ်)

**နိုင်မိုး(လုံးခင်း)**


တစ်ကျော့ပြန်
သံတိုင်ချစ်သူများ

# တစ်ကျော့ပြန် သံတိုင်ချစ်သူ

ဖားကန့်နယ်မြေ ကျောက်စိမ်းများထွက်ရှိရာ မှိုင်းပြပြတောင်တန်းတွေ
က်ဆီက ပျံသန်းလာမယ့် ငြိမ်းချမ်းရေးချိုးငှက်တစ်ကောင်ရဲ့ပုံရိပ်ကို မျှော်လင့်ရင်း
ညီမညာ ဒဏ်ရာဒဏ်ချက်တွေ ဗလပွနဲ့ တူးဆွဖွဲ့ရွံ့ခံထားရတဲ့ မော်စီစာမော်၊
ကမွေမော်၊ ဆားမော်၊ ရှရော်ခမော်၊ ဗလခမော်၊ ကောင်ဆန်မော်၊ တောင်းကော့
မော်စတဲ့ ရွှံ့စောင်းနေတဲ့ တောင်းတန်းပါကမ်းပါးယံတွေဆီကို နယ်မြေမငြိမ်းချမ်း
တဲ့ကာလ ရေမဆေးတွေရဲ့ဘဝ ဘယ်လိုရုန်းကန်လှုပ်ရှားနေသလဲဆိုတာ အန္တရာယ်
တွေကြား ဖြတ်ကျော်ရင်း ရောက်သွားခဲ့တယ်။

ဟိုတစ်ချိန်က ကုမ္ပဏီလုပ်ကွက်တွေထဲမှာ နေ့ရောညပါ ဖုန်တွေထောင်း
သမောင်းထအောင် မနားတမ်းမောင်းနေကြတဲ့ မြေစာသယ်ကားတွေ၊ စက်ယန္တရား
မျိုးစုံရဲ့ အသံတွေ၊ ကြာပွတ်နဲ့အရိုက်မခံရယုံတစ်မယ် နေပူထဲမှာ အလုပ်လုပ်ကြ
ရတဲ့ မြန်မာအလုပ်သမားတွေရဲ့ပုံရိပ်တွေ၊ အရိပ်ထဲကခုံမှာ စတိုင်ကျကျထိုင်နေတဲ့
အသားဖြူဖြူဝဖိုင့်ဖိုင့်လူက ဗမာသံမပီတပီ အာဏာသံပါပါနဲ့ လက်ညှိုးထိုးပြီး အမိန့်
ပေးခိုင်းနေတဲ့အသံတွေ၊ တိတ်ဆိတ်နေတဲ့ အဆောင်တန်းလျားတွေကလွဲပြီး ဘာ
ဆိုဘာမှမကြားရ၊ မမြင်ရ၊ မတွေ့ရတော့။

အခြေအနေတွေကြောင့် မော်ဒေသအနှံ့အပြားက ကုမ္ပဏီတွေ ရပ်ဆိုင်း
နေကြရတာလဲ တစ်နှစ်ကျော်ခဲ့ပြီးမဟုတ်လား။

ယခုလုပ်ကွက်တွေထဲမှာ လှုပ်ရှားသွားလာနေကြတဲ့ပုံရိပ်တွေကတော့
ကုမ္ပဏီဝန်ထမ်းတွေမဟုတ်၊ ခေတ်အပျက်ကိုစောင့်နေကြတဲ့ အချောင်သမားတွေ
လား။ ဒါမှမဟုတ် ဘဝတစ်လျှောက်လုံးပြည့်စုံဖို့အတွက် အမှန်တကယ် ရိုးရိုးသား
သားရှာဖွေနေကြတဲ့ ကျောက်တူးသမားတွေလား။ ဘယ်လိုပဲပြောပြော၊ ဘယ်လို
ဆိုဆို၊ ဘယ်နေရာကိုကြည့်ကြည့် သူတို့က နေရာယူစိုးမိုးပြီး တူးဆွရှာဖွေကြလေရဲ့။

ဟိုတုန်းက ကုမ္ပဏီမြေစာသွန်တဲ့အချိန် မြေစာပုံကို စိန်တူကိုင်ပြီး လာတဲ့လူမှန်သမျှ အားလုံး ရေမဆေးပဲ။ အခုတော့ သူတို့က ရေမဆေးသမားတွေမဟုတ်၊ လက်ထဲမှာ စိန်တူကိုင်ထားတာလည်းမတွေ့ရ။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ကျော် လက်ကျင်းခေတ်က သံတိုင်တိုင်ကိုင်ပြီးတူးနေကြတော့ သူတို့ကိုခေတ်သစ်ကျောက်တူးသမားလို့ခေါ်ရမလား ဒါမှမဟုတ် "တစ်ကျော့ပြန် သံတိုင်ချစ်သူများ" လို့ဆိုရမလား။

တစ်ချိန်က ဒီလုပ်ကွက်တွေထဲမှာ ခုလိုတူးဖို့မပြောနဲ့၊ ခြေတစ်ဖဝါးတောင်ချလို့မရ၊ ရာဇဝင်ထဲကလို "ခြေကျူးခြေဖြတ်၊ လက်ကျူးလက်ဖြတ်" ဆိုတဲ့နေရာတွေ။ လုပ်ကွက်ခြံစည်းရိုးတစ်လျှောက် သူတို့အသံထွက်နဲ့ စာတွေရေးထားလိုက်သေးတယ်။ "ဖျားလားမဟုတ်ပါ၊ မီဝီးရ"တဲ့။ ခုတော့ မဖြတ်ရ၊ မဝင်ရ ပြောလည်းမရတော့ဘူး။

စက်ယန္တရားတွေရဲ့နေရာမှာ ထောင်နဲ့ချီတဲ့ကျောက်တူးသမားတွေ၊ ကမ်းပါးယံတွေမှာလည်း တချို့က စောင်စုတ်၊ တချို့က ပုဆိုးစုတ်တွေကာပြီး အဖွဲ့လိုက်တူးနေကြတာကိုလည်းတွေ့ခဲ့ရပါတယ်။ ဘယ်မော်၊ ဘယ်လုပ်ကွက်ထဲမှာမြေပြိုကျလို့ လူဘယ်နှစ်ယောက်သေသွားပြီဆိုတဲ့ အသံတွေလည်း နေ့စဉ်လိုလိုကြားနေရတယ်။ သိရသလောက်ပြောရရင် ဒီ ရှစ်လ၊ ကိုးလအတွင်း မော်စီစာမော်အနီးတစ်ဝိုက် အယောက် ၅၀ ကျော် ရှိသွားပြီလို့သိရပါတယ်။

ဒါပေမဲ့ ဘယ်လောက်သေသေ ဆက်တူးနေဆဲပဲ။ နေ့တူးလို့တောင်အားမရ၊ ညအချိန်ပါ တူးနေကြတော့ အပေါ်ကပြိုကျလာမယ့် အန္တရာယ်ကိုတောင်ဂရုမစိုက်နိုင်ကြတော့ဘူး။ အခွင့်အရေးရတဲ့အချိန် အလုအယက်အပြိုင်အဆိုင် တူးနေကြတာကိုကြည့်ပြီး ရင်လေးမိပါတယ်။

"ဒါဒို့မြေ၊ ဒါဒို့မြေ၊ ဒို့ပိုင်တဲ့မြေ"ဆိုတာ ခုမှမှန်တာဗျ။ ကြိုက်တဲ့နေရာမှာတူးလို့ရတယ်။ ကုမ္ပဏီတွေက အပေါ်ပိုင်း ခေါင်းပေါင်းကျင်းပြီးသားဆိုတော့အဆင်သင့် ကျောက်ကျောထိုးပြီးရှာရုံပဲ။ တစ်ရက်ကို ကျောက်မျိုး ၁၀ လုံးလောက်ရတယ်။ ကံကောင်းတဲ့လူက ဘော်ဒီခွံချတ်တွေရကြတယ်။ ဒီတစ်ခါ သူဌေးမဖြစ်ရင် မဖြစ်တော့ဘူး။ အခွင့်အရေးရတုန်း နေ့ရောညရော တူးမှာပဲ"ဟုမော်စီစာမော်မှ ကျောက်တူးသမား တစ်ယောက်ကပြောပြသည်။

ဘယ်အချိန်တုန်းထဲက အပြီးအတေးထားထားသလဲမသိ။ နေပူထဲမှာ အား
ကာင်းမောင်းသန်လူငယ်တွေချည်း တူးနေလိုက်ကြတာ ချွေးသံတရွဲရွဲ ပထမတော့
ကလောက်ပဲတူးရမယ်၊ ရှာရမယ် အမှတ်နဲ့ ကမ်းပါးယံတွေကို သံတိုင်နဲ့ လွယ်
ွယ်ထိုးချပြီး ရှာကြတယ်။ သူ့နေရာမရှိ ဦးရာလူစနစ်၊ သက်ဆိုင်ရာကလည်း
တတာလည်းခဏ၊ နောက်နေ့ပြန်တူးနေကြတယ်။

ဒီလိုနဲ့ မော်နယ်မြေမှာ သေနတ်သံတွေ၊ အမြောက်သံတွေ အဆက်မပြတ်
ကြားနေရတော့ အခြေအနေတွေက တစ်နေ့တစ်နေ့ ပိုပိုဆိုးလာခဲ့တယ်။ ဒါပေမဲ့
ကျောက်တူးသမားတွေက ဂရုမစိုက်၊ ဘယ်လုပ်ကွက်ထဲက ဘယ်နေရာမှာ ကျောက်
ကျာကောင်းသလဲဆိုတာကိုပဲ အာရုံစိုက်နေကြတယ်။ သံတိုင်ကို ဆိုင်ကယ်ဘေး
မှာချည်ပြီး ဟိုမော်ကနေ၊ ဒီမော် အပြေးအလွှားသွားလာနေကြတယ်။

တစ်လထက်တစ်လ လူတွေက ပိုပိုများများလာတော့ သူ့နေရာကိုယ့်နေရာ
အတည်တကျမှတ်ပြီး တစ်ချိန်က သံတိုင်ခေတ်လိုဖြစ်လာခဲ့တယ်။ ခေတ်ကာလ
ကောင်းဘူးဆိုတာမှ ဒေသခံ လောပန်းတွေက သူ့ရွာကိုယ့်ရွာက လူငယ်တွေကို
ကျောက်တူးဖို့ခေါ်လိုက်တာ မော်ထဲကအိမ်တစ်အိမ် တဲတစ်တဲမှာ လူအနည်းဆုံး
ယောက်၊ ၁၅ယောက်ထားပြီး ကျင်းထောင်တဲ့အဆင့်အထိဖြစ်လာခဲ့တယ်။

ကျောက်ကျောကောင်းတဲ့လုပ်ကွက်တွေထဲမှာ တစ်ကျင်းကို လေးငါး
ယောက်နဲ့ထားရင်ထားနိုင်သလို သုံးလေးကျင်းထိရှိကြတယ်၊ ကျင်းတွေက လုပ်
ကွက်အပြည့်ဆိုတော့ လေးငါးသိန်းတန် ကျောက်က နေ့စဉ်လိုလိုရကြတယ်။ ကံ
ကောင်းတဲ့ကျင်းတွေဆို သိန်းရာပိုင်း၊ ထောင်ပိုင်းကျောက်တွေထိရကြတယ်။
ဒီသတင်းတွေကို လောပန်းကြီးတွေကကြားတော့ စပြီးနေရာယူထားကြတဲ့ တူး
သက်စကျင်းတွေကို ကျောက်ကျောကောင်းရင် ကောင်းသလို လေးငါးဆယ်သိန်း
အထိပေးပြီး ကျင်းသားခေါ်တူးခိုင်းထားကြတယ်။

ကျင်းအနီးတစ်ဝိုက် ဈေးသည်တွေနဲ့ တစ်စတစ်စ စည်ကားလာခဲ့တယ်။
အခြေအနေကလည်း မကောင်းသေးတော့ ဘယ်သက်ဆိုင်ရာအဖွဲ့မှ လာပြောတဲ့သူ
မရှိ၊ ကျောက်တူးသမားတွေကတော့ အခွင့်အရေးကို အပြည့်အဝယူကောင်းနေကြဆဲ။

ကျွန်တော်တို့မော်က ကုဋေကျောတွေဆိုတော့ အရမ်းမာတယ်။ နှစ်
ယောက်သုံးယောက် တစ်ရက်လုံးတူးမှ တစ်တောင်တောင်မကျဘူး။ မော်စီစာတွေ

ဖက်ကလူတွေကတော့ ကျောက်ကောင်းရတယ်လို့ကြားတယ်။ ကျွန်တော်တို့ မှော်ကတူးရတာမလွယ်တော့ တစ်ရက်လုံးမှာ ကျောက်မျိုးတစ်လုံး မြင်ရဖို့မလွယ်ဘူး။ ရရင်လည်း ဝယ်တဲ့လူမရှိတော့ ပိုဆိုးတာပေါ့ဗျာ''ဟု ဗလခမှော်က ကျောက်တူးသမားတစ်ယောက်က ပြောပြတယ်။

အခြေအနေတွေကလည်း တစ်ရက်တစ်မျိုး သေနတ်သံတွေ၊ မိုင်းသံတွေကို အလေးအထားနိုင်။ ကျောက်ကောင်းရဖို့ကိုသာ ဂရုစိုက်ပြီး တခြားဘာကိုမှ ကြောက်ရကောင်းမှန်းမသိကြတော့။ ကုမ္ပဏီတွေ အချိန်မရလို့ ချန်ထားခဲ့တဲ့ ကျောက်ကျောကမ်းပါးယံတွေလည်း မြေပြင်အတိဖြစ်သွားခဲ့ကြတယ်။

တူးတာနဲ့တင်အားမရကြတော့ ကုမ္ပဏီတွေက လုံးဝမရှာရသေးတဲ့ သီးသန့်မြေစာပုံမှာ ဝင်ရှာကြတယ်။ ပြီးတော့ မြေစာပုံတွေကို စက်တွေနဲ့ရွှေ့ရ၊ ကျောက်ရ မျှောတွေခံပြီး တိုက်ချတဲ့အထိဖြစ်လာကြတော့ သက်ဆိုင်ရာက တားမြစ်တဲ့အဆင့်ရောက်လာခဲ့တယ်။

''တူးတာတူးနေရတာ စိတ်ကမဖြောင့်ဘူး။ လာတယ်လို့ကြားရင် ထွက်ပြေးလိုက်တယ်။ အကယ်၍မိသွားရင်လည်း ဘာမှမလုပ်ပါဘူး။ ကောင်းကောင်းမွန်မွန်ပြောပြီး ပြန်လွှတ်ပေးပါတယ်။ အဓိကကတော့ မြေစာပုံတွေကို စက်မျှောမတိုက်ဖို့ဘဲ၊ ဘာပဲဖြစ်ဖြစ် သူတို့ကို ဂရုမစိုက်တော့ မလုပ်နဲ့ပေါ့ဗျာ''ဟု ကျောက်တူးနေသူတစ်ယောက်က ပြောပြသည်။

နောက်ဆုံး မျှောစင်တွေကိုဖျက်ယူ၊ သွပ်တွေကို ခွာယူနဲ့ အခြေအနေကဆိုးလာတော့ မဖြစ်မနေတားဆီးခဲ့ကြတယ်။ အဲဒီအချိန်မှာ ကျောက်တူးခွင့်မရကြတော့ အိပ်လိုက်စားလိုက်ပေါ့။ ဒီကြားထဲ လစ်ရရင်လစ်သလို ပြေးတူးလိုက်ကြတဲ့သူကရှိသေး။ မတူးရတဲ့ရက်က ခပ်များများဆိုတော့ တစ်ဝက်နီးပါးရွာကို ပြန်ဆင်းကြတယ်။ လောပန်းတွေကလည်း ဆက်ပြီးလက်မခံကြတော့ နှစ်ယောက်သုံးယောက်တစ်တွဲ ကြုံရာတူးပြီးရပ်တည်နေကြရတယ်၊ ကျောက်ရပြန်တော့လည်း ထင်သလိုမရကြ။

''မှော်ထဲမှာနေပြီး ကျောက်မတူးရရင်ဘာလုပ်မလဲ။ အငတ်တော့မခံနိုင်ဘူး။ မရရတဲ့နေရာ ရှာတူးရမှာပဲ''ဆိုတဲ့ အာဂလူတွေကလည်း ရှိသေးတယ်။ အခြေအနေကောင်းတာ၊ မကောင်းတာကို ဂရုမစိုက်။ အခွင့်အရေးရတုန်း လောပန်း

ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့စိတ်က သူတို့ရင်ထဲမှာအပြည့်။

ဒီအဖြစ်အပျက်တွေက လွန်ခဲ့တဲ့ ခြောက်လ၊ ခုနစ်လလောက်က တချို့တစ်ဝက်မြင် ကွင်းပုံရိပ်တွေပါ။ ယခုတော့ ထိုသို့မဟုတ် အခြေအနေတွေက တစ်ရက်နဲ့တစ်ရက် မတူ။ ပြေးလွှားလှုပ်ရှားနေကြတဲ့ ကျောက်တူးသမားတွေက နည်းသွားကြပြီ။ အစုလိုက် အပြုံလိုက်မတွေ့ရတော့။ တချို့တစ်ဝက် လုပ်ကွက်ကမ်းပါးယံတွေမှာ သတိ ဝီရိယနဲ့တူးနေကြရှာနေကြဆဲ။ ဒါပေမဲ့ ဟိုတုန်းကလို ငြိမ်းငြိမ်းချမ်းချမ်းတော့မဟုတ်။ တူးတဲ့လူကတူး၊ ပြေးတဲ့လူတွေကလည်း ဒုနဲ့ဒေး။

မော်ဒေသအနှံ့အပြားမှာ အခြေအနေမကောင်းလို့ပြောပြော၊ ကောင်းတယ်လို့ပဲဆိုဆို တူးခွင့်ရတဲ့အချိန်မှာ တူးခွင့်ရှာခွင့်ရကြလို့ အောက်ခြေတော်တော်များများ ကျောက်တူးသမားတွေရဲ့လည်ပင်းမှာ ရွှေစလေးတွေ တဝင်းဝင်းနဲ့ ...။

(အန္တရာယ်တွေကြားမှာ စွန့်စွန့်စားစား ရှာဖွေနေကြတဲ့ သံတိုင်ချစ်သူများ ကျောက်ကောင်းရကြပါစေ)

(၂၀၁၁ ခုနှစ်အတွင်း မော်ထဲ အခြေအနေ ...)

**နိုင်မိုး(လုံခင်း)**


လုံးခင်းကျေးရွာ
လှိုက်လှဲစွာကြိုဆိုပါ၏


ကျွန်တော်
ဖားကန့်ကျော်ပြန်

# ကျွန်တော် ဖားကန့် "မော်ပြန်"

ဖားကန့်မော်ထဲကို ရောက်လာကြတဲ့လူတွေဟာ စီးပွားရေးကိုအဓိကထား ပြီး တက်လာခဲ့ကြတာ များပါတယ်။ ဒီလိုအန္တရာယ်များတဲ့ တောတောင်တွေကြားထဲ မှာ အပျော်ဆိုပြီး ဘယ်သူမှသီးသန့်လာမနေကြပါဘူး။ မြို့ကလူတွေကလည်း မြို့ လယ်ထဲက ဟိုတယ်၊ မိုတယ် အဆင့်မြင့်ခေတ်မီတိုက်ကြီးတွေကိုကြည့်ပြီး ငါလည်း အဲဒီလို အဆင်မြင့်မြင့်နေနိုင်အောင်၊ ရွာကလူတွေကလည်း ရွာဘေးကားလမ်းမပေါ် မောင်းသွားကြတဲ့ အဆင့်မြင့်မြင့်ဇိမ်ခံကားတွေကိုကြည့်ပြီး ငါလည်း အဲဒီလိုကား တွေစီးနိုင်အောင်၊ ရွာလယ်မှာ တိုက်ကြီးနဲ့နေနိုင်အောင်ဆိုပြီး ငွေမြန်မြန်ရတဲ့ ဖား ကန့်ဆိုတဲ့နေရာမျိုးကို ရွေးချယ်ဖို့ ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့စိတ်ကူးတွေ၊ ခံပြင်းစိတ် တွေနဲ့ တက်လာခဲ့ကြတာအမှန်ပါ။

ငွေကို အဓိကထားပြီးတက်လာတဲ့အထဲမှာ ကျွန်တော် အပါအဝင်ပါ . . .။ လူဖြစ်လာရင် ငွေကိုမကြိုက်တဲ့သူမရှိသလောက်ကိုရှားပါတယ်။ တချို့က ငွေကို ဒုတိယဘုရားသခင်လို့တောင်ဆိုကြသေး။ ငွေကို အစုလိုက်တစ်ခါတည်းရှာလို့ မရကြ လို့သာ ကျွေန်ဆောင်နေကြတာ စိတ်ထဲမှာတော့ ငွေမှငွေ။ ခုခေတ်မှာ ငွေရှိမှလည်း လူရာဝင်တာကိုး။ ငွေနဲ့ပတ်သက်လာရင် ယောကျ်ားတွေထက် မိန်းမတွေက ပိုဆိုးတယ်ဗျ။

ကိုယ့်ရပ်ကိုယ့်ရွာမှာဆိုရင် ငယ်ငယ်ရွယ်ရွယ်ကောင်မလေးတွေကအစ ငွေ ရှိတဲ့လူကိုမှ ချစ်ချင်ကြိုက်ချင်ကြတယ်။ ရုပ်ရှိရင်က တစ်မျိုး။ ငွေကလည်းမရှိ ရုပ်ကလည်းဆိုးဆိုရင်တော့ တစ်လင်ကွာလား။ မုဆိုးမလားဆိုတာသာ စဉ်းစားထား ပေတော့။ ရုပ်ဆိုးပြီး သွားခေါ်နေပါစေ ငွေရှိလို့ကတော့ ဝိုင်းဝိုင်းလည်ပေါ့ဗျာ။

တနေ့ ကျွန်တော်တို့ရွာက ကွမ်းတောင်ကိုင်ကို သူဌေးသားနဲ့ ကျွန်တော် ယှဉ်ပိုးကြတယ်။ ရုပ်ချင်းယှဉ်ရင် ကျွန်တော်က သာတယ်။ ကွမ်းတောင်ကိုင်ရဲ့ အဆုံးအဖြတ်က အမလေး အသားမဲပြီးသွားခေါ်နေတဲ့သူဌေးသားကိုမှ ချစ်သတဲ့။

ကျွန်တော်ဖြင့် ခံပြင်းလိုက်တာလေ။ သစ်ပင်ကို ခေါင်းနဲ့သာပစ်ဆောင့်တိုက်လိုက်ချင်တယ်။ ဒါပေမဲ့ စိတ်ထိန်းပြီး အဖြေကို ကျွန်တော်ရှာကြည့်တယ်။ သိပြီ ... သိပြီ။ ငွေ ... ငွေ ငွေကြောင့်ကိုး။

ဒါကြောင့် ငွေကိုမရရအောင်ရှာမယ်ဆိုတဲ့ ခံပြင်းစိတ်နဲ့ ခရီးထွက်ဖို့ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ တချို့လူတွေကို ပြည်ပအားကိုးပြီးမှတော့ သွားမရှာဘူး။ အားလည်းမကျဘူး။ အားလည်းမကိုးဘူး။ ကျွန်တော့်ကို တောသားဆိုပြီး အထင်မသေးနဲ့။ ကျွန်တော့် ဘကြီး မြို့ကဝယ်လာတဲ့ သတင်းစာ၊ ဂျာနယ် အကုန်ဖတ်ရတယ်။ ရေဒီယို နားထောင်တယ်။ အမလေး နိုင်ငံခြားကို အထင်ကြီး အလုပ်သွားလုပ်ကြတဲ့ လူတွေ လုပ်အားခမရလို့ ဒုက္ခရောက်နေကြတာတွေ၊ လူလူချင်းရောင်းစားခံရတာတွေ၊ စရိတ်မရှိလို့ မပြန်နိုင်တာတွေ အများကြီးပါ။ အဓိကက အလုပ်လုပ်ဖို့ပဲ။

ကိုယ့်နိုင်ငံထဲမှာလည်း နေရာဒေသအနှံ့ ရတနာသိုက်တွေအများကြီး။ တကယ်အလုပ်လုပ်ရင် ကမ္ဘာကျော် ဘီလျံနာသူဌေးကြီးတွေတောင် နောက်ကျကျန်ရစ်သွားနိုင်တယ်။ ယောက်ျားဆိုတာ စွန့်စားရဲမှရမယ်။ ဘာမှမလုပ်ရင် ဘာမှရမှာမဟုတ်ဘူး။ ဒါကြောင့် အောင်မြင်ခြင်းလမ်းစကို ရှာခဲ့တယ်။

ဘယ်ကိုသွားမလဲမမေးနဲ့။ သူများတကာတွေ မော်သွားငွေရှာရတာလွယ်ပြီး လောပန်းအမြန်ဖြစ်သွားတယ်လို့ပြောတဲ့ ကျောက်စိမ်းထွက်တဲ့ မော်ထဲကိုပဲ သွားမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ မော်ထဲလို့သာပြောရတာ ကိုယ်လည်း တစ်ခေါက်မှမရောက်ဖူးဘူး။ လမ်းစရိတ်ကလည်း နည်းနည်းနဲ့ မရဘူးလို့ကြားတယ်။ အေးလေ ... ထောင်မြင်ချင်ရင် ရာစွန့်ရဲရမှာပေါ့။ အဖေ့ဆီပြောကြည့်တော့လည်း အကြောင်းကထူးမလာ။ ကြံရာမရတဲ့အဆုံး အိမ်အောက်ချည်ထားတဲ့ နွားတစ်ကောင်ရောင်းပြီး အမြန်လစ်ခဲ့တော့တာပဲ။ မရောင်းနဲ့ပြောလည်း မရဘူး။ ကျွန်တော်က လောပန်းအမြန်ဖြစ်ချင်တာကိုး။

ရွာကထွက်ကာနီး အဖေ့ကိုတောင် စကားတစ်ခွန်းပြောခဲ့သေးတယ်၊ အဖေရေ ... သား မော်ထဲကပြန်လာရင် ပါကျဲဒိုးကားပေါ် ငွေအပြည့်တင်ပြီး ပြန်လာမယ်လို့၊ အဖေလည်း သက်ပြင်းကြီးချလို့ ရွာမှာကျန်ခဲ့တော့တာပဲ။

မော်ထဲမှာ မဖြစ်ဘူးတာတွေ၊ မတွေ့ဘူးတာတွေ မြင်လိုက်ရတော့ အံ့ဩတာပေါ့။ ဘာလုပ်မလဲ၊ ဘာစားမလဲ အကုန်ရတယ်၊ ဒါပေမဲ့ အဲဒါတွေကို အသာ

တား။ အချိန်က သိပ်ဆွဲလို့မရဘူး။ ပါလာတဲ့ငွေလေး မကုန်ခင် ရေမဆေးမွေးတဲ့ လာပန်းကိုရှာပြီး ကျောက်ရှာဖို့ မြေစာပုံတွေဆီ ချီတက်ခဲ့ရပါတော့တယ်။

အဖော်သူငယ်ချင်းက "နားမလည်ရင်လည်း သဘောထားရှာနော်"တဲ့။ "ဘာမှနားမလည်တဲ့လူသစ်ဆိုရင် မှော်စောင့်နတ်က ကျောက်ကောင်းတစ်လုံးပေး တတ်တယ်"တဲ့။ မကြာပါဘူး။ ကံကောင်းချင်တော့ သုံးရက်မြောက်နေ့မှာ ဆယ် ကျောက်တစ်လုံး ကောက်ရတယ်။ လောပန်းလည်း ကျောက်ရောင်းပြီး သူ့အချိုးချ သူပေးတော့ ငွေကိုမြင်ပြီး ပျော်တာပေါ့။ ပေးတဲ့ငွေကလည်း သိန်းဂဏန်းဆိုတော့ မြင်မှမမြင်ဘူးပဲ။ သူငယ်ချင်းတွေနဲ့ သုံးလိုက်ဖြုန်းလိုက်။ နောက်လည်း ပြန်ရဦး မှာပေါ့။ ငွေရှိတော့ ဘော်ဒါတွေကလည်း ပေါမှပေါ။

တစ်ခါမှမဝတ်ဘူးတဲ့ ဘောင်းဘီရှည်တွေဝတ်လို့၊ ညနေအလုပ်နားချိန်ဆို ရင် ဘီယာလေးတမြမြ။ သရဲကြောက်လို့ အဖော်ခေါ်အိပ်တာက ပါသေး။ အိမ်ကို ငွေပြန်ပို့ဖို့ဆိုတာကလည်း နည်းသေးလို့ မပို့သေးဘူး။ သိန်းရာပိုင်းရမှ ပို့ရင်းပြန်မယ် ပေါ့။ မကြာပါဘူး။ အဲဒီငွေတွေ ပျော်လိုက်ပါးလိုက်နဲ့ ကုန်ရော။

ကုမ္ပဏီကပစ်တဲ့မြေစာတွေလည်း ကြာလေမကောင်းလေ။ ကျင်းမှာ နှစ် ထပ်သုံးထပ် ရှာရုံတင်မကဘူး။ မျှော်စင်တွေပေါ်တင်ပြီး အသေးစိတ်ရှာတော့ ဘယ် မှာကျောက်ကောင်းရတော့မှာလဲ။ သိန်းကျောက်မပြောနဲ့၊ သောင်းကျောက်တောင် သိပ်မတွေ့ရတော့ဘူး။ ဒါနဲ့ စိတ်ဓာတ်ကျပြီး မပုံ၊ ဖားပြင်မှော်ကနေပြီး လုံးခင်း မှော်စီစာ၊ မလောင်၊ ကုဋ္ဌေစတဲ့ မှော်တွေအနှံ့လိုက်ရှာလဲမရ။ ကြာတော့ လောပန်းကို တောင်မကြည့်ရဲတော့ဘူး။ လောပန်းရှေ့မှာတော့ ရေမဆေးဆိုပြီးထွက်လာခဲ့။ ဟို သူငယ်ချင်းတဲထဲဝင်အိပ်၊ ဒီသူငယ်ချင်းတဲထဲဝင်စား။ လောပန်းလည်း သိပ်မကြည် ချင်တော့။ ဒီလိုနဲ့ "မှော်ကြာ"ဖြစ်မှန်းမသိ ဖြစ်လာခဲ့တယ်။ နောက်ဆုံး ရွာပြန် လယ်လုပ်စားဖို့ ဆုံးဖြတ်ပြီး ဆင်းလာခဲ့ပါတော့တယ်။

## မှော်ပြန်

ရွာကိုရောက်ခဲ့ပါပြီ။ အဖေ့ကိုပြောခဲ့တဲ့ ပါဂျဲရိုးကားနဲ့တော့ မဟုတ်ဘူး။ လောပန်းပေးခဲ့တဲ့ လမ်းစရိတ်နဲ့ ရွာရောက်ရောက်ခြင်း ဖားကန့်ပြန်ကွဆိုပြီး ရွာက လူတွေအထင်ကြီးအောင် လက်ကျန်ငွေလေးနဲ့ ရွာဈေးဆိုင်လေးမှာ ဘီယာဝင်သောက်

လိုက်တယ်။ သူငယ်ချင်းတွေကို လာပါကွ ... သောက်ရအောင်လို့ မခေါ်ရဲဘူး။ ဘယ်ခေါ်ရဲပဲ့မလဲ။ ကျွန်တော့်မှာပါတာက ဘီယာတစ်လုံးစာလောက်ပဲပါတာကိုး။

## အရှက်ကွဲခဲ့တဲ့ မှော်ပြန်

ဘီယာလေးကို တစ်ကြိုက်ချင်း ငုံသောက်နေတုန်း နောက်ဝိုင်းက အသံကြားလိုက်ရတယ်။ "ပေးစမ်းပါ ဘီယာတစ်ဖာတဲ့"။ ဟိုက် သွားပြီ ... ငါ့ထက်သာသွားပြီပေါ့။ နောက်တစ်ယောက် လာပြန်ပြီ ဆိုင်ကယ်ကြီးစီးလို့။ "ပေးစမ်းကွာ ငါးသုံးလုံးစီးကရက် တစ်ကာတွန်း"တဲ့။ ဒီကြားထဲ စကားကပြောလိုက်သေး။ "ဒီနှစ် ပဲရောင်းရတာ မနှစ်ကလောက် မရဘူးကွာ။ သိန်းငါးဆယ်လောက်ပဲရတယ်"တဲ့။ အမလေး ... ပြောနေလိုက်ကြတာ သိန်းဂဏန်းတွေချည်းပဲ။ အထင်ကြီးအောင် ဆိုပြီး ဘီယာတစ်လုံးကို မြေပဲဆံလေးနဲ့မြည်းနေတဲ့ ဖားကန့်ပြန် လောပန်းကြီး ခေါင်းကို မဖော်ရဲတော့ဘူး။

ဘုရားပွဲ အလှူပွဲဆိုရင်လည်း ဆိုင်ကယ်တွေတဝီဝီနဲ့၊ ဒီကြားထဲ အဖေက အလှူပွဲသွားလိုက်ဦးတဲ့။ အိမ်မှာက ဆိုင်ကယ်မရှိတော့ ဘာနဲ့သွားမလဲ။ အဖေက မရဘူး။ "ခြေကျင်သွားတဲ့"။ အမလေး မသွားရဲပါဘူးဗျာ။ နေမကောင်းဘူးဆိုပြီး အခန်းထဲဝင်ပြေးအိပ်ခဲ့ရတယ်။ အလှူပွဲမပြောနဲ့၊ ရွာထဲတောင် မထွက်ရဲတော့ဘူး။

ဒီကြားထဲ အဘွားက ဆူသေးတယ်။ "မှော်ထဲမှာနေပြီး ပိုက်ဆံရလည်း မဟုတ်တာတွေ သုံးဖြုန်းနေတာကိုး။ စုမှ မစုတာ။ သူဌေးတော့မဖြစ်ဘူး။ ခွေးပဲ ဖြစ်မယ်"တဲ့။ ပြောလည်း ခံရတော့မှာပေါ့။ ကိုယ်ကလည်း ဟုတ်နေတာကိုး။

မိုးတွင်းရောက်လို့ လယ်လုပ်မယ်ဆိုပြန်တော့လည်း ကိုယ်က နွားရှဉ်းလေး မောင်းလို့ လယ်ကွင်းထဲအလာ ... အမလေး သူတို့က စက်တပ်ယာဉ်တွေနဲ့ ထယ်ထိုး၊ စပါးရိတ်၊ နွားမှာက အမ်ပီသရီးနားကျပ်တပ်ပြီး သီချင်းတွေနားထောင်လို့၊ အမလေး ... ဒီတစ်ခေါက် မှော်ကြွားကြီး အရှက်ကွဲတာမှ ရက်ရက်စက်စက်ပါပဲဗျာ။

နောက်ဆုံးတော့ ရှက်ရှက်နဲ့ ကျန်တဲ့ နွားတစ်ကောင်ရောင်းပြီး မှော်ထဲကို ပြန်တက်ပြေးခဲ့ရပါတော့တယ်။ အိမ်ကလူတွေက သူတို့နွားလေးကိုနမြောလို့ ငိုလိုက်ကြတာ။ ပိုက်ဆံတော့ ရအောင်မရှာခဲ့ဘူး။ အိမ်ကချည်းပဲ သယ်နေတာတဲ့။ ပြောလည်း မတတ်နိုင်ဘူး။ ရွာမှာဆက်နေရင် ရှက်ပြီးရင်းရှက် ဖြစ်တော့မှာကိုး။

## မော်ထဲ တက်ပြေးခဲ့


ဒုတိယအကြိမ် မော်ထဲပြန်ရောက်တော့လည်း သူဌေးလိုလို ခွေးလိုလို။
ရှာနေပြီး ပင်ပန်းတဲ့အလုပ်မလုပ်ချင်တော့ဘူး။ မော်ထဲပြန်ရောက်တော့ကော
ဟိုတုန်းကလို နေပူထဲမှာနေပြီး ရေမဆေးလည်း မရှာချင်တော့ဘူး။ တစ်ချိန်က
ရေမဆေး အတူရှာခဲ့ကြတဲ့ သူငယ်ချင်းတွေ သိန်းဆယ်ချီငွေကိုင်ပြီး မြေစာပုံမှာ
ကောက်ရိုးလောပန်းလုပ်ပြီး ကျောက်ဝယ်နေကြပြီ။ ကိုယ်ကတော့ လယ်သမားလား၊
ကျောက်သမားလား၊ တောင်မရောက် မြောက်မရောက်နဲ့ စမ်းတဝါးဝါးဖြစ်နေဆဲပါ။

နောက်ဆုံး လောပန်းပုံစံနဲ့ လေဆာဓာတ်မီး ခါးထိုးပြီး မြေစာပုံပေါ်တက်
လာခဲ့တယ်။ ဆိုက်နဲ့ဂိုက်နဲ့သာလျှောက်လာခဲ့တာ အိပ်ထဲမှာတော့ "တပည့်မရှား
တစ်ပြားမရှိ"။ ဗိုက်ထဲကလည်း တဂွီဂွီ တကွကွနဲ့။ မြေစာပုံပေါ်က လက်ဖက်
ရည်ဆိုင်၊ အကြော်ဆိုင်တွေမှာ ဘယ်သူငယ်ချင်းများ ထိုင်နေမလဲ။ ငါ့ကိုတွေ့ရင်
ခေါ်ပြီး ကျွေးပါ့မလား။ လည်တဆန့်ဆန့်နဲ့ ဝေ့ကြည့်လိုက်တယ်။ ခေါ်လို့ကတော့
နှစ်ခါခေါ်စရာမလိုဘူး။ တစ်ခါတည်း ဝင်ဆွဲလိုက်ရုံပဲ။

ဒီအချိန်မှာ ရေမဆေးတစ်ယောက်က ကျောက်လာပြရင်တော့ ဒုက္ခ . . .။
ကျောက်ဝယ်ဖို့ မပြောနဲ့ ထမင်း ကြော်တစ်ပွဲဖိုးတောင် မပါတဲ့ ကျွန်တော် မော်ပြန်ကြီး။
ကချင်စကားနဲ့ ပြောရရင် ကျွန်တော့်အိပ်ထဲမှာ (ဂွမ်ဖရော်) တစ်ပြားမှ မပါလို့ပါ။

(မှတ်ချက်။ ။ ဂွမ်ဖရော် ဆိုသည်မှာ ပိုက်ဆံကို ပြောသည်)

**နိုင်မိုး(လုံးခင်း)**



# ခေတ်ပျက်မှော်ထဲက

## လူငယ်နှင့်အလုပ်





# ခေတ်ပျက် မော်ထဲက လူငယ်နဲ့အလုပ်

ဖားကန့်မော်ဒေသဟာ အသက် ၁၇ မှ ၃၀ နှစ်ကြား အလုပ်လုပ်ကိုင်နိုင်တဲ့ လူငယ်အတော်များများကို အများဆုံးတွေ့ရှိရတဲ့ နယ်မြေတစ်ခုဆိုရင် မမှားဘူး။

ဘယ်မော်ကို သွားကြည့်ကြည့် ခွန်အားတွေအပြည့်၊ တက်တက်ကြွကြွ နဲ့ မြန်မာနိုင်ငံအနှံ့အပြားက လူငယ်လူရွယ်တွေကို သီးသန့် လက်ရွေးစင်ခေါ်ထား သလား အောက်မေ့ရပါတယ်။

အဲဒီလူငယ်တွေကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကျိုးရှိမဲ့နေရာ၊ လူတို့တစ်တွေရဲ့ဘဝတိုးတက်အောင်မြင်ဖို့ဆိုတဲ့နေရာတွေမှာ အလုပ်ပေးနိုင်ရင် ဘယ်လောက်ကောင်းမလဲလို့ စဉ်းစားမိတယ်။

ရန်ကုန်၊ မန္တလေးစတဲ့ မြို့ကြီးတွေမှာ အလုပ်လုပ်ရအောင်ကလည်း ဘာအလုပ်ပဲလုပ်လုပ် ချက်ချင်း လောပန်းမှမဖြစ်နိုင်တာ။ ကံကောင်းရင် ဦးဖွဲ့ဆိုပြီး နာရီ ပိုင်းအတွင်း လောပန်းဖြစ်နိုင်တာက ဖားကန့်မော်နယ်မြေ မဟုတ်လား။ လူငယ်တွေ အတော်များများကို အလုပ်ပေးနိုင်တာကလည်း ဖားကန့်မော်နယ်မြေပါ။

အခုဆိုရင် လူငယ်တွေ အားကိုးရတဲ့ မော်ဒေသမှာ နိုင်ငံရေးအခြေအနေ အရ ကုမ္ပဏီတွေ အလုပ်ရပ်နားနေကြတာ နှစ်နှစ်ကျော်ခဲ့ပြီ။

ကုမ္ပဏီတွေအနေနဲ့ ဘယ်နှနှစ်ပဲဖြစ်ဖြစ် ရပ်နားနေရပါစေ၊ တုန်လှုပ်မှုမရှိ သလို ဂရုလည်းစိုက်ကြမှာ မဟုတ်ပါဘူး။ လုပ်ခဲ့ကြတဲ့ ကုမ္ပဏီသက်တမ်းတစ်လျှောက် မှာ ကျောက်ကောင်းတွေ ဘယ်နှလုံး ထုတ်သွားကြပြီလဲ၊ တန်ဖိုးရှိတဲ့ကျောက်ကောင်း တွေအားလုံးကိုရော နိုင်ငံတော်က သိရဲ့လား။ အမှန်တကယ်ကော ပေးအပ်ကြရဲ့ လား။

တောတောင်တွေ၊ သဘာဝသယံဇာတအရင်းအမြစ်တွေ ဆုံးရှုံးခဲ့ရတာနဲ့ နိုင်ငံတော်အတွက် ပြန်လည်ပေးဆပ်တာနဲ့ကော မျှတမှုရှိရဲ့လား။ မမေးရဲတဲ့

လားပေါင်းများစွာ စကားလုံးတွေက ပြည်သူတွေရဲ့ရင်ထဲမှာ ရှိနေကြဆဲပါ။ ထား လိုက်ပါတော့။ ဒါတွေက သက်ဆိုင်သူတွေနဲ့ ကုမ္ပဏီလောပန်းတွေရဲ့အလုပ်။

ဖားကန့်နယ်မြေမှာ ကုမ္ပဏီတွေလုပ်ငန်းလုပ်တဲ့အချိန် ကုမ္ပဏီတစ်ဆိုက်ဒ်ကို အလုပ်သမားအယောက် ၂၀၀၊ ၃၀၀၊ တချို့ ကုမ္ပဏီတွေဆို ၇၀၀ ကျော် ၈၀၀ ရှိကြတယ်။

မှော်ထဲမှာ ကုမ္ပဏီအားလုံး ၃၀၀ ကျော်လောက်ရှိတယ်ဆိုတော့ လူပေါင်း ဘယ်နှစ်ယောက်ကို အလုပ်ပေးနိုင်ခဲ့သလဲ။ လုပ်ငန်းတွေ လည်ပတ်နေတော့ အားလုံးက အဆင်ပြေကြတယ်။

ဟော ... အခုလို ကုမ္ပဏီတွေရပ်နားလိုက်တော့။ ကုမ္ပဏီမှာ ဘက်ဟိုးမောင်း၊ ကားမောင်း စတဲ့ အလုပ်တွေလုပ်ခဲ့ကြတဲ့ လူငယ်တွေ အခုအပြင်မှာ ဘာလုပ်နေကြသလဲ။

ကုမ္ပဏီက အလုပ်မရှိလို့ ရွာပြန်လို့လည်း ရွာမှာအကြာပြီးမနေနိုင်ဘူး မဟုတ်လား။ ကုမ္ပဏီလုပ်ငန်း မစသေးရင်လည်း အပြင်မှာ ရေမဆေးရှာပြီး နေမယ်ဆိုတဲ့လူငယ်တွေ မြေစာပုံဟောင်းမှာ ပေါက်ပြားတိုလေးနဲ့ ဟိုချစ်၊ ဒီချစ် ကျောက်ကမရ။ တစ်မှော်ပြီးတစ်မှော် တဝဲလည်လည်နဲ့ အချိန်တွေ ကုန်မှန်းမသိ ကုန်ခဲ့ကြတယ်။

ကုမ္ပဏီမှာ ကားတွေ၊ စက်တွေနဲ့ အချိန်ကုန်ခဲ့ပြီး အပြင်မှာ တကယ် ရေမဆေးကျောက် ရှာတော့မယ်ဆိုတော့ ကျွမ်းကျင်မှုက မရှိလှဘူး။ ဒါပေမဲ့ ဘဝအကျိုးပေးက ဖန်တီးလာတော့ အတတ်နိုင်ဆုံး နားလည်အောင် ကြိုးစားရှာဖွေခဲ့ရတယ်။

နောက်ဆုံး စားဝတ်နေရေးအတွက် အခက်အခဲတွေ့လာတော့ အရဲစွန့်ပြီး လုပ်ကွက်တွေထဲ ဝင်တူးလိုက်၊ စစ်သားတွေ၊ ရဲတွေလာရင် ပြေးလိုက်နဲ့ စွန့်စွန့်စားစားရှာနေကြတယ်။ နေ့မရှာရရင် ညရှာတယ်။ မှော်ပေါင်းစုံက ကမ်းပါးယံတွေမှာ တူးတဲ့လူက တူး၊ ဖွဲတဲ့လူက ဖွဲ၊ တစ်ညလုံး မီးတဝင်းဝင်းနဲ့ ပိုးစုန်းကြူးတွေလား အောက်မေ့ရတယ်။

ဘယ်လိုပဲ စွန့်စားပြီးရှာရှာ ကျောက်က ရချင်မှရတာ၊ ကြာလာတော့ အိမ်ခန်းလစာက ပေးဖို့မရှိ။ စားဖို့ကလည်း မရှိဆိုတော့ ဒုက္ခပင်လယ်ဝေခဲ့ကြပြီ။

သာပန်းတွေဆီ အကူအညီတောင်းရအောင်ကလည်း ခဏခဏဆိုတော့ မဖြစ်၊ ငွေများတဲ့ခေတ်လည်း ကုန်ခဲ့ပြီမဟုတ်လား။

တစ်ချိန်က ကုမ္ပဏီမှာ ဘဝတူ နေခဲ့ကြ၊ လုပ်ခဲ့ကြတဲ့ ကားသမား၊ ဘက်ဟိုးသမားတွေ အတော်များများ အပြင်မှာ ဖြစ်သလိုရင်ဆိုင်နေကြရပြီ။

ကုမ္ပဏီနေတုန်းကတော့ ဘာမှပူစရာမရှိဘူး။ ဟော အခုဆို အပြင်နေ အပြင်စားဖို့ ကိုယ့်ဟာကိုယ် ရှာနေရပြီ။ ကျောက်ဆိုတာကလည်း ပုံမှန်အမြဲရတဲ့ အလုပ်မဟုတ်။ တစ်ရက်လုံးတူးမှ တစ်လုံးကောင်းတာ ရချင်ရမယ်၊ မရချင်မရဘူး။ တောင် ရောင်းစားလို့ ရဦးမှ။ နိုင်ငံရေးအခြေအနေက မကောင်း၊ မိုးတွင်းဆိုတော့ ဆိုးတာပေါ့။

ကုမ္ပဏီတွေကလည်း အလုပ်မစနိုင်။ အခြေအနေတွေကလည်း တစ်မျိုး တစ်မျိုး။ ကြာလာတော့ လူတွေအတော်များများ အလုပ်လက်မဲ့ဖြစ်လာကြတာ။ ကျောက်တူးလို့မရ၊ ရှာလို့က မလွယ်။ သံတိုင်ကိုင်ပြီး ကုမ္ပဏီလုပ်ကွက်ကမ်းပါးယံ အပုံအခွဲ့တွေကြားမှာ အချိန်ကုန်ပြီး ဝါးတားတားဖြစ်ခဲ့ရတယ်။ နောက်ဆုံး စိတ်ဓာတ် တွေကျ၊ တွေ့တဲ့အလုပ်လုပ်ဖို့ ကံကြမ္မာက ဖန်တီးပေးလာတော့တယ်။

ကုမ္ပဏီမှာ လုပ်ခဲ့ကြတဲ့ ကားသမား၊ ဘက်ဟိုးသမား၊ အယောက် ၁၀၀ မှာ ၁၀ ယောက်က အပြင်မှာ အခြေအနေရှိလို့ ဘာမှမဖြစ်ပေမယ့် ကျန်တဲ့ အယောက် ၉၀ ကတော့ လမ်းဘေးရောက်နေတာများတယ်။ ရွာပြန်ရအောင်ကလည်း ငွေမပါတော့ မပြန်တတ်ကြဘူး။ အဲဒီထဲမှာ ဘွဲ့ရပညာတတ်တွေပါတယ်။ ၁၀ ယောက်မှာ သုံးယောက်က ဘွဲ့ရပဲ။ ကုမ္ပဏီထဲနေတုန်းကတော့ ဆရာကြီးဂိုက်နဲ့ တစ်ရက် သောင်းဂဏန်းငွေသုံးနိုင်ကြတယ်။ အလုပ်ရှိတော့ မသိသာဘူးလေ။ တော့ အဲဒီစိတ်တွေပျောက်၊ အရှက်ကိုဘေးထား၊ ပလတ်စတစ်ပုလင်းခွံကောက်ပြီး ရောင်းစားနေရတယ်။ ရှက်နေရင် ထမင်းမစားရတော့ဘူးလို့ ကုမ္ပဏီတစ်ခုတွင် ကားကြီးကြပ်အဆင့်ရှိ ကားသမားတစ်ယောက်က ပြောပြတယ်။

တစ်ချိန်က ခင်မင်ခဲ့ကြတဲ့ မိတ်ဆွေ သူငယ်ချင်းဆီမှာလည်း အမျိုးမျိုး အကြောင်းပြပြီး လိမ်တတ်၊ ညာတတ်လာကြတယ်။ လွယ်လွယ်တွေ့တဲ့ ပစ္စည်း နှစ်ထောင်သုံးထောင်တန်လည်း ခိုးတတ်လာတယ်။ နောက်ဆုံး ''ငွေရမယ်ဆိုရင် လူတောင် သတ်ဖို့ဝန်မလေးတော့ဘူး''တဲ့။ အမလေး အတော်ကြောက်စရာ

ကောင်းတဲ့ အလုပ်လက်မဲ့ ပြဿနာပါလားလို့ စဉ်းစားမိတယ်။

"မော်ထဲမှာနေပြီး ဘာအလုပ်မရှိရမှာလဲ။ ကျောက်သွားတူးပါလား။ အဲဒါ အလုပ်ပဲ။ အလကား အလုပ်ပျင်းလို့ ပြောနေတာလို့ထင်နေကြမယ်။ တူးတာပါပဲဗျာ။ တူးတာမှ နေ့ရောညရော တူးတာ။ ရောင်းစားကျောက်ပါ မရတာ။ ပြန်လာရင် စားဖို့က ဘယ်လိုလုပ်မလဲ။ ကြာလာတော့ မခံနိုင်တော့ဘူး။ နောက်ဆုံးတွေ့တဲ့ အလုပ် လုပ်ရတာပဲ"ဟု ကျောက်တူးသမားတစ်ယောက်က ပြောပြတယ်။

မော်ထဲမှာ ဒီလိုဖြစ်နေရခြင်းဟာ အဓိကနယ်မြေ မငြိမ်းချမ်းလို့ပဲ။ ဒီလို လမ်းဘေးရောက်ပြီး ဘဝပျက်နေကြတာဟာလည်း မူးယစ်ဆေးဝါးကြောင့် မဟုတ်ပါဘူး။ အဓိက အလုပ်လက်မဲ့ဖြစ်နေကြလို့ပါ။

တစ်ချိန်တုန်းက ကုမ္ပဏီတွေ လုပ်တဲ့အချိန်ကလည်း ဒီမူးယစ်ဆေးတွေ ရှိတာပဲ။ ဘယ်သူမဆို အလုပ်ရှိနေကြတော့ လူတိုင်း တစ်ရက် တစ်သောင်း၊ နှစ်သောင်း သုံးနိုင်ကြတယ်။ ဘာမှမဖြစ်ဘူး။ အခုကျတော့ တစ်ရက် နှစ်ထောင်၊ သုံးထောင်ရဖို့ မလွယ်ဘူး။ ငွေရှာရတာ အရမ်းခက်လာတယ်။ ဒီလိုဆက်ပြီး နယ်မြေ မအေးချမ်းသရွေ့ လူတွေ ဒုက္ခရောက်နေကြဦးမှာပါ။

မော်နေလူတန်းစားတွေရဲ့ အဓိကပြဿနာက နံပါတ်(၁) အလုပ်လက်မဲ့၊ နံပါတ်(၂)က မူးယစ်ဆေးဝါးကြောင့်ပါ။ အလုပ်မရှိတော့ စိတ်ညစ်၊ စိတ်ညစ်တော့ စိတ်ရဲ့ပျော်ရာပျော်ကြောင်း ထွက်ပေါက်တစ်ခုဖြစ်တဲ့ မူးယစ်ဆေးဝါးတွေကို စမ်း ရင်း လုပ်ရင်း စွဲငြိလာပြီး လူငယ်တွေ ဘဝပျက်တာများလာတယ်။

စီးပွားရေး အဆင်မပြေတာတွေများလာတော့ လင်မယားချင်း သတ်ဖြတ်မှုတွေ၊ မိတ်ဆွေသူငယ်ချင်းချင်း ရိုက်နှက်မှုတွေ၊ လုယက်မှုတွေ၊ ခိုးမှုတွေ စတဲ့ မှုခင်းတွေဖြစ်ပေါ်လာခဲ့ကြတယ်။

သဘာဝသယံဇာတ ကျောက်စိမ်းတွေရှိပါလျက်နဲ့ မော်သူ မော်သားနဲ့အတူ ပြည်သူတွေ ဆင်းရဲနေရတယ်။ ကြာတော့ ဆင်းရဲတဲ့ဒဏ်ကို မခံစားနိုင်ကြတော့ဘူး။ ဒုက္ခသည်တွေလည်း အခုချိန်အထိရှိနေကြဆဲပဲ။


မော်နယ်မြေမှာ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်စေချင်တာကတော့ မော်သူ မော်သား အားလုံးရဲ့ ရင်ထဲက ဆန္ဒအမှန်ပါ။


မော်ဒေသရဲ့ အပြောင်းအလဲမှာ ကံကောင်းသူရှိသလို၊ ကံဆိုးတဲ့သူတွေ

သည်းရှိနေကြဆဲပါ။ နောက်ဆုံးအဖြေက အလုပ်လက်မဲ့ပြဿနာပါ၊ မှော်ထဲမှာရှိကြတဲ့ ဘွဲ့ရပညာတတ်လူငယ်တွေ ကားသမားဘက်ဟိုးသမား အားလုံးစတဲ့လူငယ်တွေ "ကျောက်တူးသမားဘဝ၊ ရေမဆေးသမားဘဝ၊ ဆိုင်ကယ် ကယ်ရီဘဝ၊ ပလတ်စတစ် ပုလင်းခွံကောက်တဲ့ဘဝ၊ စတဲ့ မရ ရတဲ့အလုပ်ကိုလုပ်ပြီး ခရီးဆက်နေကြလေရဲ့ ...။

(၂၀၁၂ ခုနှစ် မှော်ထဲ အခြေအနေ ...)

**နိုင်မိုး(လုံးခင်း)**





# မှော် ကမ်း ပါး ယံ များ ရှိ
# ကလောင်သံတိုင်ဖြင့်
# ထိုးဆွရှာဖွေမိခြင်း

# မှော်ကမ်းပါးယံများကို ကလောင်သံတိုင်ဖြင့် ထိုးဆွရှာဖွေမိခြင်း

လုံးခင်းအနီးတစ်ဝိုက်မှာရှိတဲ့ မှော်စီစာမှော်၊ မလောင်မှော်၊ ကုဋ္ဌေမှော်၊ မားဆားမှော်စတဲ့မှော်တွေရဲ့ မြင့်မားလှတဲ့ ကျောက်ကြောကမ်းပါးယံတွေဟာ စက်ယန္တရားတွေနဲ့ထိုးဆွ၊ ဖဲ့ရှဲခြင်း၊ အန္တရာယ်က လွတ်ကင်းနေကြလို့ အပျော်ကြီးပျော်နေကြလေရဲ့။

သူတို့ရဲ့အပျော်က တစ်ခဏလား၊ တစ်ဘဝလားဆိုတာ သူတို့ကိုယ်သူတို့လည်းမသိ၊ ဆုံးဖြတ်လို့လည်းမရ၊ အစိုးရသူတွေကတော့ တစ်တောင်လုံးကို စက္ကန့်ပိုင်းအတွင်း ပိပြားသွားအောင် လုပ်နိုင်ကြတယ်ဆိုတာ သူတို့အသိ။ အဲဒီလို တစ်ချိန်တုန်းကလုပ်ခဲ့ကြလို့ သူတို့မိတ်ဆွေ တောင်ကြီးတွေမြေပြင်မှာ ဝပ်ဆင်းသွားခဲ့တာ ဘယ်နှလုံးတောင်ရှိသွားပြီလဲ။

အခုအချိန် မှော်ထဲမှာ အခြေအနေအကြောင်းကြောင်းတွေကြောင့် မှော်ပေါင်းစုံက ကမ်းပါးယံတွေဟာ သဘာဝအတိုင်း ရပ်တည်ခွင့်ကို ရခဲ့ကြတယ်။ အဲဒီကမ်းပါးယံတွေကို အဝေးကကြည့်လိုက်ရင် အဝါတစ်ထပ်၊ သံချည်းတစ်လွှာ၊ သဲပြာတစ်မျိုး၊ အမည်းတစ်ဖုံစတဲ့ သူ့အလွှာနဲ့သူရှိနေကြတာကိုတွေ့ရတယ်။ အဲဒီ နီကြန့်ကြန့်ကမ်းပါးယံနဲ့ မည်းပြာပြာ အထက်လွှာအနားတစ်လျှောက်မှာတော့ သံတိုင်းတွေနဲ့ထိုးဆွရှာဖွေနေတဲ့ ကျောက်တူးသမား၊ ရေမဆေးသမားတွေကလွဲပြီး ဘာဆိုဘာမှမရှိ။ အရာရာတိတ် ဆိတ်ငြိမ်သက်နေကြတယ်။ တစ်ချိန်တုန်းက အဲဒီကမ်းပါးယံတွေကို မိုင်းတွေနဲ့ခွဲပြီးတစ်မျိုး၊ ဘက်ဖိုးနဲ့တစ်ဖုံတူးဆွခဲ့ကြတဲ့ ကုမ္ပဏီက စက်ယန္တရားတွေ ဘာဆိုတာမှမတွေ့ရ။ ကုမ္ပဏီတွေလုပ်ငန်းလုပ်တဲ့အချိန် လုပ်ကွက်ထဲကို ရေမဆေးသမားတွေ ဝင်ဖို့မပြောနဲ့ ခြံစည်းရိုးနားကိုတောင် ကပ်ခွင့်မရခဲ့ကြဘူး။ (မိုးရွာဘူး)(မိုးမလာရဘူး)စတဲ့ ဗမာသံမပီတဲ့အသံတွေကို ဟန့်တားခံခဲ့ရတယ်။ ကိုယ့်မြေကိုတောင် နင်းခွင့်မရခဲ့ကြဘူး။ အခုအချိန်မှာတော့ အဲဒီလုပ်ကွက်တွေထဲက

ကျောက်ကြော ကောင်းပါပေ့ဆိုတဲ့ ကမ်းပါးယံတွေနားကို ရေမဆေးတွေ ကပ်ခွင့်ကြုံပြီး တူးခွင့်ရှာခွင့်ရခဲ့ကြတယ်။

ရခဲ့ကြလို့လည်း ကျောက်ကောင်းရလို့ လောပန်းဖြစ်သွားတဲ့သူတွေရှိသလို ရေမဆေးဘဝက မကျွတ်သေးတဲ့ လူတွေကလည်း ဒုနဲ့ဒေးပါ။ အဲဒီ မော်ကမ်းပါးယံတွေက မြေလွှာအဆင့်ဆင့်ကို အနီးကပ်လေ့လာခွင့်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ လုံခြုံရေးအရလား၊ တာဝန်အရလားတော့ မသိ။ တပ်မတော်သားတွေနဲ့ ရဲတပ်ဖွဲ့ဝင်တွေသွားလာနေကြတာကိုတော့ နေ့စဉ်လိုလိုတွေ့နေရတယ်။ အာရုံစိုက်ပြီးတော့ ကျောက်ကိုရှာသလို သူတို့ကိုလည်း သတိထားပြီး ဂရုစိုက်ရတယ်။ ရှိစေတော့။

## နာမည်ကျော် မော်စီစာမော်

ပထမဆုံးလေ့လာခွင့်ရတဲ့ မော်က ကျောက်စိမ်းထွက်တဲ့မော်ထဲမှာ နာမည်အကြီးဆုံးဖြစ်တဲ့ မော်စီစာမော်ပါ။ ပထမဆုံးတွေ့ရှိရတဲ့အလွှာက မော်အခေါ် မြေမှန်၊ အထုက ၁၀ ပေ၊ ၁၅ ပေ။ အဲဒီအကြောကထွက်တဲ့ကျောက်က မြေမှုန်ခံဝါ၊ လူတိုင်းကြိုက်တဲ့ကျောက်၊ ဖြတ်လိုက်ရင် ၉၀ ရာနိုင်နှုန်းအောင်ပြီးသား။ အဲဒီမြေမှန်ပြီးရင် နှစ်ပေ၊ သုံးပေလောက်ထုတဲ့ ကြက်သွေးကြောပြီးရင် မောက်ဆိုတဲ့အကြောကိုတွေ့ရတယ်။ သိပ်တော့မထူဘူး။ လေးပေ၊ ငါးပေလောက်ပဲထုတယ်။ လက်ကျင်းခေတ်တုန်းကတော့ အဲဒီမောက်ကြောကိုတွေ့ရင် မောက်ခံပြီဆိုပြီး မတူးကြတော့ဘူး။ နောက်ကျင်းအသစ်ရှာပြီး တူးကြတယ်။ တချို့ရိက္ခာတောင့်တဲ့ လောပန်းတွေကျတော့ အဲဒီမောက်ကို ရအောင်ဖောက်ပြီး တူးလိုက်တော့ သဲပြာကြောကိုတွေ့ရတယ်။ အဲဒီသဲပြာကြောပြီးရင် အမည်းကြောပဲ။ အမည်းကြောက တော်တော်ထူတယ်။ အောက်ရောက်လေ မည်းလေပဲ။ အခြေအနေကောင်းလို့ ကုမ္ပဏီတွေဆက်လုပ်ရင်လည်း ဘယ်လောက်အထိ နက်တယ်ဆိုတာ ခန့်မှန်းလို့မရဘူး။

"အခုမြင်နေရတဲ့ မော်စီစာရွာနားက ရေကန်ကြီးဆိုရင် ကုမ္ပဏီ လေးခုကတူးလိုက်တာ ပေပေါင်း ၅၀၀ ကျော် ၆၀၀ ရှိသွားပြီ။ အခုအထိ ကျောက်ကြောမကုန်သေးဘူး။ ထွက်လိုက်ရင် ဘော်ဒီအသာဆန်းတွေများတယ်။ ပထမဆုံးမြေမှန်ကစပြီး အခုရောက်နေတဲ့ အကြောအထိ အကုန်ရွှေထွက်တယ်။ နည်းတာနဲ့များတာပဲကွာတယ်"ဟု ကုမ္ပဏီကျင်းသားဟောင်းတစ်ဦးက ပြောကြသည်။ မော်စီစာမော်မှ

ထွက်ရှိသော ကျောက်အရွယ်အစားများမှာ ဒိုးလုံးအရွယ်မှ ငါးပိဿာ၊ ၁၀ ပိဿာ အရွယ်ကျောက်များ အထွက်များပြီး အချိန် ၅၀၊ ၁၀၀ ခန့်ရှိ ကျောက်များထွက်ရှိမှု ရှားပါးကြောင်းသိရပါတယ်။ ကျောက်ထွက်တဲ့ မော်ထဲမှာ ရွှေအများဆုံးထွက်ရှိတဲ့ မော်ကတော့ မော်စီစာမော်ပါ။ ဒါကြောင့် မော်စီစာမော်မှာလုပ်တဲ့ ကုမ္ပဏီတိုင်း မျောစင်ခံပြီး ရွှေရ၊ ကျောက်ရလုပ်ကြတာကို တွေ့ရတယ်။ တစ်ရက်ကို မျောစင်တစ်စင်းချလိုက်ရင်(ငါးကျပ်သား)လောက်ရရှိကြပြီး အကြောကောင်းတဲ့ မြေစာဆိုရင် (၁၀ ကျပ်သား)ကျော်ရရှိကြောင်းလည်း သိရပါတယ်။

နေ့စဉ်လည်ပတ်နေတဲ့ စက်ယန္တရားတွေရဲ့ဆီဖိုးကို ရရှိသည့်ရွှေနဲ့ပင်ကာမိကြောင်းလည်း သိရပါတယ်။ ကျောက်ရရင်တော့ သီးသန့်အမြတ်ပေါ့။ ဒါကြောင့် မော်စီစာမော်ကို ကုမ္ပဏီတွေ အလုအယက် ရအောင်ကြိုးစားခဲ့ကြတယ်။

နောက်တစ် မော်ကတော့ မော်စီစာမော်နဲ့ သိပ်မဝေးလှတဲ့ မလောင်မော်ပါ။ အကြောင်းကလည်း တစ်ကြောတည်း။ မတူတာဆိုလို့ မလောင်မော်မှာ သဲပြာကြောဆိုတာ မရှိတာပဲ။ ကျန်တဲ့အကြောတွေ အားလုံးတူတယ်။ ဒုတိယက ကျောက်ပုတ်ကြော။ အဲဒါပြီး အမည်းကြောပဲ။ ထူးခြားတာက မော်စီစာမော်လို ရွှေမထွက်တာပဲ။ ဒါကြောင့် ကုရွှေမော်မှာလုပ်တဲ့ကုမ္ပဏီတွေ မျောစင်ခံပြီး မလုပ်ကြတာဖြစ်တယ်။ ထွက်တဲ့ ကျောက်တွေကလည်း အတုံးသေးရင်း အသားမရတာများပြီး အချိန် ၅၀ နှင့် အထက် ၂၀၀–၃၀၀ ကျောက်အတုံးကြီးတွေမှ အသားကောင်းတာကို တွေ့ရပါတယ်။

နောက်တစ်မော်က ကုရွှေမော်နဲ့ တစ်ကြောတည်းဖြစ်တဲ့ မာဆားမော်ပါ။ အဲဒီမော်ရဲ့အကြောက ပထမဆုံးမြေမှုန့်(ဒုတိယ)၊ ခွံဖြူကြော(တတိယ)၊ ကြက်သွေးဆားထိကြော(စတုတ္ထ)၊ ကျောက်ပုတ်ကြော(ပထမ)အမည်းကြောပါ။ ၎င်းမော်၏ထူးခြားချက်မှာ ရွှေထွက်ရှိမှုနည်းပါးပြီး အလုံးကြီးအများဆုံးထွက်တဲ့ မော်ဖြစ်ကြောင်း၊ နောက်တစ်ခုထူးခြားချက်မှာ မက်စ်မြန်မာကုမ္ပဏီလုပ်ကွက်အတွင်းမှ ထွက်ရှိသော ၁၁၅ တန်ရှိ ကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းလုံးဗွပ်ကြီးဖြစ်ကြောင်းလည်း သိရပါတယ်။

နောက်တစ်မော်က မားဆားမော်နဲ့ကပ်လျက် ကထန်မော်ပါ။ ပထမကမြေမှုန့်၊ ဒုတိယကကြက်သွေး၊ တတိယကျောက်ပုတ်ကြော၊ နောက်ဆုံးကုရွှေအမည်း

ကြောနဲ့ပဲ အဆုံးသတ်သာများပါတယ်။ အဲဒီမှော်မှာလုပ်တဲ့ကုမ္ပဏီတွေကရော မြေစာကိုမျှောစင်တင်ပြီး ရွှေရှာတာကိုတော့မတွေ့ရဘူး။ နောက် ငိုမင်းမှော်ပါ။ သူလည်း (ပထမ)မြေမှန်၊ (ဒုတိယ)ကျောက်ပုတ်၊ (တတိယ)ကြက်သွေး၊ (စတုတ္ထ)မောက်ဖာကိုဖောက်ပြီးရင် (ပထမ)ကုမ္မေအမည်းကြောကို တွေ့ရပါတယ်။ ၎င်းမှော်မှာ ရွှေအနည်းငယ်ထွက်ရှိတာကိုတွေ့ရပြီး မှော်စီစာမှော်လိုသူများထွက်ရှိမှုမရှိပါဘူး။

နောက် တစ်မှော်က ဝါကျဲမှော်ပါ။ (ပထမ)မြေမှန်၊ (ဒုတိယ)ကုမ္မေအမည်းကြော၊ အမည်းကြော သီးသန့်ထွက်များတဲ့ မှော်လို့ ပြောရမှာပါ။ ဘယ်ကမ်းပါးယံကိုကြည့်ကြည့် အမည်းကြောတွေပဲ တွေ့ရတယ်။ နောက်တစ်မှော်က ဆန်ခါမှော်ပါ။ (ပထမ)မြေမှန်၊ (ဒုတိယ)ကုမ္မေကျောက်ပုတ်ကြော၊ (တတိယ) ကုမ္မေအမည်းကြော။ လုံးခင်းအနီးတစ်ဝိုက်မှာရှိတဲ့ မှော်မှန်သမျှ ရွှေများထွက်ရှိပြီး အနည်းနဲ့အများသာကွာဟကြောင်း မှော်စီစာမှော်မှလွဲ၍ ကျန်မှော်များမှာ အတုံးကြီးများကိုသာ အဓိကထား ယူကြပါတယ်။

"ဘယ်မှော်မဆို ကျောက်တူးပြီးဆိုတာနဲ့ မြေမှန်ကိုစပြီးတူးကြရတာပါ။ အဲဒီမြေမှန်ကြောကစပြီး နောက်ဆုံးအမည်းကြောထိ ရွှေအကုန်ထွက်တယ်။ ဒါပေမဲ့ နည်းတာနဲ့များတာပဲ ကွာတယ်။ အဲဒီမှော်တွေအားလုံးထဲမှာ မှော်စီစာမှော်က ရွှေထကွတာအများဆုံးပဲဟုသိရသည်။ ယခုလို ကုမ္ပဏီတွေအလုပ်ရပ်ဆိုင်းနေတဲ့အချိန် လုံးခင်းအနီးတစ်ဝိုက်မှာရှိတဲ့ မှော်တွေရဲ့မြေလွှာအကြောင်းတွေကို အနီးကပ်လေ့လာခွင့်ရခဲ့တယ်။ အောက်မှော်လို့ခေါ်တဲ့ ကောင်ဆန်၊ နမ့်မှော်၊ ဖားပြင် စတဲ့မှော်တွေရဲ့ အကြောင်းကိုတော့ တစ်ရက်ရက် လေ့လာခွင့်ရဦးမယ်လို့ ယုံကြည်မိပါတယ်။

(အမှတ် ၁၁၀၊ အတွဲ ၃၊ ၂၀-၁၂-၂၀၁၃၊ First Weekly ဂျာနယ်)

**နိုင်မိုး(လုံးခင်း)**

# စစ်ပျက်ကာလ
## မျှော်သူ မျှော်သား တွေ ရဲ့
# ခံစားချက်ဒဏ်ရာများ



# ခေတ်ပျက်ကာလ မော်သူ မော်သားတွေရဲ့ ခံစားချက် ဒဏ်ရာများ

ဖားကန့်မော်ဒေသမှာ လတ်တလောဖြစ်ပျက်ခဲ့တဲ့ အခြေအနေကြောင့် မော်ထဲမှာနေထိုင်ကြတဲ့ ပြည်သူလူထုတွေ၊ လက်တွေ့ကြုံတွေ့ခဲ့ရတဲ့ ရလဒ်တွေကတော့ ကျောက်ဈေးကွက်အခြေအနေဆိုးရွားစွာကျဆင်းခဲ့ခြင်း၊ ကုန်ဈေးနှုန်းများ နှစ်ဆ သုံးဆ တက်ခြင်း၊ ကုမ္ပဏီများ ခေတ္တအလုပ်ရပ်ဆိုင်းခဲ့ရခြင်း၊ ကုမ္ပဏီများ မြေစာမသွန်သည့်အတွက် ရေမဆေးသမားများ ကျောက်ရှာရန် နေရာမရှိတော့ခြင်း စသည်တို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရတယ်လို့ သိရပါတယ်။

ဖြစ်ပြီးဆိုတာနှင့် တစ်ပတ် ၁၀ ရက်အတွင်းမှာ အောက်ပိုင်းဆင်းပြေးကြတဲ့သူတွေ တစ်နေ့ကို သောင်းဂဏန်းရှိပါတယ်။ အဲဒီအချိန်မှာ အတက်ဆိုတာမရှိဘူး။ ဆင်းလို့ရတဲ့ ဝေခါ၊ အင်းတော်ကြီးလမ်းနှင့် တာမခန်၊ ဆယ်ဇင်းလမ်းတွေမှ ဟိုပင်ရောက်တဲ့အထိ ဆိုင်ကယ်တစ်စီးနှင့်တစ်စီး ကပ်ပြီးမောင်းကြရတယ်။ အမြန်မောင်းလို့မရဘူး။ မန္တလေးသင်္ကြန် ကျူးဘေး ကားတွေ ဆိုင်ကယ်တွေ တစ်စီးပြီးတစ်စီး ဖြည်းဖြည်းသွားနေရသလိုပဲလို့ အောက်မေ့ရတယ်။

အဲဒီအချိန်မှာ အလုပ်ဖြစ်တဲ့သူတွေကတော့ ဆိုင်ကယ် ကယ်ရီသမားတွေပါ။ ကားတွေကို ဆင်းခွင့်မပြုတော့ သူတို့အကြိုက်ပေါ့။ တစ်ယောက်ကို ခြောက်သောင်း၊ ခုနစ်သောင်း။ တချို့ဆို နှစ်ယောက် တင်သွားကြတာလည်းရှိတယ်။ ဆိုင်ကယ်ကို ကိုယ်ပိုင်ဝယ်ပြီး ဆင်းကြတာတွေလည်း တွေ့တယ်။ ဝယ်လည်း မဝယ်နိုင် ကယ်ရီခလည်းမပေးနိုင်တဲ့သူတွေကတော့ ခြေကျင်ဆင်းကြရတောပေါ့။ ဆင်တာ များလား မများလား၊ မော်ထဲမှာ ဆိုင်ကယ်တွေရှင်းသွားတာပဲ။

## မကြုံဘူးတဲ့ကျောက်ဈေးကွက်

ဒီတစ်ခေါက် ကျောက်ဈေးကွက်ကျတာကတော့ လွန်တယ်ဗျာ။ မော်ထဲ

မှာနေတာ ၁၅ နှစ်ရှိပြီ။ ဒီတစ်ခါလောက်ဆိုးတာ ကြုံကိုမကြုံဖူးဘူး။ ခါတိုင်းနှစ်တွေမှာ ဈေးကွက်ကျတယ်ဆိုတာက အသင့်အတင့်ဝယ်တဲ့သူတွေ ရှိသေးတယ်။ ခုဆိုမှော်ထဲမှာ ဂဏန်းကြီးတွေဝယ်တဲ့ လောပန်းကြီးတွေမှန်သမျှ မရှိတော့သလောက်ပဲ။ မိသားစုအလိုက် ခေါ်ဆင်းသွားကြပြီး အိမ်တံခါးပိတ်ပြီး ထားခဲ့ကြတယ်။ တချို့ကျတော့ အိမ်စောင့်လောက်ပဲ ထားခဲ့ကြတယ်။ ဘာဖြစ်ဖြစ် နေမှာပဲဆိုတဲ့သူတွေကတော့ ရာကျောက်၊ ထောင်ကျောက်တွေကို အလကားနီးနီးရရင် ဝယ်ထားမယ်ဆိုတဲ့ "ဟန်"လောပန်းတွေ။ ကောက်ရိုးလောပန်းတွေနဲ့ တချို့ ရေမဆေးသမားတွေပဲ ကျန်ခဲ့တယ်"ဟု မှော်ကြာ တစ်ယောက်က ပြောပြတယ်။

## ကျောက်ကိုတောင် မကြည့်ချင်ကြတော့ဘူးလား

ဖားကန့် ဆိုင်းတောင်မှာရှိတဲ့ လက်ကျန်မှော်ကြာအိုလောပန်း'ဟန်'တွေကို သိန်းတစ်ရာ၊ နှစ်ရာတန်ကျောက်တွေ သွားပြလည်း ကြည့်ပြီးပြန်ပေးခဲ့တယ်။ ဘယ်လောက်ရောင်းမလဲဆိုတဲ့စကားလုံးတွေကတော့ အဝေးကြီးမှာကျန်ခဲ့လေရဲ့။ ပြစရာဆိုလို့ သူတို့ပဲရှိတော့ မပြချင်လည်း ပြရတာပေါ့။ ခါတိုင်း အလုအယက် ဝယ်ရမယ့်ကျောက်တွေကိုတောင် မကြည့်ချင်ကြတော့ဘူးဆိုတော့ ဒီကျောက်တွေကို ရှေ့ဆက်ပြီး ဘယ်လိုလုပ်ကြမလဲ။

ကျောက်က တန်ဖိုးရှိမှန်းသိတယ်။ ခုချိန်မှာ ငွေကိုအထွက်မခံချင်ကြတော့ဘူး။ အဆမတန် တန်နေရင်တောင် ခါတိုင်းတစ်ရာပေးဝယ်ရမဲ့ကျောက်ကို ၁၀ သိန်း၊ ၁၅ သိန်းထက်ပိုမပေးဘူး။ ရောင်းချင်ရောင်း၊ မရောင်းချင်နေပေါ့။ တချို့ဆို ၅၀ ပေးပြီးသားကို ခုနစ်သိန်းလောက်နဲ့ရောင်းပြီး ဆင်းသွားကြတာလည်းရှိတယ်။ ဒါတောင် အရေကျောက်မှ။ အသားဆန်းတို့ ဘောဒီခွံချွတ်တို့ဆိုရင် ရောင်းရဖို့ဝေး။ တကယ့်ကိုအလကားနီးနီးရမှ။ ဒါလည်း သူတို့ကိုယ်လည်း အပြစ်ပြောလို့မရဘူး။ အခြေအနေက ဝယ်ပြီးရင် ဘယ်သူ့ကိုပြန်ရောင်းရမလဲ ... တဲ့။

## ကျောက်ရရင် ဘယ်သူ့ကိုရောင်းရမလဲ

"ရေမဆေးသမားတွေ သုံးပုံ နှစ်ပုံလောက် ဆင်းသွားကြတာတွေ့ရပါတယ်။ ကျန်တဲ့တစ်ပုံလောက်က ကုမ္ပဏီမြေစာမသွန်တော့ မြေစာပုံဟောင်းတွေမှာ ပေါက်

ပြားနဲ့ရစ်ပြီး ရှာနေကြရပါတယ်။ ဒါပေမဲ့ ရှာတာရှာနေရတာ ကျောက်ရရင် ဘယ်သူ့ကိုရောင်းရလဲမသိဘူး။ ရှယ်ယာထည့် ဆေးပေးမယ့်သူဆို ဝေးပေါ့။ နောက်ဆုံး ရှုံ့ရှုံ့မြှတ်မြှတ် ကိုယ်တိုင်ပဲဆေးလိုက်တယ်။ ကျောက်ဘယ်လောက်ကောင်းကောင်း မယ်တော့ ထမင်းစားဖို့အတွက် အဖြေသိပြီလေ။ သုံးသောင်းလောက်တော့ပေးပါ ဆိုပြီး ပါလာတဲ့ ကျောက်နှစ်လုံး သုံးလုံးကို အတင်းထိုးပေးခဲ့ရတယ်''ဟု ရေမဆေးတစ်ယောက်က ပြောပြပါသည်။

## ကုမ္ပဏီတွေရဲ့အခြေအနေ

ကုမ္ပဏီတွေနားခဲ့ရပါတယ်။ ဝန်ထမ်းတွေ ၃၀၀ ရှိရင် ၂၀၀ လောက်ကို ဖရိတ်ပေးပြီး ပြန်ခိုင်းခဲ့ရတာရှိသလို တချို့ဆို အစောင့်သဘော ၂၀၊ ၃၀ ထားခဲ့တာလည်းရှိပါတယ်။ အဲဒီအချိန်မှာ အဆိုးဆုံးက ရေမဆေးသမားတွေပါ။ အခြေအနေကိုအခွင့်ကောင်းယူပြီး လုပ်ကွက်တွေထဲ မင်းမဲ့စရိုက်ဆန်ဆန် ရေမဆေး အယောက် နှစ်ထောင်သုံးထောင်လောက်ဖွဲ့ပြီး အတင်းဝင်ရှာကြတယ်။ ရှာရုံတင် မဟုတ်ဘူး။ ပစ္စည်းတွေယူသွားကြတာလည်းရှိတယ်။ သူတို့အိတ်ထဲမှာ ဓားတွေ၊ လေးခွတွေနဲ့ဆိုတော့ မရှာကြနဲ့လို့မပြောရဲဘူး။ အဆောင်တွေကိုခွတွေနဲ့ပစ်သွားတာလည်းရှိတယ်။ တချို့ဆို အဆောင်တွေကို မီးရှို့မယ်ကဲကဲ။ သက်ဆိုင်ရာကို အကူအညီတောင်းလိုက်လို့ တော်သေးတယ်''ဟု မော်စီစာမျော်က ကုမ္ပဏီ တာဝန်ခံ တာဝန်ခံ တစ်ယောက်က ပြောပြသည်။

## ဆန်တစ်အိပ် ခြောက်သောင်း၊ ခုနစ်သောင်း

လုံးခင်းမှာ ဆန်တစ်အိတ်ကို ခြောက်သောင်း၊ ခုနစ်သောင်းကို အလုအယက် ပြေးဝယ်နေရပါတယ်။ ဈေးသာရှိပြီး ဆန်ဆိုင်တွေမှာ ဆန်ကမရှိတော့ဘူး။ စားကုန်ပစ္စည်းတွေကတော့ နှစ်ဆ၊ သုံးဆတက်ပြီး အထည်နှင့် အလှကုန်ပစ္စည်းတွေကတော့ ဝယ်မယ့်သူနှင့် ဝေးခဲ့ရပါတယ်။ ရွှေဈေးကတော့ ပုံမှန်နီးနီးရှိခဲ့ပြီး ဝယ်မယ့်သူက နတ္ထိ။ အဆိုးဆုံးက ရွှေကို ဒီဆိုင်ကဝယ်ခဲ့တယ်။ အခု ဒီဆိုင်မှာ အပေါင်သွားထားတာ အပေါင်လက်မခံဘူး။ ဝယ်လည်း မဝယ်သေးဘူးတဲ့။ တစ်ပတ်လောက် စောင့်ဦးဆိုပြီး ဆိုင်တံခါးကို ဂျိမ်းခနဲ ပိတ်သွားလေရဲ့။

## ပညာရေးအခြေအနေ

မစွန့်ခွာဘဲကျန်ရစ်ခဲ့ကြသူအများစုကတော့ ပညာသင်ကြားနေဆဲဖြစ်တဲ့ ကျောင်းသား/ကျောင်းသူတွေရဲ့ မိခင် ဖခင်တွေပါ။ တချို့မိဘတွေဆို ပညာသင်ကြားနေဆဲကလေးတွေကို အတင်းခေါ်ယူဆင်းသွားကြတာလည်းတွေ့ရပါတယ်။ ပညာရေး ဆုံးရှုံးနစ်နာသူတွေကတော့ ကလေးတွေပါ။ အဲဒီအချိန်မှာ ကျောင်းပိတ်ရက်မရှိ သင်ကြားပေးကြတဲ့ လုံးခင်းက ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ/မများကို လေးစားမိပါတယ်။

## မြန်မာတို့ရဲ့ကူညီချင်တဲ့စိတ်

အဲဒီအချိန်မှာ ထွက်ပြေးတိမ်းရှောင်လာကြတဲ့ ဒုက္ခသယ်တွေကို လုံးခင်း၊ ဖားကန့်စတဲ့နေရာတွေရဲ့ ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ကျောင်းတွေမှာ ကယ်ဆယ်ရေးစခန်း ၁၀ ခုထားရှိပြီး သက်ဆိုင်ရာက ကူညီစောင့်ရှောက်ကျွေးမွေးထားတာကြတာကိုလည်း တွေ့ရပါတယ်။ ဖားကန့်မြို့ သံဃာတော်များအဖွဲ့နှင့် မှော်ပေါင်းစုံမှ စေတနာရှင်လောပန်းတွေကလည်း ငွေ၊ ဆန်စတဲ့ ပစ္စည်းတွေကို လှူဒါန်းခဲ့ကြတယ်။ ဒုက္ခဖြစ်နေကြတဲ့လူတွေတွေ့ရင် ကူညီချင်ကြတဲ့ မြန်မာလူမျိုးတွေရဲ့စေတနာကို လေးစားမိပါတယ်။

## မြစ်ကြီးနားက ကြက်ခြေနီအဖွဲ့တွေတက်လာပြီ

အဖြူရောင်အလံတွေ တလူလူနှင့် ကြက်ခြေနီအဖွဲ့တွေ တက်လာကြပြီ။ "နယ်မြေလုံခြုံရေးအခြေအနေအရ တိမ်းရှောင်လာသော မိသားစုများအား ထောက်ပံ့ပေးရန် ကယ်ဆယ်ရေးပစ္စည်းများ"ဟုရေးထားသည့် ကားဘေးက အဖြူရောင်ဗီနိုင်းစပေါ်က အနီရောင်စာလုံးက အထင်သား။ ဒုက္ခသည်တွေအတွက် ထောက်ပံ့ရေးတွေပစ္စည်းတွေက စုံလို့။

"ဖားကန့်မြို့နယ်ထဲက ဒုက္ခသည် ၁၆၆၅ ယောက်အတွက် ဆန်၊ လူသုံးကုန်ပစ္စည်း အစုံပါလာပါတယ်။ တန်ဖိုးကတော့ သိန်း ၆၁၀ တန်ဖိုးပါ။ ပေးအပ်ပွဲကိုတော့ ဖားကန့်ခရစ်ယာန်နှစ်ခြင်းကျောင်းမှာပြုလုပ်မှာပါ။ ကားလေးစီးနှင့်အပြည့်ပါလာတဲ့ ပစ္စည်းတွေကို သက်ဆိုင်ရာမှတစ်ဆင့် ဒုက္ခသည်တွေလက်ထဲရောင်

အောင်ပို့ပေးမှာပါ''ဟု ပြည်နယ်ကြက်ခြေနီထောက်ပံ့ရေးတာဝန်ခံ ဦးမြင့်ဝေက ပြောပြသည်။

## နှုတ်ဆက်ခဲ့ပါတယ် ဖားကန့်ရယ်

ပို့ပြီး နောက်တစ်ရက်မှာ ကားခေါင်းမှာ စိုက်ထူးထားတဲ့ အဖြူရောင် အလံတွေတလူလူနှင့် သူတို့ရဲ့တာဝန်၊ သူတို့ရဲ့ရည်မှန်းချက်ပန်းတိုင်းရောက်ခဲ့ပြီး အောင်မြင်ခဲ့လို့ ဝမ်းသာပီတိအပြုံးတွေနှင့် လက်ပြနှုတ်ဆက်ထွက်ခွာသွားကြပြီ။

တလူလူလွင့်နေတဲ့ အဖြူရောင်အလံလေးတွေကိုကြည့်ပြီး ဖားကန့်ရတနာ မော်နယ်မြေ ငြိမ်းချမ်းသာယာပါစေလို့ ဆုတောင်းရင်း လက်ပြနှုတ်ဆက်ကျန်ခဲ့ပါ တော့တယ်။

ရတနာတွေပေါကြွယ်ဝတဲ့ ဖားကန့်မော်နယ်မြေ အေးချမ်းသာယာပါစေ ...

(သေနတ်သံတွေ၊ မိုင်းသံတွေကြားမှာ စွန့်စွန့်စားစား အပြေးအလွှား သတင်းယူခဲ့ တဲ့ အမှတ်တရ သတင်းဆောင်းပါးတစ်ပုဒ်)

**နိုင်ငိုး(လုံးခင်း)**





# ဖားကန့်မှော်နယ်မြေက
# အဖိုးတန်ရေနှင့်မြေကြီးများ



# ဖားကန့်မျော်နယ်မြေက အဖိုးတန် ရေ နှင့် မြေကြီးများ

"ဖားကန့်မျော်နယ်မြေ၊ ကန်ခါမျော်၊ မြေစာပုံမှာ မြေပြိုပြန်ပြီဟေ့"ဆိုတဲ့ အသံကို ကြားလိုက်တာနဲ့ သတင်းယူဖို့ အမြန်ရောက်ရှိသွားခဲ့တယ်။

လိုအပ်တဲ့သတင်းအချက်အလက်၊ ဓာတ်ပုံတွေယူပြီးအပြန် ဖားပြင်မျော်က မိတ်ဆွေ ကိုအောင်ကျော်ဝင်းရဲ့အိမ်ကို အမောဖြေဖို့ ခဏဝင်ခဲ့တယ်။

သစ်ပင်အောက်မှာ ဖျာခင်းပြီး ကိုအောင်ကျော်ဝင်းနဲ့အတူ ရေနွေးကြမ်း သောက်ရင်း သူ့ခြံဝင်းအတွင်းမှာရှိတဲ့ လူ နှစ်ရပ်သုံးရပ်လောက်ရှိတဲ့ အပင်တွေနဲ့ ရွာအနီးတစ်ဝိုက်မှာရှိတဲ့ မြေစာပုံဟောင်းပေါ်က အလေ့ကျပေါက်နေတဲ့သစ်ပင်တွေကို ကြည့်ပြီး ဘယ်သူမှ သတိမထားမိတဲ့ ထူးခြားပြီး တန်ဖိုးကြီး မြေလွှာတွေအကြောင်း စပ်မိစပ်ရာ စကားပြောဆိုရင်း အနားယူခဲ့တယ်။

ဥရုချောင်းရဲ့တစ်ဖက်ကမ်းမှာ အတိုင်းသားမြင်နေရတဲ့ တူးဖြိုဖွဲ့ယူလို့ ဒဏ် ရာတွေ ဗလပွနဲ့ စုတ်ပြတ်ပြီး ကျန်ရစ်တဲ့ ကမ်းပါးအိုဟောင်းကြီးရဲ့ ငိုယိုညည်းတွား သံကိုလည်း ကြားနေရတော့ ပိုပြီးစိတ်ဝင်စားမိတယ်။

ကျောက်စိမ်းထွက်တဲ့ တောင်ကုန်းမြေကြီးတွေမှ တန်ဖိုးရှိတာ မဟုတ်တဲ့ အကြောင်း၊ ဥရုချောင်းထဲက သဲနုန်းမြေလွှာတွေလည်း တန်ဖိုးရှိတဲ့အကြောင်း ပြီး စကားပြောဖြစ်ခဲ့တယ်။

"ဖားကန့်တံတားကြီးရဲ့ တိုင်အောက်ခြေကစပြီး ဟိုး ဥရုချောင်းအဆုံး ချင်း တွင်းမြစ်အထိ ရုရှားကဒေါ်လာ ၅၄၃ သန်းဝယ်ထားပြီးပြီလို့ သိရတယ်။ ချောင်းကို သန့်ရှင်းအောင် လုပ်ပေးမယ်။ ပြီးတော့ နက်အောင်တူးပေးပြီး ချောင်းရဲ့ကမ်းပါးယံ တွေကိုလည်း သပ်သပ်ရပ်ရပ်ဖြစ်အောင်. လုပ်ပေးမယ်တဲ့။

ချောင်းထဲမှာရှိတဲ့ သဲ၊ နုန်းမြေကြီးတွေကို သူတို့နည်းသူတို့ဟန်နဲ့ ရှာမယ်ပေါ့။ ဘာရှိလို့ ဘာရှာမလဲဆိုတာ ငါတို့လည်း မသိဘူး။ ကျောက်ကို အမိထားရှာမှာ

မဟုတ်ဘူးနော်။ ရရင်တော့ အမြတ်ပေါ့ကွာ။ တန်ဖိုးရှိတဲ့ သယံဇာတတွေရှိလို့ ဒေါ်လာတွေအများကြီးပေးထားတာလေ။ ဒါတောင် လုပ်ပိုင်ခွင့်ပဲရှိသေးတာ။ တူးပြီး ရှာမယ့် စက်ယန္တရားတွေရဲ့ တန်ဖိုးမပါသေးဘူး''ဟု ဖားပြင်ရွာမှ ကိုအောင်ကျော်ဝင်း က ပြောပြပါတယ်။

''ငါတို့မှော်နယ်မြေက ကျောက်တင်မကဘူး သံလည်းထွက်တယ်။ ကသိုဏ်း တောင်ဆိုရင် တစ်တောင်လုံး သံကျောက်တွေချည်းပဲ။ နိုင်ငံခြားကလာပြီး စစ် ဆေးသွားခဲ့ပြီးပြီ။ နုသေးတယ်ဆိုပြီး ပြန်သွားကြတယ်။ ဘာနုသလဲတော့ ငါတို့ လည်းမသိဘူး''ဟု ထပ်မံပြောပြပါတယ်။

ရှိစေတော့။ အဓိကပြောချင်တာက ကျောက်တွေကို အစိမ်းရောင်၊ ခံ့ရောင်၊ ခွမ့်ရောင်၊ ချွမ်ရောင် စတဲ့ အရောင်တွေဖြစ်သွားအောင်လုပ်ပေးနိုင်တဲ့ ထူးခြားပြီး သတ္တိစွမ်းအားတွေရှိတဲ့ ဖားကန့်–လုံးခင်း ရတနာမှော်နယ်မြေထဲက မြေကြီးတွေ အကြောင်း။

## ရေမဆေး အောက်ကြုံး

ဒီအကြောင်းတွေကို စပြီးပြောရမယ်ဆိုရင် ရေမဆေး(အောက်ကြုံး)လို့ခေါ်တဲ့ အကြောင်းကစပြီး ပြောရမှာဖြစ်ပါတယ်။

ရေမဆေးရှာလို့ပဲဖြစ်ဖြစ်၊ တူးလို့ရတာပဲဖြစ်ဖြစ် ရလာတဲ့ကျောက်တွေကို ချက်ချင်း ဆေးကြတာရှိသလို တစ်ပတ်တစ်ခါစုပြီး ဆေးကြတာလည်းရှိပါတယ်။ အဲဒီအထဲမှာမှ ကျောက်မျိုးမရတာ၊ နုတာ၊ ရိတ်ဖွဲ့လို့ အသားမကောင်းတာ၊ ကျောက် တစ်ပိုင်း ပလွှမ်တစ်ပိုင်းဖြစ်တာ၊ ရောင်းလို့မရတာ စတဲ့ စတဲ့ အပြစ်တွေရှိလို့ အိတ်ထဲထည့်ထားတဲ့ကျောက်တွေကို တရုတ်ပြည်သွားရောင်းကြတဲ့ ကုန်သည်တွေနဲ့ တရုတ်မတွေက ရေမဆေး(အောက်ကြုံး)ဆိုပြီး ဝယ်ကြတယ်။

အစတုန်းကတော့ တစ်ဆွဲစာ တစ်အိတ်ကို ၁၅၀၀၀ ပေးဝယ်ကြတယ်။ နောက်ဝယ်တဲ့လူများလာတော့ ၅၀၀၀၀၊ ၆၀၀၀၀ ထိပေးလာကြပြီး တန်နဲ့ချီ အလု အယက်ဝယ်လာကြတယ်။ ဝယ်ပြီးတဲ့ကျောက်တွေကို ၁၂ ဘီးကားကြီးတွေနဲ့ အပြည့်တင်ပြီး သယ်သွားကြတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိတယ်။

ကျောက်မျိုးဆိုရင်ရပြီ။ အမျိုးနုတာ၊ ရင့်တာမလိုဘူး။ ပေါချောင်ကောင်း

ရင် အကုန်ဝယ်ခဲ့လို့များ ပြောခဲ့သလားမသိဘူး။ နောက်ဆိုရင် ဖားကန့်မော်နယ်မြေမှာ ကျောက်မရှိတော့တဲ့အခါ ကျောက်စိမ်းမမြင်ဖူးတဲ့သူတွေ သူတို့တရုတ်ပြည်မှာလာကြည့်ရတဲ့အဆင့်ဖြစ်အောင် ကျူပင်ခုတ် ကျူငုတ်မကျန် အပြတ်ရှင်းတဲ့သဘောလားလို့တောင် အောက်မေ့ရတယ်။

## မြေကြီးတန်ခိုး

တချို့ဆို ရိုက်ဖွဲ့ပြီးပစ်ထားတာတွေ ပြောင်နေအောင်ဆေးပြီး မကောင်းတဲ့ကျောက်တွေကို လေးငါးလ၊ တစ်နှစ်၊ တံစက်မြိတ်အောက်၊ တဲအောက်၊ ခြံဝန်းဘေးပစ်ထားလိုက်ရင် သူ့ဟာနဲ့သူ မြေကြီးတွေနဲ့ထိ၊ ချော်တွေတက်လာပြီး ရေမဆေးပြန်ဖြစ်သွားကြတယ်။

ဒီနေရာကဆက်ပြီး မြေကြီး၊ မြေလွှာတွေရဲ့အစွမ်းသတ္တိနဲ့ ထူးခြားပုံကိုဆက်ပြီးပြောရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မော်နယ်မြေမှာရှိကြတဲ့ လူတွေကအစ ရေမြေအဆုံး အရာရာအားလုံးဟာ ဂမ္ဘီရအရမ်းဆန်ပါတယ်။ ဟိုး မြန်မာနိုင်ငံအောက်ပိုင်းက မြေကြီးလည်းမြေကြီးပဲ။ အခု ကျွန်တော်တို့နေတဲ့ မော်ထဲကမြေကြီးဟာလည်း မြေကြီးပဲ။ ဒါပေမဲ့သာမန်ကြည့်ရင် မြေကြီးချင်းတူပေမယ့် မော်ထဲကမြေကြီးက ကျောက်တွေကိုစိမ်းသွားအောင် လုပ်နိုင်တာဟာ ထူးခြားတဲ့စွမ်းအားသတ္တိရှိလို့ ဖြစ်တယ်။

အခုတက်လာတဲ့ အစိုးရအနေနဲ့ သဘာဝသယံဇာတတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်ရင်တော့ ကျောက်တွေရော၊ မြေကြီးတွေပါ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေအဖြစ် ရှိနေဦးမယ်လို့ မျှော်လင့်မိပါတယ်။ အကယ်၍ မထိန်းသိမ်းနိုင်ဘဲကျောက်တွေတူးလို့ကုန်သွားခဲ့ရင် စွန့်ပစ်ခဲ့တဲ့မြေကြီးတွေနဲ့ မြေကွက်တွေကို နေရာကျယ်ကျယ်ယူထားသူက ကမ္ဘာပေါ်မှာသန်းကြွယ်သူဌေးမဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။ "ဒီမြေကြီးတွေဟာ သာမန်မြေကြီးတွေမဟုတ်ဘူး။ ဟိုးမြေစာပုံကိုကြည့်။ အဲဒီ မြေစာပုံဆိုရင် လွန်ခဲ့တဲ့ သုံးလေးနှစ်က နယ်မြေအခြေအနေမကောင်းတဲ့အချိန်က ပုံထားခဲ့တာ။ ဟိုးအောက်ပေပေါင်း ၈၀၀–၁၀၀၀ ကမြေကြီးတွေ ဘယ်လိုလုပ် မြေသြဇာရှိမှာလဲလို့ ထင်ခဲ့ကြတယ်။ အခုကြည့်လေ။သူ့ဟာနဲ့သူ ပေါက်လာကြတာ၊ ဘာပင်တွေလဲမသိဘူး။ တကယ်အံ့သြစရာ ကောင်း

တယ်''ဟု ကိုအောင်ကျော်ဝင်း ကပြောတယ်။

''အခု ငါတို့ထိုင်နေတဲ့နေရာလည်း ဟိုတုန်းက မြေစာပုံကြီးပဲ။ အမည်းကြော တွေ၊ ဘာပင်မှစိုက်စားမရဘူး အောက်မေ့တာ။ ဟိုအပင်ဆိုရင် မိန်းမက ထောပတ် သီးစားပြီး ဒီအတိုင်းပစ်ထားတာ။ အခုကြည့်လေ။ နည်းတဲ့အပင်မဟုတ်ဘူး။ ဘာမှ မပြုစုဘူးနော်။ သူ့ဘာသာသူ ထွက်လာတာ''ဟု ရေနွေးကြမ်းသောက်ရင်း ထပ်မံ ပြောပြတယ်။

ဒါကြောင့် ကျွန်တော်တို့ရဲ့မော်နယ်မြေဟာ သာမန်မြေမဟုတ်ဘူးဆိုတာ သိ စေချင်တယ်။ မြစ်ဆုံက မြေကြီး၊ သဲ၊ နုန်းတွေကို တရုတ်တွေက ကားအလုံပိတ် တွေနဲ့သယ်သွားတာ တန်ဖိုးရှိလို့ပေါ့။ ဘယ်သူက အလေးခံပြီး သယ်သွားမှာလဲ။ နောက်ဆို တခြားနိုင်ငံတွေနဲ့ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် အလုပ်နဲ့ပတ်သက်တဲ့ ပစ္စည်းကလွဲပြီး မြန်မာနိုင်ငံအတွင်းက ဘာမှမသယ်သွားရဆိုတဲ့ အချက်ကိုလည်း စာချုပ် ချုပ်သင့်တယ်။

အပြင်မှာ အတည်ပြုလို့မရတဲ့ စကားတစ်ခွန်းကြားနေရတယ်။ အဲဒါကတော့ မြစ်ဆုံကိုပြန်ပြီးမလုပ်ရရင် ကုန်ကျထားတဲ့စရိတ်တွေ ပြန်လျော်ပေးရမယ်ဆိုတဲ့ကိစ္စ။ အဲဒါနဲ့ပတ်သက်ပြီး ကလေးတွေစကားနဲ့ပြောရမယ်ဆိုရင် ငါတို့နိုင်ငံက သယ်သွား တဲ့မြေကြီးတွေကို သဘာဝအတိုင်းဖြစ်အောင်လုပ်ပြီး ပြန်ထားပေးပါလို့ ပြောလိုက် ချင်တယ်။

## တောမော် စပ်ပုံမြေကြီး

ကျောက်စိမ်းမှ ကျောက်ဆီ ကျောက်သားလေးနက်မှုရှိတာ မဟုတ်ဘူး။ မော် တိုင်းက မြေကြီးမြေဝါတွေကအစ အဆီအနှစ်ရှိကြပါတယ်။ ၁၉၉၂-၉၃ ခုနှစ် အချိန်က တောမော်ဆိုတဲ့ရွာမှာ အရမ်းစည်ကားခဲ့တယ်။ ဟသ်ာတဦးမြတို့လုပ်ခဲ့တဲ့ အချိန်တုန်းက မကောင်းလို့ရိုက်ဖွဲ့ပြီး ပစ်ထားခဲ့တဲ့ ကျောက်အပိုင်းအစတွေကို တစ် ပိုင်တစ်နိုင် ရေပက်ပြီး ရှာဖွေခဲ့ကြတယ်။

အဲဒီခေတ်အဲဒီအခါက အဲဒီကျောက်တွေကို(စပ်ပုံ)လို့ခေါ်ခဲ့ကြတယ်။ ရေပက် ပြီးရှာရတော့ တစ်ကိုယ်လုံး မြေဝါတွေပေလို့ပေါ့။ ကျင်းထဲကရေတွေကလည်း မြေဝါရေတွေဆိုတာ ဘယ်လောက်ချိုးချိုး မပြောင်ဘူး။ ရေကလည်းရှားတော့

မြေဝါတွေစင်အောင် ဘယ်လိုမှလုပ်မရဘူး။ တစ်ကိုယ်လုံးပဲ ဝါကြန့်ကြန့်အရောင်တွေ ဖြစ်လို့။ ကိုယ့်ရုပ်ကိုယ်ရှာရောက်လို နှစ်ရက်ရက် ကြေးချွတ်ဆပ်ပြာတွေနဲ့ ပွတ်တိုက် လိုက်မှ ပြောင်သွားတာ။ ဆိုလိုချင်တာက မြေကြီးမှာလည်း အဆီအနှစ်ရှိတယ်ဆို တာကို ပြလိုက်တာပဲ။ နောက်ဆုံး အဲဒီတောမော်မြေကြီးကို မန္တလေးမှာ တစ်ပိဿာ ၀၀၀ ကျပ်၊ ၁၀၀၀၀ ကျပ်ပေးဝယ်ကြရတဲ့အဆင့်အထိ တန်ဖိုးရှိလာခဲ့တယ်။

အဲဒီ(စပ်ပုံ)လို့ခေါ်တဲ့ကျောက်တွေကို တူးကြတဲ့အခါ ကျင်းထဲမှာ ရရချင်း ကြည့်လိုက်ရင် အရမ်းလှတယ်။ ကျင်းအပေါ်ရောက်လည်း လှတယ်။ နောက်ဆုံး ကိုယ့်တဲရောက်လို့ကြည့်လိုက်ရင်လည်း အစိမ်းရောင်က တစ်ရည်ကျမသွားဘူး။ အဲဒါ ဘာကြောင့်လဲ။ မော်ထဲကမြေ၊ မော်ထဲကရေတွေနဲ့ ထူးခြားတဲ့အစွမ်းသတ္တိ တွေကြောင့်ဖြစ်တယ်။ အဲဒီကျောက်ကိုရောင်းမယ်ဆိုပြီး မန္တလေးကိုရောက်လို့ ကြည့် လိုက်တဲ့အခါ မော်ထဲမှာမြင်ရတဲ့ အရည်အတိုင်းမဟုတ်ဘဲ တစ်ရည်ကျသွားတာတွေ ရှိတယ်။ အဲဒီအစိမ်းရောင်ရည်ပြန်တက်လာအောင် တောမော်ကယူခဲ့တဲ့ မြေဝါတွေ သုတ်လိမ်းပြီး ရေပြန်ဆေးပြီးမှ ရောင်းကြရတယ်။

မော်နယ်မြေမှာ ရေကအစ သောက်လိုက်ရင် လေးလေးနက်နက်ရှိတယ်။ အောက်ပိုင်းက ရေတွေလို ပေါ့ရွှတ်မနေဘူး။ ဥရုချောင်းထဲကထွက်တဲ့ ကျောက်ငေ ဖျင်၊ ကျောက်ရိုင်း၊ ပထော့၊ ကျောက်ပြောင် အမည်းတုံးတွေလည်း သူ့ဟာနဲ့သူ တန်ဖိုးရှိကြတယ်။ မော်ထဲကရေနဲ့ပတ်သက်ပြီး တာမခန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နမ့်စပိန်းဆိုတဲ့ ရွာကထွက်ရှိတဲ့ ရေရဲ့ထူးခြားပုံကို အနည်းငယ်ပြောချင်တယ်။

## ဖားကန့်က နမ့်စပိန်းအရက်

နမ့်စပိန်းဆိုတာနဲ့ အရက်ကြိုက်တတ်တဲ့သူတွေ သိပြီးသားဖြစ်မှာပါ။ အဲဒီ ရွာက ရေနဲ့ချက်တဲ့အရက်ကို(နမ့်စပိန်းအရက်)ဆိုပြီး နာမည်အရမ်းကြီးပါတယ်။ ကောင်းပါပေ့ဆိုတဲ့ ချီးဗက်စ်၊ ဟင်နစ်ဆီ နာမည်ကြီးအရက်တွေ အရှုံးပေးရလောက် အောင် တကယ်ကောင်းပါတယ်။ ပိုပြီးထူးခြားတာက အဲဒီရွာကရေကိုသယ်ပြီး လုံးခင်း၊ ဖားကန့်မှာ လာချက်ရင် အဲဒီရွာမှာချက်တဲ့အရက်နဲ့ လုံးဝမတူဘူး။ နမ့်စပိန်း ရွာမှာနေပြီး နမ့်စပိန်းရွာကထွက်တဲ့ ရေနဲ့ချက်မှ(နမ့်စပိန်းအရက်)ဆိုပြီး နာမည်ကြီး တာပါ။

အဲဒါဟာ ဖားကန့်မှော်ဒေသကထွက်ရှိတဲ့ သဘာဝရေတာချို့တစ်ဝက်ရဲ့ထူးခြား ချက်ပဲ။ ဟော အခုတော့ ဉရုချောင်းတစ်လျှောက် ရေထဲက သဘာဝသယံဇာတ မြေကြီး သဲ၊ နုံးတွေကိုတောင် တန်ဖိုးထားဝယ်လာကြပြီဆိုတော့ မှော်ထဲက ဘယ် အရာမဆို အလေးအနက် ဂရုစိုက်ဖို့လိုအပ်လာပါပြီ။

ဖားကန့်မှော်နယ်မှ မဟုတ်ပါဘူး။ ကချင်ပြည်နယ်တစ်ခုလုံးမှာရှိတဲ့ မြစ်ဆုံက မြေကြီးတွေကအစ သဘာဝသယံဇာတတွေနဲ့ တန်ဖိုးဖြတ်မရတဲ့ မြေကြီးတွေပါလား ဆိုတာ သိစေချင်တယ်။ တချို့သိတဲ့ ကုမ္ပဏီတွေက တစ်ခေါက်ပဲရှာပြီးထားတဲ့ အောက်ကြောကမြေစာတွေကို စုပုံပြီး ခြံတွေကနေရာကျယ်ကျယ်ယူထားကြတယ်။

နောက်ဆို ဒီမြေစာပုံကို မျှော်တိုက်ရှာမယ်၊ ဘယ်လောက်လဲဆိုပြီး လာဝယ် ကြမယ့်ခေတ်ကို ရောက်လာမှာသေချာပါတယ်။ နောက်ဆို နောင်လာမယ့် မျိုးဆက် တွေ ကျောက်စိမ်းကိုမြင်ချင်ရင် တရုတ်ပြည်မှာ သွားကြည့်ရမယ့်ခေတ်ကို မရောက် ဖို့ ကျန်ရှိနေတဲ့ ဖားကန့်–လုံးခင်း ရတနာမှော်နယ်မြေက သဘာဝမြေမှုန်၊ တောင် တန်းတွေနဲ့ မမြင်ရသေးတဲ့ ကျောက်စိမ်းတွေကို တန်ဖိုးထားထိန်းသိမ်းထားနိုင် ကြပါစေလို့။

(အမှတ် ၂၄၆၊ အတွဲ ၆၊ ၁၉–၈–၂၀၁၆၊ First Weekly ဂျာနယ်)

**နိုင်မိုး(လုံးခင်း)**

# ဓာတ်သစ်ရေမဆေး



# ခေတ်သစ် ရေမဆေးများ

တစ်ချိန်က ရေမဆေးကျောက်ရှာတဲ့သူတွေလို့ ပြောလိုက်တာနဲ့ ဘောင်းဘီစုတ်၊ အင်္ကျီအစုတ်၊ ပိုက်ဖိနပ်အစုတ်၊ လွယ်အိတ်စုတ်နဲ့ စိန်တူတစ်ချောင်းကို ကိုင်ပြီး ဘယ်မျှော်ကို ဘယ်လောက်ဝေးဝေး ခြေကျင်လျှောက်၊ ကုမ္ပဏီတွေက မြေစာသွန်ချိန်မှာ မြေစာပုံခြေရင်း ကျောက်ကောင်းရဖို့သာ စိတ်ထဲမှာရှိတဲ့ သိကြာ ရှိရှိ ရေမဆေးရှာနေကြတဲ့ လူငယ် ရေမဆေးသမားတစ်ယောက်ကို ပြေးပြီး မြင်ယောင်မိကြမှာပါ။

အဲဒီအချိန်က ၂၀၁၇ ခုနှစ်လောက်စပြီး ၂၀၁၁ ခုနှစ်အချိန်ကာလ အတွင်း ပေါ့။ ကုမ္ပဏီဝန်ထမ်းတွေက "ဒီနေရာက မလာနဲ့ဆို . . . မလာနဲ့" "ဒီမြေစာပုံမှာ မရှာနဲ့ဆို . . . မရှာနဲ့" သူတို့ကုမ္ပဏီဧရိယာအတွင်း သူတို့သာဘော သူတို့မနောပါ။

နောက်ဆုံး "ကျွန်တော် ကျောက် လုံးဝမရှာပါဘူး။ ဟိုဘက်မျှော်မှာ ကျွန်တော့်အစ်ကိုရှိပါတယ်။ အရေးကြီးကိစ္စရှိလို့ပါ။ ဒီကုမ္ပဏီ ခြံစည်းရိုးဘေးမက ဖြတ်သွားပါရစေ"လို့ အသနားခံပြောလည်း မရဘူး။

အဲဒီအချိန်မှာ ဘောင်းဘီရှည်မြင်ရင် အကုန်ကြောက်နေရတဲ့ ခေတ်ဆို တော့ တရုတ်သာကောတွေ ဘောင်းဘီရှည်ဝတ်လာရင်လည်း တိုင်းရင်းသား လူမျိုး တွေ အားလုံး ကြောက်နေရတဲ့ခေတ်ပါ။

## ခေတ်ပျက်စပြုပြီ

နောက်မကြာပါဘူး။ ၂၀၁၁ အကုန်လောက်ကစလို့ သေနတ်သံတွေ၊ မိုင်းသံတွေ စပြီး ကြားလာရပါတယ်။ အခြေအနေတွေက ရုတ်ရုတ်သဲသဲ ဖြစ်လာ တယ်။ ညညဆို လူတွေ အပြင်မထွက်ရဲတော့ဘူး။ ကုမ္ပဏီတွေဆို စက်ယန္တရားတွေ

ဖြုတ်သိမ်း၊ ဝန်ထမ်းတွေလျော့၊ အကုန်ပြန်ခိုင်းတာ ပြန်ခိုင်း၊ တချို့ကုမ္ပဏီတွေဆို အစောင့် လေးငါးယောင်ပဲ ချန်ထားခဲ့ပြီး ကုမ္ပဏီလောပန်းတွေ အကုန်ဆင်းပြေးတဲ့အထိ ဖြစ်လာတယ်။

သေနတ်သံတွေက ရွာတွေအထိ ရောက်လာကြတော့ အောက်ပိုင်းက ဗမာရေမဆေးတွေက အတော်များများ ဆင်းပြေးကြတယ်။ မှော်ဒေသတစ်ခွင်လုံး ထိတ်ထိတ်ပြာပြာနဲ့ အုပ်ချုပ်မှုယန္တရားဟာလည်း ပျက်ပြားတဲ့အထိ ဖြစ်လာတယ်။

အဲဒီလိုဖြစ်ပျက်တဲ့ အချိန်ကစလို့ မကြောက်လို့ ကျန်ခဲ့တဲ့ ရေမဆေးသမားတွေဟာ တွေ့တဲ့ ကုမ္ပဏီတွေထဲ ဝင်ကြတယ်။ ကိုယ်ကြိုက်တဲ့နေရာမှန်သမျှ ရှာကြတယ်။ ဝင်လာတဲ့ ရေမဆေးသမားတွေကလည်း အုပ်စုလိုက်(အယောက် ၄၀၀-၅၀၀)ဆိုတော့ ဒီအစောင့် လေးငါးယောက်က မရှာနဲ့လို့ ဘယ်သွားပြောရဲမလဲ။

တချို့ဆို ကုမ္ပဏီ အဆောင်ကို မီးရှို့တဲ့သူက ရှို့၊ ခြံစည်းရိုးကာထားတဲ့ ဆူးကြိုးတွေကို ဖြုတ်သယ်တဲ့သူက သယ်၊ အဆောင်ထဲက တီဗွီ၊ ရေခဲသေတ္တာ၊ ဆက်တီခုံ၊ ဗီရို၊ မီးပြောင်း တွေ့တာ မြင်တာမှန်သမျှ ယူတဲ့သူက ယူ ...။

ကုမ္ပဏီတွေက မဆေးရသေးတဲ့ ကျောက်၊ မနိုင်လို့ မြှုပ်ထားတဲ့ ကျောက်၊ အဲဒီမြှုပ်ထားခဲ့တဲ့နေရာကို တူးဖော်ပြီး သုံးဘီးကားနဲ့ သယ်တဲ့သူက သယ် ... အို မှော်ထဲမှာ ဆူညံပွက်လောရိုက်နေတာပဲ။

## ပြန်တက်လာတဲ့ ရေမဆေး

မှော်ထဲမှာ ဘယ်ကုမ္ပဏီလုပ်ကွက်တွေထဲမှာဆို ကြိုက်တဲ့နေရာ ရှာလို့ရတယ်ဆိုတာ ကြားရတော့ ဆင်းသွားကြတဲ့ ရေမဆေးတွေက ပြန်တက်လာကြတာ ဆင်းသွားတာထက် သုံးဆ ပိုမယ်ထင်တယ်။

မနက်မိုးလင်းပြီဆိုတာနဲ့ ရေမဆေး လူထုကြီးက ကုမ္ပဏီလုပ်ကွက်တွေထဲ တံခါးမရှိ ဝင်ထွက်သွားလာပြီး ကိုယ့်စိတ်ကြိုက် တူးကြတော့တာပဲ။ တချို့ဆို တစ်ညလုံးရှာကြတဲ့သူက ရှိသေးတယ်။ အဲဒီချိန်ကစလို့ မြေစာပုံတွေမှာ ရေမဆေးတွေ မမြင်ရတော့ဘူး။ ကုမ္ပဏီ လုပ်ကွက်တွေဟာ သူတို့ ကျင်းတွေပဲဆိုပြီး ရှာနေတူးနေကြလေရဲ့။

## အစိုးရချိန်းပြီ

ဒီလိုနဲ့ NLD အစိုးရတက်လာပြီးတဲ့နောက်ပိုင်း ဥပဒေက စိုးမိုးမရှိတော့ ဖာမ်နေ့တခြား ပိုပို ဆိုးဆိုးလာတယ်။ အုပ်ချုပ်ရေးရဲ့ စတဲ့ ဘယ်သူတွေဆို ဘာပြောပြော ဂရုမစိုက်ကြဘူး။ ကုမ္ပဏီတွေထဲဝင်ပြီး ကုမ္ပဏီ ကျောက်ရှာ အလုပ်သမားတွေတောင် မရှာရသေးဘူး။ ရေမဆေးသမားတွေက တိုးဝှေ့ပြီး လုရှာတဲ့အထိ ဖြစ်လာတယ်။

## ရဲနှင့် ရေမဆေးပြဿနာတက်

ရဲတွေက မဝင်နဲ့လို့ တားလည်း မရဘူး။ ရေမဆေးတွေက အယောက် တစ်ထောင် နှစ်ထောင်ဆိုတော့ ဘယ်လိုမှပြောလို့ မရတော့ဘူး။ ဒီလိုနဲ့ ရဲနဲ့ ရေမဆေး ခဏခဏ ပြဿနာတက်နေတဲ့အကြောင်း နေ့စဉ်ဆိုသလို ကြားနေရ တယ်။

ရဲက ရေမဆေးကို သေနတ်နဲ့ ပစ်သတ်ပြန်ပြီ။ ရေမဆေးက ရဲကို စိန်တူ နဲ့ ခေါက်သတ်ပြန်ပြီ။ ကျောက်ခဲနဲ့ ထုသတ်ပြန်ပြီ။ ကားတွေကို မီးရှို့ပြန်ပြီ။ ကျောက်ဂိုထောင်ကို ဖောက်ပြန်ပြီ ... အဲ့ပြဿနာတွေက စုံလို့ စုံလို့။ ခဏခဏ ပြဿနာတက်တော့ ရေမဆေးနဲ့ ကုမ္ပဏီ အချိန်ညှိပြီး လုပ်ကြရတဲ့အထိ ဖြစ်လာ တယ်။

မနက် ၂ နာရီကစလို့ ၃ နာရီအထိ တစ်ချိန်၊ ညနေ ၄ နာရီကစလို့ ၅ နာရီအထိ တစ်ချိန် နားလည်မှုနဲ့ ရှာခွင့်ပေးလိုက်ရတယ်။ မပေးလို့လည်း မရတော့ ဘူး။ တစ်မှော်နဲ့ တစ်မှော်၊ ကုမ္ပဏီတစ်ခုနဲ့ တစ်ခု အချိန်တွေတော့ မတူဘူးပေါ့။

## ရေမဆေးဝတ်စုံ ဒီဇိုင်းအသစ်

အဲဒီအချိန်မှာ ရေမဆေးကျောက်ရှာသူတွေရဲ့ ဝတ်စုံဒီဇိုင်းဟာ တစ်မျိုး ပြောင်းသွားခဲ့တယ်။ ဟိုတုန်းက စိန်တူတစ်ချောင်းတည်း ကိုင်ရာမှ ခုအခါမှာတော့ လုပ်ကွက်တွေထဲ ဝင်တဲ့အခါ အမြန်ဝင်လို့ရအောင် ဆိုင်ကယ်တစ်စီး၊ အမြန်တူး လို့ရအောင် ဂန်းဖောက်စက်၊ သံတိုင်၊ ပေါက်ပြား၊ ဂေါ်ပြား၊ နဖူးမှာ ချိတ်ပြီး မီးထိုးရှာရတဲ့ ကျောက်ကြည့်ဓာတ်မီးနှင့် ဓာတ်ခဲအပို ငါးလုံး။ ကျောက်ရရင် အမြန်

သယ်ထုတ်လို့ရအောင် သုံးဘီးတစ်စင်း၊ တချို့ဆို ပါဂျဲရိုးကားတွေနဲ့။ ခုခေတ် ရေမဆေးတွေရဲ့ ဝတ်စုံဒီဖိုင်း အဆောင်အယောင်တွေဟာ ဝယ်မယ်ဆိုရင် ၁၀ သိန်းကျော်လောက်ရှိမယ် ထင်ပါတယ်။ ဒါအနည်းဆုံးပါ။

## ကျောက်ရှာချိန် တစ်နာရီ

ဟိုတုန်းကတော့ ဘယ်မြေစာပုံမှာမကို ကိုယ်ကြိုက်တဲ့ အချိန် ရှာလို့ရတယ်။ ခုအခါမှာတော့ ရေမဆေးကို သူ့အချိန်နဲ့သူ ရှာရတဲ့ ခေတ်ကြီး ရောက်လာတယ်။ ကျောက်ရှာချိန် တစ်နာရီပြည့်လို့ ခရာမှုတ်သံကြားရင် ရေမဆေးတွေ ပြန်တက်ရတယ်။ မတက်လို့လည်း မရဘူးလေ။ သူ့အချိန်သူ သတ်မှတ်ပြီးသား မဟုတ်လား။

ကုန်းပေါ်ရောက်လို့ ဂိတ်ပေါက်ဝ ရောက်တာနဲ့ ရဲနဲ့ ကုမ္ပဏီဝန်ထမ်းတွေ အဆင်သင့်စောင့်နေကြတယ်။ ရတဲ့ကျောက်မှန်သမျှ သူတို့ကို ပြရတယ်။ တစ်ပိုင်တစ်နိုင်ကျောက်တွေပေါ့။ ကောင်းလား၊ မကောင်းလား သူတို့ကြည့်တယ်။ ရဲတွေကလည်း ကြည့်ပါများတော့ ကျောက်မျိုးကောင်း မကောင်း သူတို့သိတယ်။

သူတို့မျက်စိထဲ မကောင်းဘူးထင်ယူသွား။ ကောင်းတယ်ထင်ရင် ဈေးဖြတ်ပေးတယ်။ အပြင်မှာ သိန်း ၅၀–၆၀ ရောင်းလို့ရတဲ့ ကျောက်ဆိုရင် ငါးသိန်းလောက် ပြန်ပေးတယ်။ ၂၀–၃၀ တန်ရင် နှစ်သိန်းသုံးသိန်းကြည့်ပေးတယ်။ မရဘူး ပြောလည်း မရဘူး သူတို့ဖြတ်ပေးတဲ့ဈေးပဲ ယူရတယ်။ သိန်း ၄၀၀–၅၀၀ ဘယ်လောက်ပဲကောင်းကောင်း သိန်း၁၀–၂၀ထက်ပိုမရဘူး။ သူတို့လုပ်ကွက်ထဲရှာရတော့ နည်းတယ်လည်း ပြောလို့မရဘူးလေ။ အခုလို ရှာခွင့်ပြုတာကိုတောင် ကျေးဇူးတင်ရမှာ။ ဟိုတုန်းကဆို ရှာရဖို့မပြောနဲ့ ခြံစည်းရိုးနားကပ်ဖို့တောင်မလွယ်ဘူး။

## ကုမ္ပဏီတွေရဲ့ ကျေးဇူး

နောက် ရေမဆေးတွေ အလွယ်တကူ ရှာနိုင်အောင် ကုမ္ပဏီတွေအနေနဲ့ ပေပေါင်း ရာချီမြင့်တဲ့ ခေါင်းပေါင်း မြေစာတွေကို ဖယ်ပြီး ရှာခွင့်ပြုထားတာ။ အချိန်ပိုင်း ရှာခွင့်ပြုပေးထားတာ ရေမဆေးတွေ နားလည်စေချင်ပါတယ်။ ကိုယ်ပိုင်ကျင်းတစ်ကျင်း တူးကြည့်လေ။ ကျောက်ကြောရောက်ဖို့ လချီ တူးရမယ်။

ဘယ်လောက် အပင်ပန်းခံ တူးရလဲဆိုတာ အားလုံးသိတယ်။

ခုဟာက တကယ် အမှန်အကန် ကျောက်ကြောတွေ။ ကုမ္ပဏီတွေလည်း မရှာရသေးဘူး။ ဒါကို ရှာခွင့်ပြုထားတယ်ဆိုတော့ သူတို့ရဲ့ စေတနာကိုလည်း လေးစားရမှာပါ။ ဟိုတုန်းက မြေပုံမှာ အလုအယက်ရှာရတဲ့ အခြေအနေနဲ့ ခု လုပ်ကွက်တွေထဲ ရှာရတဲ့ အခြေအနေ နှိုင်းယှဉ်ကြည့်ရင် အစစအရာရာ စိတ်ချမ်းသာနဲ့ အန္တရာယ်ကင်းတာပေါ့။

ဘယ်လိုပဲဆိုဆို ကုမ္ပဏီတွေအနေနဲ့ ပြည်သူလူထုတွေအပေါ်၊ ရေမဆေးတွေအပေါ်၊ ဆင်းရဲသားတွေအပေါ် သနားညှာတာ၊ စေတနာထားတာ၊ နားလည်မှုပေးတာကတော့ တန်ဖိုးထားလေးစားရမှာပါ။ ၂၀၁၈–၂၀၁၉ ခုနှစ်အတွင်း ကျောက်ရှာနေကြတဲ့ ခေတ်သစ်ရေမဆေးတွေရဲ့ ဘဝဟာ ကုမ္ပဏီတွေရဲ့ သနားညှာတာ နားလည်ပေးမှုကြောင့် ကျောက်ကောင်းတွေ ရပြန်တော့လည်း ကျောက်ဝယ်လက်တွေရဲ့ မတန်မဆ ဈေးနှိမ်ဝယ်မှုကြောင့် အခက်အခဲပေါင်းစုံကြားမှာ လောပန်းမဖြစ်သေးသရွေ့ ရေမဆေးဘဝနဲ့ပဲ မော်ကြီးမော်ကြား၊ မြေစာပုံတွေကြားမှာ ကျင်လည် လှုပ်ရှားနေရဦးမှာပါ။

**နိုင်မိုး(လုံးခင်း)**





# ရူးချင်ယောင်ဆောင်တဲ့ ကျောက်သမား

# ရှူးချင်ယောင်ဆောင်တဲ့ ကျောက်သမား

စကားကို ကိုယ့်တက် မပါပါအောင်၊ မရရအောင် ပြောဆိုတဲ့နေရာမှာ ရှေ့နေထက် ကျောက်သမားပွဲစားက သာတယ်။ ကျောက်သမားပွဲစားထက် ဖိုးသမားက သာတယ်လို့ မှော်ဒေသမှာ ပြောဆိုနေကြတာကို ကြားဖူးတယ်၊ အတည်လို့ပဲပြောပြော နောက်ပြောင်ပြီး ပြောတဲ့စကားလို့ပဲဆိုဆို သူတို့ပြောနေကြတာကို လက်ခံရမလို ဖြစ်နေကြပါတယ်။

ကျောက်သမားပွဲစားတွေက တစ်နည်းမဟုတ်ရင် တစ်နည်း လှည့်ပတ်ပြော ဆိုပြီး အရောင်းအဝယ် လုပ်နေကြတာ ကျောက်သမားပွဲစားတွေရဲ့ သဘာဝပါ။ ကျောက်သမားတစ်ယောက် ကျောက်တစ်လုံးကို စဝယ်ပြီဆိုကတည်းက ကျောက်ရဲ့ အလုံးအဖန်၊ ကျောက်မျိုး၊ အရည်၊ အနာ၊ ဝိတ် အလေးအပေါ့ စတဲ့ ကျောက်အင်္ဂါ တွေနဲ့ ဘယ်လောက်ပဲ ပြည့်စုံနေပါစေ၊ ဒီကျောက်က အထိုင်မလှဘူး။ ကျောက်မျိုး နတယ်၊ အနာရှိတယ်၊ အရည်က ချင်းနည်းနည်းရောတယ် စသဖြင့် တစ်ခုခုကို အပြစ်ရှာပြီး ပြောရမှ ကျေနပ်ကြတာပါ။

ကျောက်တစ်လုံးမှာ အပြစ်ကင်းစင်တယ်ဆိုတာ တကယ်ကို ရှားပါတယ်။ နောက်ဆုံး ရှာမရရင် ဒီလူငွေလိုနေသလား၊ ရှယ်ယာ ဘယ်သူတွေပါသလဲ၊ စိတ် မပျက်ပျက်အောင်၊ ပေးတဲ့ ဈေးနဲ့ မရောင်းရောင်းချင်အောင် ပြောဆိုကြတာ ကျောက် ဝယ်တဲ့သူအများစုရဲ့ စိတ်ဓာတ်ပါ။ သားအဖအရင်း၊ ညီအစ်ကိုအရင်းတွေတောင်မှ ဝယ်ခဲ့တာက တစ်သောင်း ပြောလိုက်တာက ''ဒီကျောက်က တစ်သိန်းနဲ့ဝယ်ခဲ့တာ။ နှစ်သိန်းပေးလိုက်။ ဒါတောင် သားအဖမို့ ညီအစ်ကိုချင်းမို့လို့တဲ့''။

ကျောက်ပွဲစားတွေလည်း ဒီလိုပဲ ကျောက်တစ်လုံးကို ရောင်းဖို့ ပွဲကိုင်ခဲ့ပြီ ဆိုရင် ပွဲတည့်ဖို့အရေး မလှရင်လည်း လှတယ်၊ ကျောက်မျိုးနရင်လည်း မနဘူး ဝယ်လိုက်၊ မြတ်အောင် ပြန်ရောင်းပေးမယ် စသဖြင့် မဝယ်ဝယ်အောင်၊ ကြွမ်းပိုးကို

လိပ်ဖြစ်အောင် ပြောပြီး ရောင်းတတ်ကြပါတယ်။

ဒါတွေဟာ လိမ်ပြောတာမဟုတ်ရင်ဘာလဲ။ နေ့စဉ် မုသာဝါဒကံကို မမြဲကျိုးလွန်နေကြတာ ကျောက်သမား၊ ပွဲစားတွေပဲမဟုတ်လား။

## တောမှော်

တကယ်မရှုဘဲနဲ့ ရှုးချင်ယောင်ဆောင်ကြတာတွေလည်း ရှိပါတယ်။ ဘယ်သူလဲဆိုရင် တောမှော်(စပ်ပုံ)ခေတ်က ကျောက်သမား သာကီပါ(နာမည်လွှဲ)။ ငွေတိုးယူပြီး ပြန်မပေးနိုင်လို့ ဘယ်လို ရှုးချင်ဟန်ဆောင်သလဲဆိုရင် . . . ။

တစ်ချိန်က တောမှော်(စပ်ပုံ)ဆိုတာ ကျောက်လောကမှာ နာမည်ကြီးခဲ့ပါတယ်။ ဖားကန့်မှော်ဒေသ တောမှော်ဆိုတဲ့ မှော်ရွာလေးမှာ(စပ်ပုံ)ကျောက်ဝယ်တဲ့သူ၊ ဈေးရောင်း၊ ဈေးဝယ်တဲ့သူတွေနဲ့ အရမ်းစည်ကားခဲ့ပါတယ်။ တချို့ဈေးသည်တွေဆိုရင် မိုးကောင်းကနေ မိုင် ၁၀၀ ကျော်ဝေးတဲ့ တောမှော်ကို လေးငါးရက်ခြေကျင်သွားပြီး ဈေးလာရောင်းကြရပါတယ်။

ဈေးရောင်းပြီးရင် ငွေတွေကို ဒီအတိုင်းပြန်ယူသွားရမယ့်အစား ကျောက်သမားတွေကို တစ်သောင်းကို နှစ်ထောင်အတိုးနဲ့ ငွေတိုးပေးကြတာရှိတယ်။ မိုးကောင်းရောက်လို့ ကျောက်ရောင်းပြီးရင် ပြန်ပေးကြပါတယ်။ အသွားမြတ်၊ အပြန်မြတ်ဆိုတဲ့သဘောပေါ့။ အဲဒီခေတ်အဲဒီအခါက ငွေ တစ်သိန်း နှစ်သိန်းဆိုတာ တကယ်တန်ဖိုးရှိပါတယ်။ ရွှေတစ်ကျပ်သားမှ ငါးသောင်းဝန်းကျင်လေ။

ရှိစေတော့။ ဘာရမလဲ သာကီပဲ။ မင်းဆီမှ ငွေဘယ်လောက်ရှိလဲ ပေး။ တစ်သိန်း၊ ပေး သုံးသိန်းပေါ့။ ငွေ လေးငါးသိန်းရဖို့အရေး ဈေးသည် ခုနစ်ယောက်ရှစ်ယောက်လောက်ဆီက မနည်းပြောယူရတယ်။ မပေး ပေးချင်အောင်လည်း ကျောက်သမားပွဲစားတို့ရဲ့ တော်ကီနဲ့ ရအောင်ပြောကြတယ်။ ရကောက်နဲ့ ရရယပလက်နဲ့ ရရ၊ ရဖို့ အရေးကြီးတယ်လေ။ ပြီးမှ ဘယ်လိုရှင်းရှင်း။ ငွေလက်ထဲရောက်တော့ သာကီလည်း လောပန်းကြီးပုံစံနဲ့ ကျောက်တွေဝယ်ပြီပေါ့။ အောင်မယ်လေး . . . ကျောက်ရှာတဲ့သူတွေကလည်း ဈေးပေးတယ်။ ဈေးပေးတယ်ဆိုပြီး သာကီအနားမှာ ရောင်းတဲ့ သူတွေကပိုင်းလို့။

## လောပန်းစတိုင်

မကြာပါဘူး ဝယ်ထားတဲ့ကျောက်တွေကို ကျောက်အပိုးသမား လေးငါး ယောက်ခေါ်ပြီး လောပန်းကြီးပုံစံနဲ့ဆင်းလာခဲ့တယ်။ အဲဒီအချိန်မှာ ဘယ်လောက် ပိုက်ဆံ ရှိရှိ အကုန်ခြေကျင်လျှောက်ပဲ။ ရောက်ပါပြီ မိုးကောင်း ...။ သာဂိ ကံဆိုးလိုက်ပုံက ကျောက်ဈေးကွက်ကျတဲ့အချိန်နဲ့ တိုးပါလေရော။ ရောင်းရတော့ လည်း အရှုံးတွေနဲ့ဆိုတော့ ဘယ်လိုမှအဆင်မပြေတော့ဘူး။ လေးငါးရက်ကြာတော့ လာပါပြီဗျာ။ ငွေတိုးယူခဲ့တဲ့ ဈေးသည်တွေ ... တစ်ယောက်လာလိုက်၊ တစ်ရက် ချိန်းလိုက်၊ နောက်တစ်ယောက်လာလိုက် တောင်းပန်လိုက်နဲ့ သာဂိ စိတ်ညစ်ပြီပေါ့။

## လိမ်ပြီ

ငွေနည်းတဲ့သူတွေကျတော့ အိမ်ကရှိတဲ့ပစ္စည်း ဟိုဟာပေါင်၊ ဒီဟာပေါင်နဲ့ ရှင်းလိုက်ရတယ်။ တချို့များတဲ့သူတွေကျတော့ ပွစိပွစိဖြစ်ကုန်ပြီလေ။ သူတို့လည်း ဈေးဝယ်ပြီး ပြန်တက်ရမယ်ဆိုတော့ အပြစ်ပြောလို့မရဘူး။ နောက်ဆုံး မပေးရတော့တဲ့ လိမ်ပုံလိမ်နည်း၊ ဉာဏ်နီဉာဏ်နက် သုံးရတော့မယ်။ ဒီလိုမှ မသုံးရင် မရတော့တဲ့ အချိန်ဖြစ်နေပြီလေ။ သူ့ရဲ့ရွှေဉာဏ်တော်ကို အသုံးချလိုက်ပုံက နောက်တစ်နေ့ ညနေခင်း အလယ်တည့်တည့်မှာ စားပွဲကြီးတစ်လုံးချ၊ ပန်းကန်ပြား တစ်ချပ်စီထဲမှာ ထန်းလျက်၊ သကြား၊ ကြံသကာ၊ သကာရည်ကျဲကျဲနဲ့ အခွံနွှာပြီးသား ချိုချဉ်တွေ စတဲ့ အချိုမှန်သမျှအကုန်ထည့်ပြီး ညနေသည်လာရင် စားဖို့ဆိုတဲ့ ပုံစံနဲ့ချထားတယ်။

သာဂိကလည်း ပုဆိုးခါးတောင်းကျိုက်၊ အပေါ်အင်္ကျီဗလာနဲ့ စားပွဲဘေးနား ဆောင့်ကြောင့်ထိုင်နေတဲ့ အချိန် ... မကြာပါဘူး။ ယင်ကောင်တွေ အချိုပန်းကန်ပြား အပေါ် တဝီဝီနဲ့ပျံဝဲနေကြပြီ။ မိန်းမကိုလည်း ညကတည်းက သူလုပ်မယ့်အစီအစဉ် ကို ပြောထားပြီးပြီ။ လာပါပြီ အကြွေးရှင်တစ်ယောက်။ ကြွေးရှင်က ထိုင်တောင် မထိုင်ရသေးဘူး။ တဝီးဝီးနဲ့ ပျံနေတဲ့ယင်ကောင်တွေကို တစ်ကောင်ပြီးတစ်ကောင် လက်နဲ့ဖမ်းဖမ်းပြီး စားပါလေရော။ မျက်နှာကြီးက နီရဲလို့၊ စကားလည်း မပြောဘူး။ အကြွေးရှင်က ထိုင်ရမလို၊ ထရမလို၊ အကြွေးပဲ ဆက်တောင်းရမလိုဖြစ်နေတဲ့အချိန် မီးဖိုချောင်ခန်းက သာဂိမိန်းမဆီ ကြည့်လိုက်တော့ ဦးခေါင်းကိုလက်နဲ့ထိုးထိုးပြီး လက်ခါခါ ပြနေတယ်။ ဦးနှောက် မကောင်းတော့ဘူး။ ရူးနေပြီဆိုတဲ့ သဘောပေါ့။

## အကြွေးရှင် ပြေးပြီ

အကြွေးရှင်လည်း ဘာမှမပြောဘဲ တစ်ခါတည်း ပြေးဆင်းပါလေရော။ လာပြန်ပြီနောက်တစ်ယောက်၊ အဲဒီလူကိုလည်း ပထမအတိုင်း လုပ်ပြပြန်တယ်။ အကြွေးရှင်တွေ ပြန်ပြေးသွားတော့ ဘသားချော သာဂိက တကယ့်ကို လူကောင်းပကတိ။

မိန်းမက"ယောကျ်ားရေ ... ဘာလို့ဒီလိုလုပ်တာလဲမေးတော့" "ဘာလုပ်ရမှာလဲဟ။ အဲဒီမိန်းမတွေကို အကြွေးပေးရမှာ မင်းလည်း အသိပဲ။ အကြွေးတွေမပေးရအောင်လို့ ရူးချင်ဟန်ဆောင်ပြီး ယုတ္တိရှိအောင် ယင်ကောင်တွေကို ဖမ်းစားပြရတာပေါ့ဟ"တဲ့။

ကောင်းလိုက်တဲ့ ကျောက်သမားသာဂိရဲ့ဉာဏ်။ နောက်နေ့ကျတော့ အကြွေးရှင်တွေက သာဂိ တကယ်ရူးတာ ဟုတ် မဟုတ် ရပ်ကွက်ထဲစုံစမ်းတော့ သူ့မိန်းမက ပြန်ပြီးပြောလိုက်ပုံက "အကြွေးများလို့ ငါ့ယောကျ်ားက တကယ်ရူးသွားတာပေါ့။ ရူးတာမှ ထမင်းလွတ် ရူးတာ။ မစားတာ နှစ်ရက်ရှိပြီ။ အခုလည်း အခန်းထဲမှာ တုံးလုံးကြီး ဘာမှမဝတ်ဘူး"တဲ့။

အသွင်တူမှ အိမ်သူဖြစ်တယ်ဆိုတာ သာဂိတို့လို လင်ယားမျိုးကို ပြောတာထင်ပါရဲ့။ ယောကျ်ားလိမ်တော့ မိန်းမလည်း လိမ်ရတော့တာပဲ မဟုတ်လား။ ကျောက်သမားပွဲစားတွေဟာ လိမ်တာနဲ့အားမရဘဲ လိုအပ်ရင် ရူးချင်ဟန်လည်း ဆောင်ရပါလားဆိုတာ ဖားကန့်မှော်ထဲက ကျောက်သမားပွဲစားတွေနဲ့တွေ့မှပဲ သိရတော့တယ်။

(ဖားကန့်မဂ္ဂဇင်း အမှတ်–၄)

**နိုင်မိုး(လုံးခင်း)**


အချောင်
လောပန်းဖြစ်သူများ

# အချောင် "လောပန်း"ဖြစ်သူများ

စပါးသိမ်းပြီးလို့ အားတဲ့အချိန်လေးမှာ ဖားကန့်–လုံးခင်း မော်ဒေသကို အနယ်နယ်အရပ်ရပ်က လူငယ်များ တက်ရောက်ကြတယ်။ အများစုမှာ တောရွာမှ လူငယ်များဖြစ်ပါတယ်။

လုံးခင်း၊ မော်စီစာမော်ရောက်တော့ လောပန်းတစ်ဦးရဲ့ကျင်းထဲမှာ ကျင်းခေါင်းလူယုံအဖြစ် ခန့်ထားခံရပြီး ကျင်းသား ၁၀ ယောက်ကို အုပ်ချုပ်ရပါတယ်။

လောပန်းကလည်း စက်သုံးဆီရောင်းပြီး ကျင်းထားတာဆိုတော့ ကျောက်ကို သိပ်နားမလည်လှဘူး။

လောပန်းနားမလည်သလို တောကရောက်ခါစ လူယုံကလည်း ကျောက်ဆိုလို့(ကျောက်ပေါက်မာ)ရောဂါပဲ မြင်ဖူးတဲ့သူ။ နားမလည်တဲ့လူချင်း တွေ့ကြပြီပေါ့။

လောပန်းက သူ့ရဲ့လူယုံ ကျင်းခေါင်းကို မှာထားခဲ့ပုံက "ကျင်းက ကျောက်ရရင် အရည်ပါ/မပါ သိရအောင် ကျောက်ကို ရိုက်ခွဲပြီး ကြည့်လိုက်တဲ့။ ပြီးတော့ အခွံမပါဘဲ မှန်လိုဖြူပြီးပေါက်နေရင် မကောင်းဘူး။ ပလွန်ဆန်တယ်။ တဲကိုတောင် မယူခဲ့နဲ့။ ကျင်းဘေးကို လွှင့်ပစ်ခဲ့"တဲ့။

အမလေး တော်လိုက်တဲ့ ကျင်းထောင် လောပန်းနှင့် ကျင်းခေါင်း။ နောက်တစ်နေ့ ကျင်းတူးတော့ ကံကောင်းတယ်လို့များ ပြောရမလား။ မော်စောင့်နတ်က ပေးတယ်လို့ဆိုရမလား။ အဲဒီနေ့က ကျောက်တစ်လုံးရတယ်။

တဲရောက်တော့ လူယုံကလည်း မှာထားပြောထားတဲ့အတိုင်း အခွံပေါ်မှာ စိမ်းရောင်မြင်နေရတာကို အထဲမှာ အရည်တွေ များကြီးရှိနိုင်တယ်ဆိုပြီး တူနဲ့ရိုက်ခွဲလိုက်တယ်။

အုန်းသီးခွဲသလို ကွဲကွဲခြင်း အရည်ထွက်ကျလာမယ်ထင်ပြီး ဖလားခွက်ခံလိုက်သေးတယ်။ "ဟင်း . . . အရည်လည်းမပါဘူး"တဲ့။ ကျောက်ကာစိမ်းပြီး အောင်

နေတာသူမသိဘူး။

မကြာပါဘူး။ လောပန်းရောက်လာတာနဲ့ ကွဲပြီးသားကျောက်နှစ်ခုကိုပြ လိုက်တယ်။ "အေး . . . ဟုတ်တယ်။ အရည်လည်းမပါဘူးနော်"တဲ့။ လောပန်းနှင့် ကျင်းခေါင်းနှစ်ယောက်သား လိုက်ပဲ့။

ပြောထားတဲ့အတိုင်း ကျင်းခေါင်းက ယူပြီး တဲဘေးလွှင့်ပစ်လိုက်တယ်။ သူတို့ထင်တာက ကျောက်ကိုခွဲလိုက်ရင် အုန်းသီးခွဲသလို အုန်းသီးထဲက အုန်းရေ တွေထွက်လာသလို ကျောက်ထဲက စိမ်းနေတဲ့ အရည်တွေထွက်ကျလာမှ အောင် တယ်ထင်နေတာ။

(ပြော် . . . အ,လိုက်တဲ့ လောပန်းနှင့် ငါလိုရွာသားရယ်)

နောက်တစ်နေ့ကြတော့လည်း အခွံမပါတဲ့ ဘော်ဒီသား တစ်လုံးပြန်ရ တယ်။ ကျောက်ရှာနေတဲ့ လူတစ်ယောက်ကို ပစ်ပေးလိုက်တယ်။

မကြာပါဘူး။ အရည်မပါလို့ တဲဘေးလွှင့်ပစ်လိုက်တဲ့ ကျောက်ကို ကောက် သွားတဲ့ ရေမဆေးသမားနှင့် ပလွှန်ဆိုပြီး ပစ်ပေးလိုက်တဲ့ ကျောက်ကိုယူသွားတဲ့ ရေမဆေးသမားနှစ်ယောက် . . . ။

လည်ပင်းမှာ ၁၀ ကျပ်သားလောက်ရှိတဲ့ ရွှေဆွဲကြိုးကြီးဆွဲ၊ ကားအကောင်း စားတွေ စီးလို့ သူတို့တူးတဲ့ ကျင်းနားရောက်လာပြီး "အစ်ကို . . . အရည်မပါတဲ့ ကျောက်၊ ပလွှန်ဆန်တယ်ဆိုတဲ့ ကျောက်တွေ ရောင်းဖို့မရှိဘူးလား"တဲ့။

"ပြော် မသိကျော်သွား၊ သိ ဖော်စား"ဆိုတာ သူတို့ကိုပြောတာထင်ပါရဲ့။

ဖားကန့်၊ လုံးခင်းမှော်ထဲကိုရောက်လာတဲ့ လူတွေအားလုံး လူလည်တွေ ချည်းထင်ခဲ့တာ။ ခုတော့ ဒီလို အ,တဲ့လူတွေလည်း မှော်ထဲမှာရှိပါသေးလားဆိုပြီး အံ့ဩမိတယ်။

ကျောက်အကြောင်း မလေ့လာဘဲ ဒီလိုဆက်လုပ်နေရင်တော့ "လောပန်း ဖြစ်ဖို့ ဝေးသေးတယ် သူငယ်ချင်းတို့ရေ . . . "လို့ ပြောလိုက်ချင်တယ်။
(ဖားကန့်မဂ္ဂဇင်း အမှတ် – ၄)

**နိုင်မိုး(လုံးခင်း)**


မော်နယ်မြေက
လုံးခင်းတံတားအိုကြီးရဲ့
ငိုရှိုက်သံ

# မော်နယ်မြေက လုံးခင်းတံတားအိုကြီးရဲ့ ငိုရှိုက်သံ

ဖားကန့်ရတနာမော်နယ်မြေကို ရောက်ပြီဆိုတာနဲ့ လုံးခင်းဆိုတဲ့ရွာလေးကို အရင်ဦးဆုံးမြင်တွေ့ရမှာ ဖြစ်ပါတယ်။ လုံးခင်းရွာကိုမဝင်ခင် ဥရုချောင်းကိုဖြတ်ကာ ဆောက်ထားတဲ့ လုံးခင်းတံတားကို မဖြစ်မနေဖြတ်သွားရမှာဖြစ်ပြီး လုံးခင်းဆိုတဲ့ ရှမ်းရွာလေးကို ရောက်ရှိမှာပါ။ လုံးခင်းမှတစ်ဆင့် ရှေ့ဆက်သွားရင် ကမ္ဘာကျော် ဖားကန့်ဆိုတဲ့ မြို့ကြီးကို ရောက်မှာဖြစ်ပါတယ်။

ဒီလုံးခင်းတံတားကြီးကို အင်္ဂလိပ်လက်ထက်က ဆောက်လုပ်ခဲ့ပြီး နှစ်ပေါင်း ၆၀ ကျော်ရှိပြီလို့ သိရပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ နှစ်ပေါင်းများစွာကြာမြင့်နေ ပါစေ သူ့တာဝန်သူကျေအောင် ယနေ့အချိန်အထိ ထမ်းဆောင်နေဆဲပါပဲ။ ယခုနှစ် ပိုင်းအတွင်း လုံးခင်းရွာထိပ်မှာ တံတားသစ်ကြီးတစ်စင်း ဆောက်လုပ်လိုက်လို့ သူအနားယူနေပြီလို့ ထင်ခဲ့ပေမယ့် တစ်ဖက်ကမ်းမှာရှိတဲ့ ကျောက်စိမ်းရုံးဝန်ထမ်းတွေ၊ ကျောင်းသားကျောင်းသူတွေ၊ ငြိမ်းချမ်းသာယာရပ်ကွက်၊ မလန်းကျေးရွာ၊ လန်းဆန်း သာယာ၊ ပြည့်ဖြိုးသာယာ စတဲ့ရွာငယ်လေးမှ ရွာသူရွာသားတွေအတွက်နဲ့ မော်သွား၊ မော်ပြန် ရေမဆေးကျောက်တူးသမားများအတွက် ဆက်လက်တာဝန်ထမ်းဆောင်နေ ရဆဲပါ။

တစ်ရက် လုံးခင်းတံတားကြီးပေါ်ကို ကျွန်တော်ဖြတ်သွားလိုက်တဲ့အချိန်မှာ တံတားအိုကြီးရဲ့ ငိုရှိုက်သံကို ကျွန်တော်ကြားလိုက်ရတယ်။

## ငိုရှိုက်သံ

ဒီမော်နယ်မြေမှာ သွားလာလှုပ်ရှားနေကြတဲ့ လူတွေ၊ ကားကြီး၊ ကားငယ် တွေစတဲ့အရာအားလုံးဟာ ငါ့ရဲ့ကျောပေါ်ကိုနင်းပြီး သွားခဲ့ကြတာဆိုရင် အတော့်ကို

ကြာခဲ့ပါပြီ။ မှော်ထဲရောက်တဲ့လူမှန်သမျှ ငါ့ကျောပေါ် မလျှောက်ဘူးတဲ့လူမရှိဘူး။ လူတွေက ငါအသက်ကြီးလို့ ဂရုမစိုက်တာ ထင်ပါရဲ့။ မရှိသေတဲ့အပြင် ငါ့ကျောပေါ်ကို မညှာမတာ နင်းကြတယ်။ ၁၂ ဘီးကားကြီးတွေအပေါ် ဆီအပြည့်တင်ပြီး ဖြတ်သွားကြတာရှိသလို တချို့ဆို ကားကြီးအပေါ် ရေမကျောက်စိမ်းတုံးကြီးတွေ တင်ပြီး ဖြတ်သွားကြတယ်။ ငါလေ မနည်းတောင့်ခံထားရတယ်။ ဩော် ... သူ အသက်ကြီးပြီ၊ ဝိတ်နည်းနည်းလျှော့ဦးမှလို့ မရှိဘူး။ လေးလွန်းလို့ ငါ့ရဲ့ခါးတွေတောင် နာလာပြီ။

တစ်ခါတလေဆို ငါ့ရဲ့ခါးတွေကျိုးသွားမလား အောက်မေ့ရတယ်။ ဒါပေမဲ့ ငါမပြောရက်ခဲ့ပါဘူး။ ငါ့ရှိတဲ့အားနဲ့ ငါ့တာဝန်ကျေအောင် ထမ်းဆောင်ပေးခဲ့တယ်။ ငါအသက်အရွယ်ကောင်းတဲ့အချိန်ကဆိုရင် ဘယ်လောက်လေးလေး ငါမပြောခဲ့ဘူး။ အခု အသက်တွေက ကြီးပြီလေ။ ငယ်ငယ်ကလို ခံနိုင်ရည်မရှိတော့ဘူး။ ငါ အမိက အားထားရတဲ့ ရေလယ်က ပင်မထောက်တိုင်ကလည်း မကောင်းတော့ဘူး။ သံတိုင်တွေကလည်း ဆွေးမြည့်ကုန်ပြီ။ တစ်ခါတလေ ကျောင်းသူ ကျောင်းသားတွေ ကျောင်းသွားကျောင်းပြန်နေကြတဲ့အခါ ကြမ်းပေါက်ထဲကျမှာစိုးရိမ်နေမိတယ်။ မိုးတွင်းရောက်ပြီဆိုရင် ရေကြီးလို့မျောလာတဲ့ သစ်တုံးတွေ၊ အမှိုက်တွေ တိုင်မှာကပ်ငြိလို့ ငါ့မှာ မနည်းတောင့်ခံထားရတယ်။ ရေကလည်း မှော်ပေါင်းစုံက တောင်ကျရေတွေဆိုတော့ ရေစီးကလည်း ကြမ်းတယ် မဟုတ်လား။

## ငါ့ကျောပေါ်က ရတနာများ

တစ်ဖက်ကမ်းမှာလည်း ကျောက်စိမ်းရုံကရှိတော့ မှော်ပေါင်းစုံကထွက်တဲ့ ကျောက်တွေမှန်သမျှ နေ့စဉ်လိုလို ငါ့ရဲ့ကျောကုန်းပေါ်ကနေ ဖြတ်သွားနေကြတယ်။ ဒေါ်လာမြောက်မြားစွာတန်တဲ့ ကျောက်တွေဆိုရင် ငါ့ကျောပေါ်က ဖြတ်သွားကြတာ အလုံးပေါင်း မရေတွက်နိုင်တော့ဘူး။ ကုမ္ပဏီကထွက်တဲ့ ကျောက်မှန်သမျှ အားလုံး နိုင်ငံတော်ကို ရောက်သလား၊ မရောက်သလား မသိဘူး။ ငါကတော့ အမြဲမြင်တွေ့နေရတယ်။ ဒါပေမဲ့ မြင်သမျှကိုလည်း မပြောရဲဘူး။ ငါ့ကို အသစ်မပြုပြင်ပေးတဲ့ အပြင် ရိုက်ချိုးခံရမှာ ကြောက်နေရတယ်။

တစ်ခါတလေဆို တစ်တုံးလုံး အရည်အကျောက်တွေ၊ တချို့ဆို ကြိုးပတ်၊

တချို့ဆို သေးသေးလေးတွေနဲ့ ဒေါ်လာမြောက်မြားစွာတန်တဲ့ ကျောက်ပေါက်တွေ။ နေ့ခင်းကြောင်တောင်တစ်မျိုး၊ ညညတွေမှာ တိုးတိုးတိတ်တိတ်တစ်ဖုံ ငွေ့ကျောပေါ်က ဖြတ်သွားကြတယ်။ အဲဒီထဲကမှ တစ်တုံးလောက် ရောင်းလိုက်ရင် ငါ့လိုတံတား မပြောနဲ့။ စစ်ကိုင်းတံတားလို တံတားကြီး ၁၀ စင်းလောက် ဆောက်လို့ရတယ်။

တချို့ အဲဒီကျောက်တွေရောင်းပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြင်ဦးလွင် စတဲ့ မြို့ကြီးတွေမှာ ဟိုတယ်၊ မိုတယ်လို ဇိမ်ခံတိုက်ကြီးတွေဆောက်ပြီး နေနေကြတယ်။ ငါ့ကိုအသစ်ဆောက်ဖို့နေနေသာသာ ပြုပြင်ပေးဖို့တောင် သတိမရကြဘူး။ ငါ့မှာဖြင့် မင်းတို့ကျောက်တွေနဲ့ ဖြတ်သွားဖြတ်လာလုပ်ခဲ့တဲ့ ဒဏ်ရာတွေကြောင့် ငါ့ခါးတွေလည်း နာလှပြီ။ ကုသပေးဖို့နေနေသာသာ လိမ်းဆေးလေးတောင် မပေးကြဘူး။ တကယ်ဆို ဖားကန့်နယ်မြေမှာ ကုမ္ပဏီတွေ တရားဝင်ရော၊ တရားမဝင်ရော၊ အကျိုးတူတာရော၊ မတူတာရော ထောင်ချီရှိတယ်။ ဒီနယ်မြေကနေ ကြီးပွားသွားကြတာတွေလည်း မနည်းပါဘူး။

အဲဒီကြီးပွားသွားကြတဲ့ ကုမ္ပဏီလောပန်းတွေဟာ ဖားကန့်နယ်မြေကို စတက်လာတုန်းက ကုမ္ပဏီလုပ်မယ်ဆိုပြီး ငွေအထုပ်အထည်နဲ့ ယူမလာကြပါဘူး။ ပလိုင်းနောက်လွယ်တစ်လုံးထဲ ဆန်တစ်ပြည်၊ နှစ်ပြည်ထည့်ပြီး တက်လာကြတဲ့သူတွေပါ။ နေရင်း နေရင်း ကျောက်ရလို့ ကုမ္ပဏီလုပ်ဖြစ်သွားရာကစပြီး လောပန်းကြီးတွေ ဖြစ်သွားကြတာပါ။ တကယ်ဆို ဒီနယ်မြေဟာ သူတို့ရဲ့ ဘူမိနက်သန် ကျေးဇူးရှင် နယ်မြေပါ။ ကျေးဇူးပြန်ဆပ်သင့်ပါတယ်။ ဖားကန့်မှာရှိတဲ့ ဘယ်လောပန်းမဆို ကိုယ်စီးပွားစဖြစ်တဲ့ ဒီနယ်မြေကို ဘယ်လိုနေရာက ကျေးဇူးပြန်ဆပ်ရမလဲဆိုတာ စဉ်းစားသင့်ပါတယ်။

## တံတားဆောက်ပြီး ကျေးဇူးဆပ်ခြင်း

အဲဒီကုမ္ပဏီတွေထဲမှာမှ ရှားရှားပါးပါး ကျောက်စိမ်းတောင်ကုမ္ပဏီက လောပန်းကြီး ဦးစိန်ဝင်း+ဒေါ်ခင်ဝင်းကြည်မိသားစုက ဖားကန့်မြို့လယ်ကောင်တည့်တည့် ဥရုချောင်းပေါ်မှာ ဥရုရတနာ ကျောက်စိမ်းတောင် တံတားဆိုပြီး အလှူရှင်တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းသွားခဲ့တယ်။ အဲဒီတံတားကြီးရဲ့ စုစုပေါင်း ကုန်ကျငွေဟာဆိုရင် ပြည်တွင်းငွေ ၅၂၅၄ ဒသမ ၅၉ သန်း၊ ပြည်ပယူရိုဒေါ်လာ ၅၅၂,၅၀၅

တို့ဖြစ်ပါတယ်။ ဒီလို များပြားတဲ့ငွေတွေကို တော်ရုံတန်ရုံ စေတနာနဲ့ ဘယ်သူ လှူနိုင်မလဲ။ ကုမ္ပဏီတွေ အများကြီးထဲက တကယ့်ရှားပါးကုမ္ပဏီတစ်ခုပါ။ ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ သူတို့မိသားစုရဲ့ ကျေးဇူးဆပ်ခြင်းက တကယ့်အံ့မခန်းပါ။

## ဘာသာရေးနဲ့ ကျေးဇူးဆပ်ခြင်း

နောက်ဘာသာရေးနဲ့ ပတ်သက်ပြီး ကျေးဇူးပြန်ဆပ်သူ တစ်ဦးကတော့ လုံးခင်းကျေးရွာက ဦးခင်မောင်ဝင်း+ဒေါ်မီးမီး မိသားစုပါ။ သူက သာမန်ကျောက်တူးသမားဘဝကနေ ကံတရားရဲ့အကျိုးပေးကြောင့် ဒီနယ်မြေကထွက်တဲ့ကျောက်တွေနဲ့ အဆင်ပြေပြီး ဘုရားကျောင်းဒါယကာကြီး ဖြစ်ခဲ့တယ်။ သူကျေးဇူးဆပ်တဲ့နေရာက လုံးခင်းကျေးရွာ လယ်ပြင်၊ ဖန်ခါးဆောင် တောရကျောင်း သာသနာ့နယ်မြေမှာ စေတီတော်၊ ရေသိမ်နှစ်ထပ်မွှာရုံကြီး စတဲ့ ဘာသာရေးအဆောက်အအုံတွေကို တစ်ဦးတည်း ဒါယကာအဖြစ် ငွေကျပ်သိန်းပေါင်း ငါးသောင်းခန့်အကုန်အကျခံပြီး လှူဒါန်းခဲ့ပါတယ်။ ဒါလည်း တကယ့်အံ့မခန်း အလှူရှင်တစ်ဦးပါ။

နောက်ဘာသာရေးနဲ့ပတ်သက်ပြီး ကျေးဇူးဆပ်သူတစ်ဦးကတော့ ဖားကန့်မြို့ ရတနာစိမ်းကျောက်စိမ်းတူဖော်ရေးကုမ္ပဏီမှ လောပန်းကြီးဦးထွန်းထွန်းပါ။ လောပန်းကြီးတစ်ဦးတည်း တည်ထား ကိုးကွယ်လှူဒါန်းခဲ့တဲ့ စေတီများနဲ့ အခြားသာသနိက အဆောက်အအုံကတော့ ဖားကန့်မြို့နယ်၊ ဆန်းကြွယ်ကျေးရွာ၊ နတ်သမီးတောင်ပေါ်၌ ဉာဏ်တော်အမြင့် ၁၈ တောင်ရှိ အောင်ချမ်းသာပြည်ကျော်ကြီး စေတီတော်၊ လုံးခင်းမော်စီစာ ကျေးရွာတောင်ကုန်းပေါ်တွင် ဉာဏ်တော်အမြင့် ၄၅ တောင်ရှိ စန္ဒာမုနိဆုတောင်းပြည့်စေတီတော်နဲ့ သီရိရတနာစိမ်း ဓမ္မရိပ်သာကျောင်းဆောင်ကြီး နှစ်ဆောင်၊ ဆွမ်းစားဆောင်ကြီး တစ်ဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့ရာ သိန်းပေါင်း ၈၀၀၀ ကျော်ခန့် ကုန်ကျခဲ့ကြောင်း သိရပါတယ်။ လောပန်းကြီးဦးထွန်းထွန်းမှာ မော်ဒေသမှာမှ လှူဒါန်းသည် မဟုတ်ဘဲ အခြားမြို့ရွာများတွင်လည်း ဘာသာသာသနာနဲ့ ပတ်သက်တဲ့ ဘုရားစေတီပုထိုးများ၊ အဆောက်အအုံများကိုလည်း လှူဒါန်းခဲ့ကြောင်း သိရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိတာ အမှန်ပါ။

## စာသင်ကျောင်းဆောက်၍ ကျေးဇူးဆပ်ခြင်း

နောက် မော်နယ်မြေက ကလေးတွေအတွက် စာသင်ကျောင်းဆောက်ပြီး လှူဒါန်းသူကတော့ မော်စီစာကျေးရွာက လောပန်းကြီးဦးကျော်နိုင်+ဒေါ်ရီရီမြင့် (ကျော်နိုင်နှင့် ညီများ)ကုမ္ပဏီပါ။ ကျော်နိုင်နှင့်ညီများ ကုမ္ပဏီအနေနဲ့ မော်စီစာ အထက(ခွဲ) ကျောင်းမှာ သိန်းပေါင်း ၁၆၀၀ ကျော်တန်ဖိုးရှိတဲ့ နှစ်ထပ်ကျောင်းဆောင်သစ်ကြီးကိုလည်း တစ်ဦးတည်း ဒါယကာအဖြစ် ဆောက်လုပ်လှူဒါန်းခဲ့ပါတယ်။ တကယ့်ကို အံ့မခန်းပါပဲ။ ဒီလို ဆောက်လုပ်လှူဒါန်းဖို့ဆိုတာ ရင်ထဲက တော်ရုံစေတနာမရှိဘဲ ဆောက်လို့မရပါဘူး။ ဒါလည်း ကျေးဇူးဆပ်ခြင်း တစ်မျိုးပါ။

ကျေးဇူးဆပ်တယ်ဆိုတဲ့နေရာမှာ စေတီဘုရား ကျောင်းကန်ဆောက်လို့ပဲဖြစ်ဖြစ်၊ လမ်းတံတားဆောက်လို့ပဲဖြစ်ဖြစ်၊ စာသင်ကျောင်းဆောက်လို့ပဲဖြစ်ဖြစ်၊ ဘယ်လိုပဲလှူလှူ ကိုယ့်ဘဝရဲ့ အဆင်ပြေရာ ကျေးဇူးရှင်နယ်မြေကို ပြန်ပြီးကျေးဇူးဆပ်တာဖြစ်တဲ့အတွက် ကျေးဇူးသိတတ်သူလို့ ဆိုရမှာပဲဖြစ်ပါတယ်။ သူတို့လို ကျေးဇူးသိတတ်တဲ့ ကုမ္ပဏီတွေ များများပေါ်ပေါက်ပါစေလို့ ဆုတောင်းမိပါတယ်။

## မော်ထဲက ပထမဦးဆုံး တံတား

ဟိုတုန်းကဆိုရင် မော်နယ်မြေမှာ တံတားဆိုလို့ ငါတစ်စင်းပဲရှိတယ်။ မော်ထဲ ဝင်ပြီဆိုကတည်းက ငါ့အပေါ် မဖြတ်တဲ့နဲ့ ဘယ်ကိုမှသွားလို့မရဘူး။ အခုတော့ လုံးခင်းရွာထိပ်မှာ တံတားသစ်တစ်စင်း ပြန်ဆောက်လိုက်တော့ ငါနည်းနည်းသက်သာခဲ့တယ်။ ကျောင်းသား ကျောင်းသူတွေ အန္တရာယ်ကင်းသွားရတော့ ပိုကောင်းတာပေါ့။ အဒီတံတားကြီးဖွင့်ပွဲတုန်းကဆို ငါမှာ အိုကြီးအိုမနဲ့ရှက်လိုက်တာ၊ ဝမ်းလည်းနည်းမိတယ်။ ဘာကြောင့်လဲဆိုတော့ ငါ့နေရာမှာ တံတားအသစ် ဆောက်ပေးမယ့် အလှူရှင် မရှိသေးလို့ပေါ့။ ငါ့ကို အသစ်ပြန်ဆောက်ပေးမယ့် ကုမ္ပဏီ တစ်ခုခု ပေါ်လာရင်တော့ ငါအတိုင်းမသိဝမ်းသာမိမှာပါ။

## အသက်ကြီးလာလို့ အနားယူချင်ပြီ

ငါ့မှာလည်း အသက်ကြီးလာပြီဆိုတော့ အနားယူချင်လှပြီ။ ရွာထိပ်ကတံတားကြီးဆောက်လို့ ငါနားရတော့မယ်လို့ အောက်မေ့မိတယ်။ တကယ်တမ်းကျ မနား


ရသေးဘူး။ လွန်ခဲ့တဲ့နှစ်လောက်က ငါ့နားမှာ တိုက်ပွဲတွေဖြစ်ကြတယ်။ ဘယ်ဘက်က ပစ်သလဲတော့ မသိဘူး။ ငါ့ကို ကျည်ဆန်ထိမှန်ခဲ့တယ်။ ဒါပေမဲ့ ငါအားမငယ်ပါဘူး။ ရရှိခဲ့တဲ့ ဒဏ်ရာနဲ့ ကြိုးစားပြီး ထမ်းဆောင်ခဲ့တယ်။

ငါအသက်ကြီးလာပြီဆိုတော့ ငါ့ဘယ်လောက်ပဲပြောပြော ဂရုမစိုက်ကြဘူး။ နည်းနည်းပါးပါး ပြုပြင်ပေးတာကလွဲလို့ ဘာမှလုပ်မပေးကြဘူး။ နောက်ဆုံး ငါ့ရဲ့ မျှော်လင့်ချက်က ဖားကန့်မြို့ စာသင်ကျောင်း၊ လမ်းတံတားများ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးမယ့် ကျေးဇူးဆပ်ချင်တဲ့၊ ကျေးဇူးသိတတ်တဲ့ လူများကို မျှော်လင့်ရင်း ရှိတဲ့အင်အားလေးနဲ့ တာဝန်ထမ်းဆောင်နေဆဲပါ။

လုံးခင်းတံတားအိုကြီးကို အသစ်ပြန်လည်တည်ဆောက်ပေးမယ့် ကုမ္ပဏီ အမြန်ပေါ်ပေါက်ပါစေလို့ဆုတောင်းလျက် ...။

(အမှတ်စဉ် ၂၀၀၊ အတွဲ ၅၆ ၂၁-၄-၂၀၁၇ မြန်မာ့အလင်းသတင်းစာ)

**နိုင်မိုး-လုံးခင်း**


သဖင်ဖြိုဖြစ်သွားတဲ့
ဖြစ်ရပ်ဆန်း

# သမင်ဖြူဖြစ်သွားတဲ့ ဖြစ်ရပ်ဆန်း

ဖြစ်ခဲ့တာက ၁၉၉၅ ခုနှစ်ခန့်ကဆိုတော့ ကြာခဲ့ပါပြီ။ ဒါပေမဲ့ မေ့လို့မရသေးပါဘူး။ ကျွန်တော့်ရှေ့မှာ မှန်တစ်ချပ်မြင်လိုက်လို့ ကြည့်မိလေတိုင်း ...၊ ထမင်းစားဖို့ လက်ဆေးလိုက်တိုင်း။ ကျွန်တော့်ရဲ့ရင်ထဲမှာ ဆို့နင့်ပြီး မျက်ရည်ကျခဲ့ရတဲ့အထိ ခံစားနေရဆဲပါ။

ကျွန်တော့်ကို အမေ စမွေးခဲ့တဲ့အချိန်က ဒီလိုပုံစံ မွေးပေးခဲ့တာမဟုတ်ပါဘူး။ မလှပေမယ့် ယောက်ျားပီပီသသ ခန့်ခန့်ညားညား လူတောထဲ ဝင်ဆံ့တဲ့ရုပ်ရည်မျိုး အမေ မွေးပေးခဲ့တာပါ။

ခုတော့ လူတောထဲဝင်ရင်တောင် သူက ဘယ်နယ်ကလဲ ...။ ဘယ်မျိုးရိုးကလဲ။ အနူမျိုးရိုးကလား ... စတဲ့ စတဲ့ အထင်သေးတဲ့အကြည့်တွေနဲ့ အကြည့်ခံရနေတယ်။ အဲဒီရောဂါက ဘာရောဂါလဲဆိုတော့ ကျွန်တော့်ရဲ့မျက်နှာ ခြေလက်တွေနဲ့ ခန္ဓာကိုယ်တွေမှာ ဟိုတစ်ကွက် ဒီတစ်ကွက်ဖြစ်နေတဲ့ အဖြူကွက်တွေပါ။ အများမျက်စိရဲ့အမြင်မှာတော့ "သမင်ဖြူရောဂါ"ပေါ့ဗျာ။

အဲဒီရောဂါကြောင့် တကယ်ကို မျက်နှာငယ်ရခဲ့ရပါတယ်။ ဟုတ်ကဲ့ ...။ ကျွန်တော် အဲဒီလူတွေကို "ကျွန်တော့်မျက်နှာက အဖြူကွက်တွေက မွေးရာပါ မဟုတ်ပါဘူး။ မျိုးရိုးလည်း မရှိပါဘူး။ (အစားတစ်လုတ်ကြောင့်) ခုလိုရောဂါဖြစ်လာတာပါ"လို့ ရှင်းပြလိုက်ချင်ပါတယ်။

ဒါပေမဲ့ အဲဒီလိုပြောခွင့်မရခင် အဝေးကို ရှောင်ထွက်သွားကြတယ်။ တချို့ဆို မြင်လိုက်တာနဲ့ မျက်နှာချင်းဆိုင်တောင် မထိုင်ကြတော့ဘူး။

ရှိစေတော့။ ကျွန်တော့်ဘဝအကြောင်း ကျွန်တော်အသိဆုံးပါ။ ဘာကြောင့် ဒီလိုဖြစ်လာခဲ့ရသလဲဆိုတာ အများသိစေဖို့နဲ့ ကျွန်တော့်လိုမဖြစ်ပါစေနဲ့ဆိုတဲ့ဆန္ဒနဲ့ ကျွန်တော့်ရဲ့ဖြစ်စဉ်အမှန်ကို အများသိအောင် ပြောပြလိုက်ပါရစေ။

## မြွေကြီးနဲ့တွေ့တဲ့ ကျွန်တော်

၁၉၉၅ ခုနှစ်ဝန်းကျင် ဖားကန့်–လုံးခင်း–ဆိုင်းတောင်–ဇော့ခါ–ရှရော်ခမန်–ဆန်ခါ–ကံဆီး စတဲ့ မော်ပေါင်းစုံမှာ ကျောက်ကျင်းသားဘဝ၊ ရွှေကျင်းသားဘဝ၊ ကျောက်ပွဲစားဘဝနှင့် ဘဝပေါင်းစုံကို နိမ့်လိုက်မြင့်လိုက်နဲ့ ဖြတ်သန်းသွားလာနေတဲ့ အချိန် ...။

လုံးခင်းကနေ တစ်ရက်နီးပါး ခြေကျင်လျှောက်ပြီး သွားလာခဲ့ရတဲ့ ရွှေအရမ်းထွက်တဲ့ "ဂျာလယန်မော်"။

လျှိုမြောင်ချောက်ကမ်းပါး၊ တောတောင်တွေ အထပ်ထပ်ဖြတ်ပြီး ခက်ခက်ခဲခဲသွားလာခဲ့ရတဲ့ "ဂျာလယန်မော်"။

အဲဒီမော်မှာ တစ်နှစ်ကျော် ရွှေကျင်းသားဘဝနဲ့ကျင်လည်ခဲ့ပြီး အဆင်မပြေလို့ အလုပ်ကထွက်၊ နောက်လွယ်ခြင်းတစ်လုံးနှင့် တောတောင်တွေကြား တစ်ယောက်တည်း ပြန်လာခဲ့တယ်။

တောနက်ကြီးရဲ့ တစ်နေရာအရောက် သစ်ဆွေးတုံးကြီးထဲကို တိုးဝင်ဖို့လုပ်နေတဲ့ အလျား ရှစ်တောင်လောက်ရှိတဲ့ ငန်းတော်ကြားမြွေကြီးတစ်ကောင်ကို တွေ့လိုက်ရတယ်။

တစ်ယောက်တည်းဆိုတော့ မြွေကြီးကိုဖမ်းဖို့ ကြောက်ရွံ့နေမိတယ်။ နောက်ဆုံးအရဲစွန့်ပြီး မရရအောင်ဖမ်းပြီး နောက်လွယ်ခြင်းတောင်းထဲ ထည့်ယူလာခဲ့တယ်။

## မြွေကြီးကိုသတ်လိုက်ပြီ

ဆိုင်းတောင် သူငယ်ချင်းအိမ်ရောက်တော့ ဒီမြွေကြီးကို ချက်စားရအောင်ကလည်း မဟုတ်၊ နောက်ဆုံး လက်ထဲပိုက်ဆံမရှိတာနဲ့ တရုတ်လောပန်းတွေဆီ ရောင်းဖို့ ဆုံးဖြတ်လိုက်တယ်။

ရောင်းဖို့လုပ်နေတဲ့အချိန် သူငယ်ချင်းအခန်းနဲ့ အခန်းချင်းကပ်နေတဲ့ သူငယ်ချင်းတစ်ယောက် ရောက်လာပြီး "ရောင်းမနေပါနဲ့ကွာ၊ ချက်စားလိုက်ရအောင်" ဆိုတာနဲ့ ကျွန်တော်လည်း ချက်စားဖို့စီစဉ်လိုက်တယ်။

## လုံးခင်းက လယ်ကြွက်

မကြာပါဘူး။ လုံးခင်းက သူငယ်ချင်းတစ်ယောက် နောက်လွယ်ခြင်းတောင်းလွယ်ပြီး ကျွန်တော်ဆီရောက်လာခဲ့ပြန်တယ်။ ဟူး ... မောလိုက်တာကွာ။ ဒါလည်း လုံးခင်း–ဖားကန့်လိုက်ရောင်းတာနဲ့နေပြီ။ ခု ဆိုင်းတောင်မှာလည်း မစွံဘူး။ ဒီလောက် လိုက်အော်ရောင်းတာလည်း မရပါဘူးကွာ''ဆိုပြီး နောက်လွယ်ခြင်းကြီးကို အိမ်ရှေ့ခုံတန်းလျားပေါ် ပစ်တင်လိုက်သည်။

''ဘာတွေမရောင်းရတာလဲ သူငယ်ချင်းရ''ဆိုပြီး သူ့ခြင်းတောင်းထဲက အုပ်ထားတဲ့ ငှက်ပျောဖတ်ကိုဖယ်ပြီးကြည့်လိုက်တော့ ''အမလေး ... ကြွက် ... ကြွက်တွေ။ တစ်ကောင်ကို အစိတ်သားလောက်ရှိမယ်ထင်တယ်။ အားလုံး ၁၆ ကောင်။

သူ့ကိုမေးလိုက်တော့ ''လယ်ကြွက်တွေတဲ့။ လုံးခင်း–လယ်ပြင်ရွာနားက လယ်ကွင်းတွေထဲမှာ တူးခဲ့တာ။ ပိုက်ဆံလေးနည်းနည်းပါးပါးရလို့ရငြား လိုက်ရောင်းရင်းနဲ့ မင်းဆီကိုရောက်လာတာ''တဲ့။

''ခုထိ တစ်ကောင်မှမရောင်းရသေးဘူး ။ ညသိပ်ရင်လည်း ပုပ်ကုန်တော့မှာ။ ဒါတွေကို ဘယ်လိုလုပ်ရမလဲ''လို့ ကျွန်တော့်ကို မေးတော့ ...

''မင်းသဘောပဲလေ''လို့ ပြန်ပြောလိုက်တယ်။ ဒါနဲ့ သူလည်း မထူးတော့ဘူးဆိုပြီး အရေခွံခွာ၊ တုံးတစ်ပြီး အိုးထဲထည့် မီးဖိုချောင်ထားလိုက်တယ်။

## ပျော်ပျော်ပါးပါး အရက်ဝိုင်း

ညနေရောက်တော့ ကျွန်တော်တို့နှစ်ယောက် မြေပဲဆားလှော်နဲ့ အရက်သောက်နေတဲ့အချိန် အခန်းချင်းကပ်လျက် အတူနေသူငယ်ချင်းရောက်လာပြီး ...

''မင်းတို့ကလည်းကွာ အမြည်းရှိရက်သားနဲ့ ဘာကြောင့် မြေပဲဆားလှော်တွေနဲ့ မြည်းနေကြတာလဲ။ မင်းရခဲ့တဲ့ မြွေသားတွေရှိတယ်လေ။ အဲဒီမြွေသား ချက်စားကြရအောင်''ဆိုပြီး အသားတွေကို ဒယ်အိုးထဲထည့်၊ ဆီထည့် ဆားထည့်ပြီး ကြော်လိုက်တယ်။

## မြွေနဲ့ကြွက်တွေ့ပြီ

ဟင်းချက်နေတုန်း ခဏအကြာ သူ့ရဲ့လက်က အနီးအနားက အိုးတစ်

လုံးရဲ့အဖုံးကို ဖွင့်လိုက်တာ တွေ့လိုက်ရတယ်။

"ဟ . . . ဒီမှာလည်း အသားတွေ၊ ဘာသားတွေလဲ၊ အမြည်းများများစားရအောင် ဒီအသားတွေပါ တစ်ခါတည်း ကြော်လိုက်ရအောင်"လို့ပြောရင်း ကြွက်သားတွေအကုန်လုံး ထည့်ကြော်လိုက်တယ်။

## ဇာတ်လမ်းကစပြီ

ကြော်ထားတဲ့ အသားတုံးတွေအပေါ်ကို အသားမြန်မြန် နူးအောင်ဆိုပြီး ရေထည့်လိုက်တယ်။ မကြာခင် အဲ့ဒီရေတွေအားလုံး အစိမ်းရောင်ပျစ်ချွဲချွဲဖြစ်လာတယ်။

အဲဒီလို ရေတွေခဲပြီး စိမ်းသွားတာကို ကျွန်တော်တို့က သဘောမထားသေးဘူး။ ဂရုလည်း မစိုက်နိုင်ဘူး။ ဗိုက်က ဆာတော့ အမြန်စားရဖို့ပဲ ခေါင်းထဲမှာရှိတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ရေကုန်ရေခန်းအောင် မစောင့်တော့ဘူး။ ဟင်းအိုးချပြီး အားရပါးရ တွယ်တော့တာပဲ။

## စဖြစ်ပါပြီဗျာ

အဲဒါစားတဲ့ညမှာ ကျွန်တော့်တစ်ကိုယ်လုံး ပိုပြီးယားနေသလား ထင်ရတယ်။ သူတို့ကို မေးကြည့်လိုက်တော့ "ယားတယ်"တဲ့။

ကျွန်တော်တို့ မှော်ထဲမှာက ကျောက်သမား ရှာ ရခိုင်နွန်း အတော်များများက ဘိန်းရှူကြတာ များတယ်။ ကျွန်တော်လည်း အဲဒီညမှာ ဘိန်းတော်တော်များများရှူလိုက်တော့ ဘိန်းများလို့ ယားတယ်ပဲထင်မိတာ။ သတိမထားမိသေးဘူး။

မနက်ကြတော့ လက်ဖက်ရည်အတူသောက်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်တော့ လုံးခင်းက သူငယ်ချင်းရဲ့နှုတ်ခမ်းမှာ ထုံးအဖြူကွက်ထားသလို အဖြူကွက်လေး ဖြစ်လာတာကို တွေ့ရတယ်။

ကျွန်တော်က အဲဒီအချိန်ထိ ယားတာကလွဲပြီး ဘာမှဖြစ်မလာသေးဘူး။ သုံးယောက်လုံး မနေနိုင်အောင်ယားတာ။ မတည့်လို့ဖြစ်တယ်ဆိုတာ ဘယ်သူမှမသိသေးဘူး။

နောက် သုံးရက်မြောက်နေ့ကြတော့ ကိုယ်နဲ့တစ်အိမ်ကျော် ကချင်

အဘိုးကြီးကို ဘာကြောင့်ဒီလိုဖြစ်ရသလဲဆိုတာ သွားမေးမိတယ်။

အဲဒီအခါကျမှ မတည့်တဲ့ အစားအစာနှစ်ခုကို အတူရောချက်စားမိလို့ သမင်ဖြူလို အဖြူကွက်စဖြစ်လာတဲ့အကြောင်း သိလိုက်ရလို့ ဖားကန့်ကဆေးခန်းကို သူငယ်ချင်းတွေပါခေါ်ပြီး သွားပြဖြစ်ခဲ့တယ်။

## တွဲဖက်မစားရတဲ့ မြွေသားနဲ့ကြွက်သား

ဖားကန့်ရောက်တော့ ဆရာဝန်က လိုအပ်တာတွေ စမ်းသပ်စစ်ဆေးတယ်။ ပြီးတော့ ဆေးထိုးစရာရှိဆေးထိုးပြီး ကျွန်တော့်ကို အပြင်ခေါ်ထုတ်သွားတယ်။

''မင်းသူငယ်ချင်းရောဂါက ကုလို့မရတော့ဘူး။ အချိန်ကလည်း နှစ်ရက်ကျော်သွားပြီ'' တဲ့။

''ကြွက်သားနဲ့ မြွေသားဆိုတာ အတူရောချက်ပြီး မစားရတဲ့ အထဲမှာပါတယ်တဲ့'' ဟိုက်သွားပြီ ... ကျွန်တော်တို့ဘဝတွေ ဆုံးပြီပေါ့။

''မင်းလည်း တစ်ရက် သူ့လိုသေချာပေါက်ဖြစ်လာမယ်''။ ဒါနဲ့ ကျွန်တော်က ''ဖြေဆေးတွေ အများကြီးထိုးရင်ကော မရတော့ဘူးလား'' မေးတော့။ ''ကြိုက်သလောက်ထိုး မရတော့ဘူး ...'' ''ဒါတောင် ကံကောင်းလို့ မသေတာ'' တဲ့။ ဟိုက်သွားပြီပေါ့။

## ဆံပင်ပါဖြူကုန်ပြီ

ဒီလိုနဲ့ နှစ်လသုံးလအကြာ လုံးခင်းကသူငယ်ချင်းဆီ သွားကြည့်လိုက်တော့ အိမ်ရှေ့ ခုံတန်းလျားပေါ်မှာထိုင်နေတဲ့ သူငယ်ချင်းကို စိတ်မကောင်းစွာတွေ့လိုက်ရတယ်။

''သူငယ်ချင်း၊ ငါတော့ တစ်ကိုယ်လုံး ဖြူကုန်ပြီကွာ။ အမည်းကွက်ကို မကျန်တော့ဘူး။ အသားမပြောနဲ့ ဆံပင်တွေပါ ဖြူကုန်တာ''

''ငါက အရက်လည်း ကြိုက်တတ်တော့ ပိုးဆိုးတယ်။ ''မင်းတို့က အရက်မသောက်တော့ ဟိုတစ်ကွက်၊ ဒီတစ်ကွက် တော်သေးတာပေါ့''ဟု ပြောပြသည်။

## ကံကောင်းတယ်

ကျွန်တော်က သူ့ထက်စာရင် တော်သေးတယ်လို့ ပြောရမှာပါ။ ဒါပေမဲ့ လူတွေမြင်ရတဲ့ မျက်နှာနဲ့ လက်တွေမှာ ဖြစ်နေတော့ မျက်နှာငယ်တာပေါ့။

ဒါကြောင့် ကျွန်တော်တို့လို မျိုးရိုးမရှိ၊ အစားတစ်လုတ်ကြောင့် သမင်ဖြူ လိုရောဂါမျိုး မဖြစ်စေချင်တဲ့ ဆန္ဒနဲ့ ယခုလိုတင်ပြလိုက်ရတာပါ။

အသားမှမဟုတ်ပါဘူး။ အသီးအရွက်တွေလည်း တွဲဖက်မစားအပ်တာတွေ ရှိပါတယ်။ ဒါကြောင့် အတူရောချက် မစားရဘူးဆိုရင် မစားကြဖို့၊ လိုက်နာကြဖို့ အကြံပြုတိုက်တွန်းလိုက်ရပါတယ်။

(ဧပြီလ ၂၀၁၉ ခုနှစ်၊ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း)

**နိုင်မိုး(လုံးခင်း)**



# ထူးခြားသည့်လုံးခင်းက
# ဆင်စွယ်နက်ကြီးအကြောင်း

# လုံးခင်းက ဆင်စွယ်နက်ကြီးအကြောင်း

မြန်မာနိုင်ငံတွင် မင်းတုန်းမင်းကြီး စိုးစံအုပ်ချုပ်နေသည့်အချိန် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားဒေသတွေမှာရှိတဲ့ မိုးညှင်းစော်ဘွား၊ မိုးကောင်းစော်ဘွား၊ ကံဆီးစော်ဘွား၊ ဝန်းသိုစော်ဘွား၊ သီပေါစော်ဘွား စသည့် စော်ဘွား၊ စော်ခံများကိုခေါ်ယူပြီး ဘွဲ့ထူးဂုဏ်ထူးများပေး၍ နယ်မြေများကို ပိုင်းခြားအုပ်ချုပ်စေခဲ့သည်။

စော်ဘွားများမှာ ၎င်းတို့၏အုပ်ချုပ်သည့် နယ်မြေအတွင်း ဟော်နန်းဆောင်ကြီးများ ဆောက်လုပ်၍ နေထိုင်ခဲ့ကြသည်။ စော်ဘွားများနေထိုင်သည့် ဟော်နန်းတော်(စော်ဘွားအိမ်)ဟူ၍ ရှေးစံအိမ်ကြီးများသဖွယ် မြင်တွေ့နေရဆဲဖြစ်ပြီး တချို့မှာ အုတ်ရိုးအုတ်ခုံများကိုသာ တွေ့ရှိရပါသည်။

၎င်းစော်ဘွားများထဲမှ ကံဆီးစော်ဘွားကြီးက ကံဆီးဒေသ၌ ဟော်နန်းကြီးဆောက်လုပ်ပြီး ကံဆီးဒေသနှင့် မော်ဒေသတစ်ပိုက်ကို အုပ်ချုပ်လာခဲ့ပါသည်။ ဩဇာအာဏာနှင့် အရှိန်အဝါကြီးမားပြီး မော်ဒေသအသီးသီးမှ လူအများ လေးစားခြင်းကို ခံခဲ့ရပါသည်။

ယခု ဟော်နန်းတော်ကြီးတည်ရှိသည့်နေရာမှာ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနှင့် ၁၀ မိုင်ခန့်ကွာဝေးသည့် ကံဆီးရွာဟောင်းတွင်တည်ရှိပြီး ယခုအခါတွင် အုတ်ခုံ၊ အုတ်ရိုးမျှသာ ကျန်ရှိနေတာကို တွေ့ရှိပါသည်။

အုပ်ချုပ်ခဲ့ကြသည့် ကံဆီးစော်ဘွား အစဉ်အဆက်များမှာ –

(က) ကံဆီးဒူဝါ ဆမော့နော်၊ (ခ) ကံဆီးဒူဝါ နော်ဂျာ၊ (ဂ) ကံဆီးဒူဝါ ဆင်ဝါးနော်၊ (ဃ) ကံဆီးဒူဝါ နော်အောင်တို့ ဖြစ်ပါသည်။

တတိယမြောက် ကံဆီးဒူဝါ နော်အောင်လက်ထက် မြန်မာသက္ကရာဇ် ၁၂၇၂ ခုဝန်းကျင်တွင် နိုင်ငံရေးအခြေအနေအရ စော်ဘွားကြီးနှင့်အတူ ကံဆီးရွာတစ်ရွာလုံး လုံးခင်းသို့ ပြောင်းရွှေ့နေထိုင်လာခဲ့ကြပါသည်။ တချို့မှာ မပြောင်းရွှေ့ဘဲ

ယခုအချိန်အထိ နေထိုင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ကံဆီးစော်ဘွားများ အစဉ်အဆက်မှာ ကချင်လူမျိုးများဖြစ်သော်လည်း ဗုဒ္ဓဘာသာကို ယုံကြည်စွာ ကိုးကွယ်ခဲ့ကြပါသည်။ ကံဆီးကျေးရွာနှင့် လုံးခင်းကျေးရွာတို့အား ရှမ်းလူမျိုးများက စတင်တည်ထောင်၍ နေထိုင်လာခဲ့ကြကြောင်း သိရသည်။

စော်ဘွားကြီး လုံးခင်းကျေးရွာ၌ပြောင်းရွှေ့နေထိုင်သည့်အချိန်တွင် ဘုန်းတန်ခိုးတော်ကြောင့် ထူးခြားအံ့ဩဖွယ်ကောင်းသည့် ဆင်စွယ်နက်ကြီးကို ရရှိခဲ့ပါသည်။

## ထူးခြားသော ဆင်စွယ်နက်ကြီးရောက်ရှိလာခြင်း

မြန်မာသက္ကရာဇ် ၁၂၈၅ ခု လမာတောင်အနီးရှိ ပွန်းဆင်းရွာ၌ နေထိုင်သူ အင်ဒူဆင်ဝါနောင်၊ အင်ဒူတူးအောင်၊ ငက်လုနှင့် သူငယ်ချင်း သုံးယောက်တို့သည် တောထဲသို့ မုဆိုးအဖြစ် သွားလာကြသောအခါ အလျား ၆ ပေ ၇ လက်မ၊ အတောင်အားဖြင့် ၄ တောင် ၁ မိုက် ၁ လက်မ၊ လုံးဝ လေးထွာဆိုင်၊ ညိုနက်ရောင်အဆင်းရှိသော ဆင်စွယ်နှစ်ချောင်းကို လမာတောင်ဘက်မှ ၎င်းတို့ကိုယ်တိုင်ထမ်းယူလာခဲ့ပြီး တောမော်ရွာသို့ ရောက်ရှိခဲ့ပါသည်။

၎င်းဆင်စွယ်နက်ကြီးမှာ တောမော်ရွာသို့ ရောက်ရှိနေကြောင်း ရွာသားများက စော်ဘွားကြီး ကံဆီးဒူးဝါ ဆင်ဝါးနောင်အား အကြောင်းကြား လျှောက်တင်ကြရာ စော်ဘွားကြီးက ဆင်စွယ်ယူရန် တောမော်ရွာသို့ သွားရောက်ခဲ့ပါသည်။ တော်မော်ရွာသို့ရောက်သောအခါ မုဆိုးများက ဆင်စွယ်ကြီးကို စော်ဘွားထံသို့ ဆက်သလေသည်။

စော်ဘွားကလည်း ၎င်းဆင်စွယ်နက်ကြီးကို အလကား မယူလိုချေ။ မုဆိုးတို့အား သနားသောအားဖြင့် ဆင်စွယ်တစ်ချောင်းအတွက် ငွေကျပ် ၆၀၀ ပေး၍ ကျန်တစ်ချောင်းကို လက်ခံသိမ်းပိုက်၏။ ၎င်းဆင်စွယ်နှစ်ချောင်းကို မြင်းနှင့်တင်ဆောင် သယ်သော်လည်း တင်၍မရသဖြင့် လူနှင့်ထမ်းစေပြီး လုံးခင်းသို့ ယူဆောင်လာခဲ့လေသည်။

ဟိုတုန်းက လုံးခင်းမှာ မစည်ကားသေး။ အိမ်ခြေ ၁၀–၁၅ အိမ်ခန့်သာရှိသေးသည်။ ၎င်းအချိန်၌ စော်ဘွားအိမ်မှာ လုံးခင်း၌ တစ်အိမ်၊ ကံဆီး၌ တစ်အိမ်ရှိပြီး အဆိုပါဆင်စွယ်အား လုံးခင်းအိမ်၌ ခေတ္တသာထားရှိ၍ ကံဆီးရှိ မူလအိမ်တော်

သို့ ယူဆောင်သွားခဲ့ကြောင်း။

စတုတ္ထမြောက်ကံဆီးဒူဝါ နော်အောင်လက်ထက်၌ လုံးခင်းအိမ်တော် ဘုရားစင်ရှေ့(အထူး)သီးသန့်ပြုပ်ထားသည့် ခုံတော်ပေါ်တွင် ထားရှိရာ နေ့စဉ်လာရောက်ကြည့်ရှုကြသည့်လူများ များပြားလှကြောင်း လက်ရှိစော်ဘွားကတော် ဒေါ်ဂျာဖာလုက ပြောပြသည်။

## ထူးခြားအံ့ဖွယ်ကောင်းသည်ကို စော်ဘွားကြီးကသိတော်မူ

ဤဆင်စွယ်ကြီးသည် ထူးခြားအံ့ဩဖွယ်ကောင်းသည်ကို စော်ဘွားကြီးကသိတော်မူသည်။ အကြောင်းကား ပထမရခါစတွင် ဤဆင်စွယ်ကြီးသည် အလုံးစုံညိုသည်မဟုတ်။ စပါးကြီးကွက်ကဲ့သို့ ရှိနေသည်။ နောက်မှ တစ်စတစ်စ အညိုရောင်တိုးပွားလာ၍ အညိုရောင်ချည်း ဖြစ်သွားလေသည်။ မည်သူမျှ ဘာမှမပြုလုပ်ဘဲ သူ့အလိုလို အရောင်အဆင်းတို့သည် နောက်ဆုံး အမည်းရောင်တိုးပွားလာပြီး အားလုံး အမည်းရောင်ဖြစ်သွားလေတော့သည်။

## ခုံပြုလုပ်၍ထားခြင်း

ဆင်စွယ်နက်ကြီးကို ခုံပြုလုပ်၍ တစ်ချောင်းနှင့် တစ်ချောင်း အဖျားမထိစေဘဲ လေးလက်မခန့်ကွာခြားပြီး ထားရှိလေသည်။ ထိုသို့ထားရှိရာ ဆင်စွယ်အဖျားများမှာ တစ်စတစ်စ အဖျားချင်း နီးကပ်လာခဲ့ကြပါသည်။ တိုင်း၍ကြည့်သော် ပကတိအတိုင်းပင်ရှိလေသည်၊ တိုးပွား ရှည်လျားခြင်းမရှိ၊ အံ့ဩဖွယ်ကောင်းသော ဆင်စွယ်တစ်မျိုးပင်ဖြစ်လေသည်။

## ရရှိခဲ့သောနေရာ

မုဆိုးများရရှိခဲ့သောနေရာမှာ တောနက်ကြီးအတွင်းရှိ အင်းပျက်တစ်ခုတွင် မြှုပ်နေပြီး အစွယ်အဖျားကို မြင်တွေ့ရ၍ တူးယူခဲ့ရကြောင်း၊ ၎င်းအင်းပျက်အနီးရှိ တစ်မိုင်ပတ်လည်အတွင်း သစ်ပင်များ ရှင်းလင်းစွာမြင်တွေ့ခဲ့ရကြောင်း ၎င်းမုဆိုးများက ပြောပြသည်။

## စော်ဘွားအိမ်သစ်တက် ရွှေဦးစွာဆင်စွယ်နက်ကို တက်စေခြင်း

သက္ကရာဇ် ၁၂၈၆ ခု လုံးခင်းကျေးရွာ၌ ကံဆီးဒူဝါ၏အိမ်သစ်ဆောက်ပြီးလျှင် ပြီးချင်း အဘိုးဦးဆယ်ကွဲနှင့် ယောက္ခမ ဒေါ်မင်းချိန်ပါ အိမ်တော်သို့ ဆင်စွယ်ကို ရွှေဦးစွာ တက်စေသည်။

## စစ်ကိုင်းမင်းကြီး လာရောက်ကြည့်ရှု

၁၂၉၈ ခုနှစ်တွင် ကျောက်စိမ်းတွင်းသို့ စစ်ကိုင်းမင်းကြီး လာရောက်သဖြင့် ဆင်စွယ်ကို ကြည့်ရှုတိုင်းတာပြီး ဓာတ်ပုံရိုက်ကူးခြင်းများ ပြုလုပ်လေသည်။ "ဒီဆင်စွယ်မျိုး အင်္ဂလန်ပြည်မှာလည်း ရှိတယ်။ အင်္ဂလန်ပြည်မှာရှိတဲ့ ဆင်စွယ်နက်က ငယ်တယ်။ ဒီဆင်စွယ်နက်ကကြီးတယ်"ဟု စစ်ကိုင်းမင်းကြီးက ပြောဆိုသွားလေသည်။

## ဆင်စွယ်နက်ကြီးအား ဝန်ကြီးချုပ်ဦးနု ရန်ကုန်သို့ပင့်

ခေတ်ဟောင်းပြောင်း၍ ခေတ်သစ်ရောက်သောအခါ ၎င်းဆင်စွယ်ကို အများပြည်သူနှင့် တိုင်းတစ်ပါးသူတို့ ကြည့်ရှုနိုင်ရန် သုံးနှစ်လောက် အငှားသဘောပေးပါဟု ဝန်ကြီးချုပ်ဦးနုက ကံဆီးဒူဝါကြီး ဆင်ဝါးနော်ထံ တောင်းဆိုခဲ့ရာ ဒူဝါသည်လည်း သုံးနှစ်အထိခွင့်ပြုသောကြောင့် လုံးခင်းအိမ်တော်မှ သက္ကရာဇ် ၁၃၁၅ ခု တပေါင်းလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့နံနက် ၁၀ နာရီအချိန်တွင် ကားမိုင်းမြို့တောင်တန်းဝန်ထောက် စီတန်းသည့်ကားနှင့် တင်ဆောင်ယူသွားလေသည်။

ရန်ကုန်သို့ရောက်၍ အများကြည့်ရှုစေပြီး သက္ကရာဇ် ၁၃၁၇ ခု၌ ဝန်ကြီးချုပ် ဦးနုက ပြန်ပို့ခဲ့ရာ စတုတ္ထမြောက် စော်ဘွားကြီး ကံဆီးဒူဝါ နော်အောင်က အိမ်တော်ဘုရားဆောင်အနီးတွင် သိမ်းဆည်းထားရှိလေတော့သည်။

## သိမ်းယူသွားခြင်း

၎င်းဆင်စွယ်နက်ကြီးကို မြန်မာသက္ကရာဇ် ၁၂၈၅ ခု တတိယမြောက် ကံဆီးစော်ဘွားကြီး ဒူဝါဆင်ဝါးနော်လက်ထက်တွင်ရရှိခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၃၃ ခု စတုတ္ထမြောက် ကံဆီစော်ဘွားကြီး ဒူဝါနော်အောင်လက်ထက် ယခုလက်ရှိ

လုံးခင်းစော်ဘွားကြီးနေအိမ် နှစ်အိမ်တွင် နှစ်ပေါင်း ၄၈ နှစ် စော်ဘွားကြီးအစဉ်အဆက် ထိန်းသိမ်းလာခဲ့ပါသည်။

ယခုမြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်အထိဆိုလျှင် ၎င်းဆင်စွယ်နက်ကြီးအား ရရှိခဲ့သည့်နှစ်သက်တမ်းမှာ ၉၃ ရှိပြီဖြစ်ကြောင်း စော်ဘွားဆွေစဉ်မျိုးဆက် နှစ်ပေါင်း ၄၈ နှစ်ထိန်းသိမ်းလာခဲ့ရသည့်အတွက် သံယောဇဉ်ရှိကြောင်း၊ မေးမြန်းသူများလည်း များလာကြောင်း၊ မမြင်ဖူးသည့်အတွက် အပြင်မှာ တွေ့ချင်ကြကြောင်း၊ KIA အနေဖြင့် လာရောက် ယူဆောင်ပါဆိုလျှင် အချိန်မရွေး သွားရောက်ယူဆောင်မည်ဖြစ်ကြောင်းကို အသက် ၇၂ နှစ်ရှိ စော်ဘွားကတော် ဒေါ်ဂျာဖာလုက ပြောပြသည်။

သိမ်းဆည်းသွားသည့်အချိန်မှစ၍ KIA နှင့် ငြိမ်းချမ်းရေးကာလအတွင်း တစ်ကြိမ်သာ မြင်တွေ့ခွင့်ရကြောင်း၊ ထိုသို့ လာရောက်သိမ်းဆည်းသွားသည့်အချိန်မှာ နံနက် ၂ နာရီခန့်အချိန် ဖြစ်ကြောင်း၊ ဆင်စွယ်မှာ ဘုရားစင်အနီးရှိ ခုံပေါ်တွင်စိုက်ထူထားသည့်အတွက် KIA ရဲဘော် သုံးလေးယောက်က နုတ်ယူသော်လည်း နုတ်၍မရကြောင်း။

ထိုအချိန်တွင် ၎င်းတို့အထဲမှ အကြီးဆုံးဟုယူဆရသူက စော်ဘွားကြီးအား ကိုင်ပြီး မယူပေးပါရန်နှင့် လက်နှင့်ထိပေးရန် ပြောသောအခါ စော်ဘွားကြီးက လက်နဲ့ထိလိုက်သည့်အချိန်မှ ဆင်စွယ်ကြီးမှာ ကျွတ်ထွက်လာခဲ့ကြောင်း။

မိုးလင်းသည့်အခါ ဆရာတော်ကြီးဦးမေဓိယက စော်ဘွားကြီးအိမ်သို့ကြွရောက်သွားစဉ် စော်ဘွားကြီးမှာ ကုလားထိုင်ပေါ်တွင် ထိုင်ပြီး ငိုနေသည်ကိုတွေ့ရှိရပါသည်။ "ဘုန်းကြီးရေ . . . ပါသွားပြီလေ။ ပါသွားပြီ"ဟု ကချင်သံဖြင့် ငိုရင်းပြောနေသည်ကို ဆရာတော်နောက်လိုက်ပါသွားသူ ကျောင်းသားကြီး(ယခု)လုံးခင်းရပ်မိရပ်ဖ ဦးခင်အောင်က မြင်တွေ့ခဲ့ကြောင်းကို ပြန်လည်ပြောပြခဲ့သည်။

စော်ဘွားကြီးများ အစဉ်အဆက်နေထိုင်လာခဲ့ကြသည့် စော်ဘွားကြီးအိမ်တော်ကြီးမှာ လုံးခင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် မျက်နှာချင်းဆိုင်နေရာတွင်ရှိပြီး စော်ဘွားကတော် ဒေါ်ဂျာဖာလု အသက် ၇၂ နှစ်မှာလည်း မိသားစုနှင့်အတူ နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဆင်စွယ်နက်ကြီးများအား စိုက်ထူခဲ့သည့် ရွှေချထားသော သစ်သားတုံးကြီးကိုလည်း ဘုရားစင်ပေါ်တွင် မြင်တွေ့ခဲ့ရပါသည်။


ယခုအချိန်တွင် KIA ဌာနချုပ် လိုင်ဇာတွင် အထူးသီးသန့်ပြုလုပ်၍ ထားရှိကြောင်း၊ ၎င်းဆင်စွယ်နက်အား ရှမ်းပြည်နယ်မှရရှိသည့် ရွှေဖြူတုံးကြီးနှင့်အတူ ထားရှိပြီး ၎င်းနှစ်ခုကို သီးသန့် အထူးအဆောင်များ ပြုလုပ်၍ထားရှိသည်။

ထားရှိသည့်နေရာမှ KIA-KIO ၏နာယကကြီး ဦးဇောင်းဟရား သီးသန့်နေထိုင်သည့် သူတို့အခေါ် ကချင်ပြည်နယ် အိမ်ဖြူတော်နှင့်ကပ်လျက် ဂိတ်ပေါင်း ခုနစ်ဂိတ်ထားရှိကာ လက်နက်ကိုင်အစောင့်များထားရှိ၍ အထူးကြပ်မတ်ထားကြောင်း သိရသည်။

အဆိုပါဆင်စွယ်နက်ကြီးမှာ ကချင်ပြည်နယ်အတွက်သာမက မြန်မာနိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ရှားပါးရတနာ တစ်ပါးဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

*ကိုးကားကျမ်း– ပဗ္ဗရာဇာဘွဲ့ခံ ကံဆီးမှတ်တမ်း အတ္တုပ္ပတ္တိစာအုပ်*


(နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် ၂၁၉၊ ၂၀၁၇ ခုနှစ်)



**နိုင်မိုး(လုံးခင်း)**



# မဲဇာလေးသို့အလည်တစ်ခေါက်



# လက်ဝဲသုန္ဒရ မဲဇာလေးသို့ အလည်တစ်ခေါက်

*မဲဇာတောင်ခြေ၊ စီးထွေထွေတည့်၊ မြစ်ရေဝန်းလည်၊ မြိုင်တောဆီက ရွှေပြည်ကိုသာ တရှာတော့မိ မိုးရှိရှိလျှင် ...*

စတဲ့ မဲဇာတောင်ခြေ ရတုပိုဒ်စုံကို လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံဟာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ထီးချိုင့်မြို့နယ်၊ မဲဇာလေးရွာမှ စပ်ဆိုခဲ့တယ်ဆိုတာ မြန်မာစာပေပညာရှင်တွေအားလုံး အသိဖြစ်ပါတယ်။ စာရေးသူရဲ့ မွေးရပ်ဇာတိမြေဖြစ်တဲ့ အင်းတော်မြို့နယ် ဗုဓလက်ရွာနှင့် ထီးချိုင့်မြို့နယ် မဲဇာလေးရွာဟာ ၁၈ မိုင်လောက်သာဝေးပြီး အနေနီးခဲ့ပေမယ့် အကြောင်းကြောင်းကြောင့် မသွားဖြစ်ခဲ့ပါဘူး။ သမိုင်းရဲ့တန်ဖိုးကို နားမလည်ခဲ့သလို စိတ်လည်း မဝင်စားခဲ့ဘူး။

ဘဝကံကြမ္မာ အလှည့်အပြောင်းကြောင့် စီးပွားရှာထွက်ရင်း ဖားကန့်မှော်နယ်မြေ လုံးခင်းဆိုတဲ့ ရွာလေးကို ရောက်ခဲ့တဲ့အချိန်ကစပြီး မဲဇာလေးဆိုတဲ့ ရွာလေးနဲ့ ဝေးသထက် ဝေးကွာခဲ့ရတယ်။ ဒါပေမဲ့ ဇာတ်မင်းသားတွေ၊ စာရေးဆရာတွေ၊ ကဗျာဆရာတွေက "မဲဇာတောင်ခြေ စီးထွေထွေတည့်"လို့ ဆိုလိုက်ရေးလိုက်နဲ့ မဲဇာဆိုတဲ့ရွာလေးကိုတော့ မရောက်ဖူးပေမယ့် လွမ်းဆွတ်တမ်းတမိတာတော့အမှန်ပါ။

လက်ဝဲသုန္ဒရအမတ်ကြီးဦးမြတ်စံကလည်း ဒီရတုပိုဒ်စုံကို နန်းတွင်းမှာနေစဉ်ကမရေးဘဲ ဒီဒေသကိုရောက်မှရေးသားခဲ့လို့ ကျွန်တော်တို့တွေအတွက် ပိုပြီးဂုဏ်ယူမိပါတယ်။ ဖားကန့်မှော်နယ်မြေရဲ့ နိုင်ငံရေး အခြေအနေတွေကြောင့် မွေးရပ်မြေနဲ့ အမေ့ဆီမရောက်ဖြစ်တာလည်း ကြာပြီဖြစ်တဲ့အတွက် အမေ့ဆီသွားဖို့ဆုံးဖြတ်လိုက်တယ်။

၂၀-၁၁-၂၀၁၄ ရက် အမေ့ဆီရောက်တယ်ဆိုရင်ပဲ အမေ့ရဲ့ညီမဖြစ်တဲ့ လေးလေးခင်မြင့်၊ အစ်ကိုတော်စပ်သူ ဦးအုန်းငွေ၊ ရွာထဲကအမျိုးတော်စပ်သူအချို့

အိမ်ကို လာလည်ခိုက် အမေနဲ့အတူ ဆွေမျိုးတွေစုပြီး ရေနွေးကြမ်းသောက်ရင်း စကားစမြည်ပြောရာမှ သမိုင်းထဲက မဲဇာလေးဆိုတဲ့ရွာကို ရောက်ဖို့အကြောင်းက ဖန်လာတော့တယ်။

## အမေ့ကျေးဇူး

မဲဇာလေးသွားဖို့ စပြီးတွန်းအားပေးခဲ့သူက စာရေးသူရဲ့ မိခင်ကြီး ဒေါ်ဂေါက်ဌေးပါ။ "ငါ့သား မင်းက စာလေးဘာလေး ရေးတယ်ဆိုတော့ လက်ဝဲသုန္ဒရ မဲဇာလေးကို အလည်သွားပါလား။ အဲဒီမဲဇာလေးရွာတစ်လျှောက် ရွာတွေဟာ ရှမ်းလူမျိုးတွေနေခဲ့တဲ့ ရွာတွေဖြစ်တယ်။ အခုလက်ရှိ အမေတို့နေတဲ့ မင်းအဖေဆောက်ထားခဲ့တဲ့ အိမ်ပုံစံကိုလည်းကြည့်လေ။ နှစ်ဆောင်ပြိုင် ပျဉ်းထောင် အနောက်က အဖီဆွဲနဲ့။ ဒါတွေဟာ ရှမ်းလူမျိုးတွေနေခဲ့ကြတဲ့ အိမ်ပုံစံပဲ။ အမေတို့ ဘိုးဘွားတွေ ဖြစ်တယ်"ဟု မိခင်ကြီးက ပြောပြသည်။

မော်ထဲက မိတ်ဆွေအပေါင်းအသင်းတွေကလည်း ဇာတိ ဘယ်ကလဲမေးရင် မဲဇာကလို့ ပြောလိုက်တာနဲ့ "မဲဇာတောင်ခြေ စီးထွေထွေတည့်"ဆိုတဲ့ သီချင်းကို ဆိုပြီး အဲဒီမဲဇာကလားလို့ မေးကြတယ်။ အဲဒီမဲဇာက ထီးချိုင့်မြို့နယ်ထဲက မဲဇာ။ ကျွန်တော်တို့မဲဇာက အင်းတော်မြို့ထဲက ဘူတာဆိုက် မဲဇာလို့ပြန်ဖြေခဲ့ရတယ်။

လူတော်တော်များများသိတာကလည်း ရထားနဲ့ ဖြတ်သွားနေကြ ဘူတာဆိုက် မဲဇာကိုပဲ သိနေကြတာကိုး။ ဒါကြောင့် လက်ဝဲသုန္ဒရ မဲဇာနှင့် ဘူတာဆိုက် မဲဇာ အကြောင်း ကွဲကွဲပြားပြားသိအောင် အခုစကားဝိုင်းမှာ အစ်ကိုတော်စပ်သူ ဦးအုန်းငွေကို ဆက်ပြီး မေးမြန်းကြည့်မိပါတယ်။

## မဲဇာလေးနဲ့ မဲဇာကြီး

"ဟိုတုန်းက ဗမာဘုရင်တွေလက်ထက်မှာ မန်လည်မြို့ဆိုတာ အလွန်စည်ကားခဲ့တယ်။ အဲဒီဗမာဘုရင်ကို အင်္ဂလိပ်နယ်ချဲ့တွေက တိုက်ခိုက်ပြီးနိုင်သွားတော့ အင်္ဂလိပ်တွေအုပ်ချုပ်တဲ့အချိန် မြန်မာနိုင်ငံအထက်ပိုင်းကို ရထားလမ်းဖောက်ခဲ့တယ်။ အဲဒီအချိန် အခုဘူတာရှိတဲ့နေရာမှာက အိမ်ခြေ ၁၀–၁၅ အိမ်လောက်ရှိတဲ့ ခပ်ညံ့ညံ့ ရွာလေးတစ်ရွာ ရှိနေတာပေါ့ကွာ။ ရွာဘေးမှာကလည်း မဲဇာချောင်းကရှိတော့

အဲဒီမဲဇာချောင်းကို အမှီပြုပြီး မဲဇာရွာလို့ ခေါ်ခဲ့ကြတယ်''ဟု ဗုဓလက်ရွာမှ ဦးအုန်းငွေက ပြောပြသည်။

''အဲဒီအချိန်မှာ လက်ဝဲသုန္ဒရ မဲဇာရွာက အိမ်ခြေ ၂၀–၂၅ ခန့်ရှိတယ်။ နဂိုကတည်းက ရှိထားပြီးသား ရွာလေးဖြစ်တယ်။ တောတောင်တွေကြားမှာ ရှိနေတော့ တိုးတက်မှု ဘာမှမရှိဘူး။ သွားလာရင်တောင် မဲဇာချောင်းအတိုင်း လှေတွေ ဖောင်တွေနဲ့ သွားလာခဲ့ကြရတယ်။ အဲဒီမဲဇာချောင်းကို အမှီပြုပြီး မဲဇာလို့ခေါ်ခဲ့ကြတာပဲလို့ ရှေးလူကြီးတွေကတစ်ဆင့် သိခဲ့ရတယ်''ဟု ထပ်မံပြောပြသည်။

''အခုဘူတာရှိတဲ့ မဲဇာက ရထားလမ်းရှိတော့ တစ်စတစ်စ စည်ကားလာပြီး ရွာကြီးတစ်ရွာဖြစ်လာရာက မဲဇာကြီးလို့ခေါ်ပြီး တောတောင်တွေကြားမှာရှိနေတဲ့ လက်ဝဲသုန္ဒရ မဲဇာရွာကိုတော့ မဲဇာလေးလို့ ခေါ်ခဲ့ကြတယ်။ နောက်တော့ မဲဇာကြီးရွာ၊ မဲဇာလေးရွာလို့ ခေါ်ခဲ့ကြတယ်''ဟု ဦးအုန်းငွေက ပြောပြသည်။

မတွေ့တာကြာပြီဖြစ်လို့ စကားဝိုင်းလေးကတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြောကောင်းနေကြဆဲပါ။ ဗဟုသုတနဲ့ မှတ်သားစရာတွေ ရရှိခဲ့ပါတယ်။ နောက်ပြီး အမေက သူဖတ်ထား မှတ်ထားတာတွေလေးကို ပြန်ပြီးပြောပြခဲ့တယ်။

''တည်တောဆရာတော်ကြီးရေးခဲ့တဲ့ စာအုပ်ထဲမှာ ဖတ်ရတာတော့ လက်ဝဲသုန္ဒရအမတ်ကြီး စေတီတည်ထားခဲ့တဲ့ခုနှစ်က ၁၁၂၅ ခု၊ ပြုပြင်ဖို့စီစဉ်ခဲ့တာက ၁၃၅၁ ခုဆိုတော့ နှစ်ပေါင်း ၂၂၆ နှစ်တောင်ရှိသွားပြီပဲ။ အဲဒီလောက်ကြာတော့ စေတီတွေက မြက်တွေ၊ ချုံပုတ်တွေအုပ်ပြီး တော်တော့ကို ဟောင်းနွမ်းဆွေးမြည့်ကုန်ပြီပေ့ါ။ အဲဒါကို တည်တောဆရာတော်ဘုရားကြီးရယ်၊ လေသာကုန်းဆရာတော်ဘုရားကြီးရယ် ဦးစီးပြီး ၁၃၅၁ ခုမှာ ရွာသားတွေနဲ့တိုင်ပင်ပြီး ပြုပြင်ဖို့စီစဉ်ခဲ့ကြတယ်။ မြေညှိတဲ့အခါ ဓာတ်တော်မွေတော်တွေနဲ့ ဗုဒ္ဓရုပ်ပွားတော်တွေ တူးဖော်ရရှိခဲ့ကြတယ်''လို့ မိခင်ကြီး ဒေါ်ဂေါက်ဌေးက ပြောပြသည်။

''အဲဒီဘုရားဟောင်းတွေကရတဲ့ ဌာပနာတွေကို အများသူငါ ဖူးနိုင်အောင် ကျောင်းဝင်းထဲက ခုံတန်းလျားတွေပေါ်မှာ တင်ထားတော့ အမေတို့သွားဖူးဖူးတယ်။ ဘုရားတည်ဖို့ လယ်ပြင်မှာဖုတ်ထားတဲ့ အုတ်ခဲတွေကိုလည်း ဝိုင်းကူသယ်ပေးခဲ့သေးတယ်။ အခု မင်းတို့သွားရင် တွေ့ရမယ့် ဘုရားတွေက အမတ်ကြီး ဦးမြတ်စံတည်ထားခဲ့တဲ့ စေတီအုတ်ဟောင်းတွေနဲ့ ဌာပနာတွေ၊ ဗုဒ္ဓရုပ်ပွားတော်တွေကို

ပြန့်ထုံပြီး အသစ်ပြန်တည်ထားတဲ့ စေတီတွေဖြစ်တယ်''ဟု မိခင်ကြီးဒေါ်ဂေါက်ဒွေးက ပြောပြသည်။

မဲဇာလေးဆိုတဲ့ရွာကို မရောက်ခင် အမေ့အိမ်မှာပဲ မဲဇာလေးဘုရားရဲ့အကြောင်း တချို့တစ်ဝက်နဲ့ မဲဇာလေး၊ မဲဇာကြီးရွာတွေရဲ့အကြောင်း တစေ့တစောင်းကို သိခွင့်ရခဲ့ပါတယ်။ နောက်တစ်ရက် နံနက် ၁၀း၃၀ ချိန်မှာ ဗုဓလက်ရွာမှနေပြီး ညီဝမ်းကွဲတော်စပ်သူ မောင်ဝင်းဖေနဲ့အတူ ဆိုင်ကယ်တစ်စီးနဲ့ ထွက်ခဲ့တယ်။

တစ်ချိန်တုန်းကဆို တောကြိုတောကြား အခင်းတွေ၊ လယ်ကွင်းတွေကြားက သွားရမယ်ဆိုတော့ မသွားဖြစ်ခဲ့ဘူး။ သွားခဲ့ရင်တောင် ခြေကျင်နဲ့ တစ်ရက်လုံး ခရီးသွားရမှာ။ အခုတော့ ရွာကစထွက်ပြီဆိုကတည်းက ကတ္တရာလမ်း ကွန်ကရစ်လမ်းမပေါ်က သွားခဲ့ရတော့ ကျောင်းကုန်းရွာလမ်းခွဲအထိ ၁၀ မိနစ်လောက်မောင်းခဲ့ရတယ်။ လမ်းတွေက ကောင်းမှကောင်း။ ဟိုတုန်းကတော့ တစ်တောင်လောက်ရှိတဲ့ ဖွက်လမ်းထဲက တစ်ရွာနဲ့တစ်ရွာ သွားခဲ့ရတယ်။

အခုလို လမ်းကောင်းကြီးပေါ်ကသွားရမယ်လို့ ထင်ကို မထင်ထားခဲ့ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျေးဇူးတင်ရမှာပါ။ ကျောင်းကုန်းလမ်းခွဲကနေပြီး ညာဘက်သွားရင် ရွှေဘို-မန္တလေးသို့သွားလမ်းမကြီး၊ ဘယ်ဘက်လမ်းမကြီးက ထီးချိုင့်မြို့သို့လမ်းအတိုင်း ထွက်လာခဲ့တယ်။ ဆောင်းရာသီဆိုတော့ နေကသိပ်မပူလှဘူး။ မကြာခင်မှာ အင်းတော်မြို့နယ်နှင့် ထီးချိုင့်မြို့နယ် စည်းခြားထားတဲ့ ထီးချိုင့်မြို့နယ်မှ ကြိုဆိုပါ၏ဆိုတဲ့ ဆိုင်းဘုတ်ကိုတွေ့ရတယ်။

ဆိုင်းဘုတ်က တောတန်းတောင်ထိပ် အလယ်မှာရှိပြီး စာရေးသူတို့ငယ်စဉ်က ဆို လျှိုမြောင်စိမ့်စမ်းတွေနဲ့ သစ်ပင်ဝါးပင်ကြီးတွေပြည့်လို့။ ချေဟောက်သံ၊ ကျားဟိန်းသံနှင့် ပြောင်၊ စိုင်၊ ဆတ် စတဲ့ သတ္တဝါတွေကိုလည်း နေ့ခင်းမှာတောင်မြင်တွေ့ရတယ်။ အခုတော့ သစ်ပင်ဝါးပင်တွေလည်း မရှိတော့ဘူး။ တစ်တောလုံး တစ်တောင်လုံးပြောင်လို့၊ ချေဟောက်သံမပြောနဲ့ တောကြက်တွန်သံကိုတောင်မကြားရတော့ဘူး။ ဒီသစ်တွေ ဝါးတွေကို ဘယ်သူတွေခုတ်သွားသလဲဆိုတာကိုတော့ တောစောင့်နတ်၊ တောင်စောင့်နတ်တွေ အသိဆုံးဖြစ်မှာပါ။

ထီးချိုင့်မြို့နယ်ထဲက ကျောက်အိုက်၊ ကွမ်းတုံး၊ ဘိုတဲကုန်း၊ ဖီးဖြူကျင်း၊ အင်းတိမ်ဆိုတဲ့ ရွာတွေကို လမ်းဘေးဝဲယာက ဝင်းဝါနေတဲ့ စပါးခင်းတွေကိုကြည့်

ပြီး ရင်ထဲမှာ ကြည်နူးမိတာတော့ အမှန်ပါ။ စပါးရိတ်နေတဲ့ တောလုံမလေးတွေကလည်း သီချင်းလေးတွေတကြော်ကြော်နဲ့ စပါးရိတ်နေကြလေရဲ့။

ဒီလိုနဲ့ အလယ်တောဆိုတဲ့ ရွာကိုရောက်ခဲ့တယ်။ ရှေ့ဆက်သွားရင် ထီးချိုင့်၊ ရှေ့ဆက်မသွားဘဲ ရွာလမ်းကြားအတိုင်း ချိုးကွေ့ပြီးမောင်းခဲ့တယ်။ မကြာပါဘူး။ လေသာရွာကို ရောက်ခဲ့တယ်။ ရောက်တယ်ဆိုရင်ပဲ ညီဖြစ်သူ မောင်ဝင်းဖေက ဆိုင်ကယ်စီးရင်း "အခုကျော်ခဲ့တဲ့ ရွာနှစ်ရွာက စာဆိုရှိတယ်။ ရေပြာပြာ အလယ်တော၊ လေသာရွာ တကယ်ချော"တဲ့။ အလယ်တောရွာက ရေအလွန်ကောင်းတယ်။ လေသာရွာမှာက လူပျိုတွေထက် အပျိုတွေက ပိုများတယ်။ ရှိတဲ့အပျိုတွေအားလုံးကလည်း တကယ်ကို ချောမောကြလို့ အခုလို တင်စားပြီးခေါ်ခဲ့ကြတာ"ဟုပြောပြသည်။

နောက်တစ်ခုရှိသေးတယ်။ အပျိုမချော ရွာတည်တောတဲ့။ တည်တော ဆရာတော်ဘုရားကြီးရှိရင် သူ့ရွာက အပျိုတွေကို မလှဘူး ပြောရမလားဆိုပြီး တုတ်နဲ့ လိုက်ရိုက်မှာသေချာတယ်။ ပြီးတော့ အောင်သာကုန်းရွာ။ အဲဒီရွာက ထွက်ပြီဆိုတာနဲ့ လယ်ကွက်တွေဘေးက သဲလမ်းအတိုင်း မောင်းခဲ့ရတယ်။

ညီဖြစ်သူမောင်ဝင်းဖေကတော့ ဆိုင်ကယ်စီးရင်း လက်တွေ တုန်နေတာကို တွေ့ရတယ်။ သူ့ခမျာ မသောက်ရသေးဘူး ထင်ပါရဲ့။ မကြာပါဘူး။ စာရေးသူတို့ ရောက်ချင်နေတဲ့ မဲဇာလေးဆိုတဲ့ရွာထိပ်က ဝင်းဝါနေတဲ့ လယ်ကွင်းတွေကြားက ထုံးဖြူဖြူစေတီလေးကို အဝေးကနေ ဖူးတွေ့မြင်နေရပါတယ်။ နံနက် ၁၁း၄၅ အချိန်မှာ ရာဇဝင်သမိုင်းတွေထဲက လက်ဝဲသုန္ဒရ မဲဇာဆိုတဲ့ရွာလေးကို ကျေးဇူးရှင် မိခင်ကြီးရဲ့ ကျေးဇူးကြောင့် ရောက်ဖူးခဲ့ပါပြီ။

(နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ် ၂၁၈၊ ဖွန်လ ၂၀၁၇ ခုနှစ်)

**နိုင်မိုး(လုံးခင်း)**


မဲဇာရတုပိုဒ်စုံ
ဘာကြောင့်ကျော်စောရသလဲ...

# မဲဇာ ရတုပိုဒ်စုံ ဘာကြောင့် ကျော်စောရသလဲ

ဆရာတော်နှင့် စကားပြောဆိုပြီး လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံတည်ထားခဲ့တဲ့ စေတီတော်တွေကိုဖူးမျှော်ရင်း မဲဇာတောင်ခြေပိုဒ်စုံရတုသည် ထိုခေတ်ထိုအခါက လူတွေရဲ့နှလုံးသားထဲကို ရောက်ရှိပြီး ဘာကြောင့်ကျော်စောရသလဲဆိုတာ စဉ်းစားမိပါသည်။

*"မဲဇာတောင်ခြေ စီးတွေတွေ၊ ရစ်သန်းသီတာရေ၊*

*ပန်းမြိုင်ဇွေမှာ လေယဆန်းတွေသည်သာ နေပြည်တော်နန်းဆီသို့တ"*

စတဲ့ မဲဇာတောင်ခြေပတ်ပျိုး၊ ရတုပိုဒ်စုံ၊ ပျို့ကဗျာ၊ လင်္ကာတွေကို ရေးသားသူ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံသည် စိတ်ကူးဖြင့် ရေးသားခြင်းမဟုတ်ဘဲ ကိုယ်တိုင်တွေ့ကြုံခံစား၍ တင်ပြခဲ့သောကြောင့် ထင်ပေါ်ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

## လက်ဝဲသုန္ဒရ နှစ်ဦး

ထိုအချိန်က လက်ဝဲသုန္ဒရအမတ်ကြီးဟူသော ဘွဲ့အမည်ဖြင့် ခေတ်ပြိုင်ပုဂ္ဂိုလ်ထူး နှစ်ဦးပေါ်ထွန်းခဲ့ကြောင်း သိရပါတယ်။ တချို့က လက်ဝဲသုန္ဒရဟုဆိုလိုက်တာနဲ့ အမတ်ကြီး ဦးမြတ်စံကိုပဲ ထင်ခဲ့မိကြသည်။

နောက်တစ်ဦးဖြစ်တဲ့ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်သာနေကိုတော့ မသိကြပါဘူး။ ဒါကြောင့် အမတ်ကြီးဦးမြတ်သာနေရဲ့အကြောင်းကို အနည်းငယ်တင်ပြလိုက်ပါသည်။

## လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်သာနေ

လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်သာနေကိုတော့ ကောဇာသက္ကရာဇ် ၁၀၈၅

ခုမှာ မွေးဖွားပြီး မုံရွေးဇာတိ ဖြစ်ပါသည်။ ဦးမြတ်သာနေသည် အသက် ၂၀ အရွယ်တွင် ဟံသာဝတီရောက်(မဟာရာဇဓိပတိ)မင်းက သားတော် စစ်ကိုင်းမင်း သီရိမဟာသုဓမ္မရာဇာ၏ အကြီးတော်အဖြစ် ခန့်အပ်ခြင်းခံရလေသည်။

သားတော်ကြီးရှိစဉ် (ရန္တကျော်စွာ)ဘွဲ့ကို ရရှိတော်မူသည်။ သားကြီး ကွယ်လွန်ပြီးနောက် (ဖျံချီကျော်ထင်)ဘွဲ့ကို ရရှိပြန်သည်။ ၁၁၁၃ ခု အင်း၀ နေပြည်တော်ပျက်၍ မြန်မာမင်းဟံသာဝတီသို့ ပါတော်မူစဉ် မုံရွေးသို့ပြန်လာခဲ့သည်။ ထိုစဉ် အလောင်းဘုရားကခေါ်ယူ၍ လက်ဝဲသုန္ဒရဘွဲ့ဖြင့် အမတ်ရာထူးခန့်အပ်လေသည်။

ထို့နောက် လွန်စွာသဒ္ဒါတော်မူ၍ အတွင်းဝန်မင်း(လက်ဝဲအနော်ရထာဘွဲ့) စည်သူကျော်ထင်ဘွဲ့၊ နေမျိုးသီရိဇေယျကျော်ထင်ဘွဲ့များဖြင့် ချီးမြှောက်တော်မူသည်။

## မဲဇာရောက် လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံ

မဲဇာရောက်လက်ဝဲသုန္ဒရအမတ်ကို ရွှေဘိုမြို့တောင်ဘက် မကျည်းတံရွာ၌ သက္ကရာဇ် ၁၀၈၁ ခုတွင် မွေးဖွား၍ ငယ်နာမည်မှာ ဦးမြတ်စံဖြစ်သည်။ အဖ မြင်းစီးမျိုးရိုး မင်းသီဟဘွဲ့ခံ ဦးရေး၊ အမိ ဒေါ်ဂွမ်းဖြူဖြစ်သည်။ အလောင်းမင်းတရားလက်ထက်တော်တွင် အမှာတော်ရေးအဖြစ် စတင်အမှုထမ်းခဲ့သည်။ သက္ကရာဇ် ၁၀၈၈ ခုဖွားသောကြောင့် ဦးမြတ်သာနေအောက် သုံးနှစ် အသက်ငယ်သည်။

ဦးမြတ်စံသည် လက်ဝဲသုန္ဒရဘွဲ့အပြင် ဘယန္တမိတ်၊ လက်ဝဲနန္ဒမိတ်၊ သရေသင်္ခယာဘွဲ့နှင့် လက်ဝဲဘိနန်သူရဘွဲ့များလည်း ရသေးသောကြောင့် ၎င်းစီရင်သော ဝိနိစ္ဆယပကာသနီ၊ ဓမ္မသတ်နိဂုဏ်လင်္ကာနှင့် သေနင်္ဗျူဟာပျို့အရ သိရလေသည်။

ဆင်ဖြူရှင်မင်း(၁၁၂၅/၁၁၃၈)လက်ထက်တော်တွင် ဆင်ဖြူရှင်မင်း၏ ညီတော် အမြင့်မင်းသား၏လူပျိုတော် မောင်ထင်ကျော်သည် မိမိတ်ဆိုသူနှင့် လူငယ်သဘာဝ ရည်ငံနေကြစဉ် မိမိတ်အား ဆင်ဖြူရှင်မင်းတရားက မောင်းမငယ်အဖြစ် ကောက်တော်မူသည်။

မိမိတ်သည် ဘုရင်ကကောက်တော်မူ၍ မောင်းမငယ်ဖြစ်သွားသော်လည်း ငယ်ချစ်ဖြစ်သော မောင်ထင်ကျော်ကို မမေ့ပါချေ။ ထို့ကြောင့် တိတ်တဆိတ်ချိန်း တွေ့ကြရာမှာ အနောက်ဝန်ကာသိသဖြင့် ပိုင်းဝန်းဖမ်းဆီးသောကြောင့် မိမိတ်ကို

မိသည်။ မောင်ထင်ကျော်ကိုကား ထွက်ပြေးသွားသောကြောင့် မမိပါချေ။

မိမိတ်ကို စစ်ဆေးသောအခါ အမြင့်မင်းသား လူပျိုတော်နှင့် ချိန်းတွေ့ကြောင်း သိရသဖြင့် အမြင့်မင်းထံ မောင်ထင်ကျော်ကို တောင်းရာ မောင်ထင်ကျော်မှာ ထွက်ပြေးသွားသောကြောင့် မဖမ်းလိုက်ချေ။

## မဲဇာလေးရောက် လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံ

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ဂေါက်ဒွေးရဲ့တိုက်တွန်းမှုကြောင့် စစ်ကိုင်းတိုင်း ဒေသကြီး ထီးချိုင့်မြို့နယ်ထဲမှာရှိတဲ့ သမိုင်းရာဇဝင်တွေထဲက မဲဇာလေးဆိုတဲ့ ရွာလေးကို ရောက်ခဲ့ပါပြီ။

ထီးချိုင့်မြို့နှင့် မဲဇာလေးဆိုတဲ့ ရွာကလေးဟာ သုံးမိုင်ခန့်သာကွာဝေးပြီး သမိုင်းကိုစိတ်ဝင်စားတဲ့သူတွေ မကြာခဏ လာရောက် လေ့လာကြတယ်ဆိုတာ ကိုလည်း သိခဲ့ရပါသည်။

## တောရွာအလှ

ဒီဒေသတစ်ဝိုက်မှာရှိတဲ့ ရွာလေးတွေကို အဝေးကနေကြည့်လိုက်ရင် အုန်း ပင်စိုက်ခင်းတွေအလား ထင်မှတ်ရပြီး ရွာဦးက ထုံးဖြူဖြူစေတီလေးတွေနဲ့အတူ စိမ်းစိုနေတဲ့ လယ်ကွင်းတွေနဲ့ တကယ့်ကို ပန်းရလှပါသည်။

ရွာတိုင်းလိုလိုမှာလည်း အုန်းပင်တွေ စိုက်ပျိုးထားကြတာကိုလည်း တွေ့ရှိရပါ သည်။ ''အရေးကြီးလို့ ကိုယ့်ရဲ့လယ်ဘေးတွေမှာ ခြံကာဖို့လိုမယ်ဆိုရင် အဆင်သင့် စိုက်ထားတဲ့ ဝါးတွေကို ခုတ်ပြီး ကာလိုက်ရုံပဲ''တဲ့။

ဒါက ဒေသတစ်ခုစီရဲ့ သူတို့အမြတ်တနိုး တန်ဖိုးထားစိုက်ပျိုးခဲ့ကြတဲ့ သစ် ပင်တွေနဲ့အကြောင်းကို တစ်စိတ်တစ်ဒေသ တင်ပြခြင်းဖြစ်ပါသည်။

## လယ်တောကြားက ကန်သင်းလမ်းလေး

အောင်သာကုန်းရွာအတွက် သဲလမ်းလေးအတိုင်း ဆိုင်ကယ်စီးခွင့်ရခဲ့ပြီး သဲ လမ်းလေးအဆုံးမှာ ဆိုင်ကယ်က ကိုယ့်ကိုပြန်စီးရတဲ့ အခြေအနေဖြစ်ခဲ့သည်။ ဒါကြောင့် ဆိုင်ကယ်ကို ညီဖြစ်သူ မောင်ဝင်းဖေက တွန်း၊ ကျွန်တော်က ဖိနပ်ကို

ချုတ်၊ လယ်ကွင်းကန်ပေါင်ပေါ်ကို ကိုင်းပင်တွေ ရွံ့ဖွက်တွေကြားထဲကနေ တဖြည်းဖြည်းလျှောက်လာရင်း မကြာခင် ရွာလယ်လမ်းမကြီးကို ရောက်ရှိခဲ့ပါသည်။

## တောရွာအလှ ကျိန်စာလား

ဘေးဘယ်ညာကိုကြည့်လိုက်တော့ ခြေတံရှည် နှစ်ဆောင်ပြိုင်အိမ်ကြီးတွေ၊ အိမ်တွေရဲ့ရှေ့နောက်မှာလည်း ကွမ်းပင်တွေ စိုက်ပျိုးထားတာကိုလည်း တွေ့ရှိရသည်။ တစ်ရွာလုံးမှာ ရှမ်း၊ ဗမာ၊ ရှမ်း/ဂဒူးနှင့် ရှမ်းလူမျိုးတွေ စုပေါင်းနေထိုင်ကြတယ်လို့ သိရတယ်။ ရှမ်းစကား ပြောကြည့်တော့လည်း "အဘိုးအဘွားတွေကတော့ တတ်ကြတယ်။ ကျွန်မတို့က မပြောတတ်ဘူးတဲ့"။

အလောင်းမင်းတရားကြီးလက်ထက်စပြီး ယခုအချိန်အထိ ရှမ်း၊ ရှမ်း/ဗမာတွေ မျိုးစဉ်အဆက် နေထိုင်ခဲ့ကြတဲ့ရွာ၊ တောတောင်တွေ အထပ်ထပ်၊ လျှိုမြောင်တွေ အသွယ်သွယ်နဲ့ ကြည်လင်အေးမြတဲ့ မဲဇာချောင်းနံဘေးက အေးချမ်းလှတဲ့ရွာ။

အဲဒီအချိန်တုန်းကလည်း အိမ်ခြေ ၂၀–၂၅ သာရှိခဲ့ပြီး အခု တကယ်တိုးတက်တဲ့ ခေတ်ကြီးရောက်ပြန်တော့လည်း ၆၀–၇၀ ဆိုတော့ မတိုးတက်အောင် မင်းမိန့် မင်းအာဏာနှင့် ကျိန်ဆိုခဲ့လေသလားလို့ အောက်မေ့မိသည်။ စဉ်းစားရင်း စဉ်းစားရင်း ရွာဦးဘုန်းတော်ကြီးကျောင်းအနီး ရောက်ခဲ့တယ်။ ရွာနှင့်ဘုန်းတော်ကြီးကျောင်းကြားမှာ ရောင်စုံ ကြာပွင့်လေးတွေနှင့် ရေကန်ကျယ်ကြီးကိုတွေ့ရသည်။

ပြီးတော့ ရေကန်ရဲ့အလယ်တည့်တည့်မှာ သစ်သားတံတားလေး သွယ်တန်းဆောက်လုပ်ထားတာကို တွေ့ရသည်။ ရှေးရာဇဝင်တွေထဲက ထုံးဖြူဖြူစေတီလေးတွေရယ်၊ ဘုန်းတော်ကြီးကျောင်းရယ်၊ ရေကန်လေးရယ်၊ တံတားလေးရယ်၊ ဂန္ဓီရဆန်လွန်းတဲ့ သမိုင်းဝင် ရွာလေးရယ် တကယ့်ကို တင့်တယ်လိုက်ဖက်လှပါသည်။

## ရွာဦးကျောင်း

ရွာဦးဘုန်းတော်ကြီးကျောင်းကို ရောက်တယ်ဆိုရင်ပဲ ဒီရွာလေးအကြောင်းနှင့် သမိုင်းဝင်စေတီတော်တွေအကြောင်း သိလိုက်တာတွေလေးတွေကို ဆရာတော်နှင့် စကားပြောဖြစ်ခဲ့ကြသည်။ "အေး အေး . . . လာကြကွယ်။ ထိုင်ကြ ထိုင်ကြ"တဲ့။

## အဆုံးစီရင်ရသော ရာဇဝတ်မှုကြီး

ထိုစဉ်က မင်းရာဇာနှင့်ပတ်သက်၍ အဆုံးစီရင်ရသော ရာဇဝတ်မှုကြီး ငါးမျိုးရှိသည်။ ၎င်းတို့မှာ (၁) မင်္ဂလာဆင်တော်၏အစွယ်ကို ချိုးခြင်း၊ အမြီးဖြတ်ခြင်း၊ (၂) မြို့ရိုးတာကို ကျော်နင်းဝင်ရောက်ခြင်း၊ (၃) ဘုရင်ကို ပုန်ကန်ခြင်း (၄)မင်းစက်တော်မှုရာ တံခါးမင်းတုတ်ကို ဖျက်ဆီးခြင်း၊ (၅) ကိုယ်လုပ်တော် ပြစ်မှားကျူးလွန်ခြင်းတို့ ဖြစ်ပါသည်။

ဤရာဇဝတ်ကြီး ငါးပါးတို့ကို ''ဆင်မြီးဖြတ်သော် မြန်းကျော်ဖုန်းစား၊ တံခါးမင်းတုတ်၊ ကိုယ်လုပ်ပြစ်မှား ဤငါးပါး ကြီးမားရာဇဝတ်မှု''ဟု အကျဉ်းစပ်ဆိုထားကြသည်။ ဤရာဇဝတ်မှုကြီး ငါးပါးအနက် ထင်ကျော်သည် အမှတ်(၅)ရာဇဝတ်မှုကိုကျူးလွန်သောကြောင့် အကယ်၍ ဖမ်းမိပါက သေဒဏ်ကျခံရမည် ဖြစ်သည်။ ထို့ကြောင့် မောင်ထင်ကျော် ထွက်ပြေးရခြင်း ဖြစ်ပါသည်။

## မဲဇာအပို့ခံရပြီ

အိမ်ရှေ့မင်း၏ကျွန်ထွက်ပြေးသွားသောအခါ အိမ်ရှေ့မင်းအိမ်၌ ကြီးကြပ်ရသူ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံအပေါ် တာဝန်ကျလာသည်။ ထိုတာဝန်ကြောင့် မောင်ထင်ကျော်အစား သေမိန့်ကျခံစေရာမှ ဘုရင့်မယ်တော်ကြီး မေတ္တာရပ်ခံသောကြောင့် သေမိန့်မကျဘဲ မဲဇာတောထဲသို့ အပို့ခံရလေသည်။ ထိုသို့အပို့ခံရသောအခါ အမတ်ကြီးဦးမြတ်စံမှာ အသက် ၃၇ နှစ်သာရှိသေးသည်။

လက်ဝဲသုန္ဒရသည် မိမိ မဲဇာသို့ အပို့ခံရသောအခါ ရာသီဥတုနှင့် နှင်း မဲဇာရွာတောခလေ့၊ လျှိုမြောင်ချောက်ကမ်းပါး တောတောင်တို့အား မြင်တွေ့ရပြီး ရင်တွင်းမှဖြစ်ပေါ်လာသော ရတုပိုဒ်စုံဖြင့် မှတ်တမ်းတင်ခဲ့လေတော့သည်။

## လွမ်းစရာ့ဌာနေ မဲဇာမြေ

ထိုခေတ်ထိုအခါက မဲဇာအရပ်သည် အထက် အောက် လမ်းမပေါက်၊ ရေကြီးလျက် မြို့ကြီးမြို့ငယ်၊ တောင်ကြီးတောင်ငယ်တို့ဖြင့် ကြောက်မက်ဖွယ်ကောင်းလှပါသည်။ တောတောင်တို့ဖြင့် လွှမ်းအုပ်၍ နေသောကြောင့် ဆောင်းရာသီတွင် နှင်းထုထပ်၍ မိုးရာသီတွင် မိုးသည်းထန်လှပေသည်။ ထိုအခါ လက်ဝဲသုန္ဒရအမတ်

သည် နန်းတော်ကိုသော်လည်းကောင်း၊ မယားကိုသော်လည်းကောင်း သား နှစ်ယောက်၊ သမီးတစ်ယောက်နှင့် ဆွေးမျိုးတို့ကို လွမ်းဆွတ်ကြေကွဲရရှာလေသည်။

ထိုသို့ မဲဇာဒေသသို့ရောက်ရှိ၍ အရာအားလုံး လွမ်းဆွတ်နေရုံနှင့်မပြီး။ ကုသိုလ်အလုပ်လည်း ဖြစ်သွားအောင် ဤမဲဇာအရပ်၌ လွမ်းစေတီများ တည်ထားခဲ့လေတော့သည်။

## ရတုပိုဒ်စုံနှင့် ကဗျာစွမ်းရည်

လက်ဝဲသုန္ဒရအမတ်ကြီးသည် မဲဇာဒေသ၌ လုံးဝပျော်မွေ့ခြင်းမရှိပါ။ ရာဇဝတ်ဘေးကြောင့်သာ ငုံ့ခံနေရခြင်းဖြစ်ပါသည်။ ထို့ကြောင့် မိမိကြုံတွေ့နေရသောဘဝကို ကဗျာလင်္ကာဖွဲ့နွဲ့၍ ရတနာသိခ်ရွှေဘိုမြို့နေ ဇနီးမရွှေထံသို့ ပေးပို့လေသည်။ ထိုကဗျာလင်္ကာ အဖွဲ့အနွဲ့သည်ကား နာမည်ကျော် မဲဇာတောင်ခြေ ရတုပိုဒ်စုံများဖြစ်လေတော့သည်။

## နာမည်ကျော်ခဲ့တဲ့ မဲဇာတောင်ခြေရတုပိုဒ်စုံ

"မဲဇာတောင်ခြေ၊ စီးထွေထွေထည့်၊ မြန်ရေဝန်းလည်၊ မြိုင်တောသည်ကာ၊ ရွှေပြည်ကိုသာ တရရှာတော့မိ၊ မိုးရှိရှိလျှင် သီရိကျက်သရေ တက်ဖြိုးဝေသား၊ အောင်မြေကျော့ကျော့၊ ကုန်းမော့မော့၌ ဘိုးတော်ကောင်းမှု တည်ထားပြုသည်" စသည့် နာမည်ကျော် မဲဇာတောင်ခြေရတုပိုဒ်နှင့် ရွှေဝန်းစန္ဒရတုပိုဒ်တို့သည် အမတ်ကြီး၏ဇနီးသာ မဟုတ်။ အဲဒီခေတ် အဲဒီအခါက လူတွေရဲ့ နှလုံးသားထဲကိုပါ လှုပ်ခတ်သွားစေခဲ့လေသည်။

## ပို၍ပို၍ ထင်ပေါ်ခြင်း

ထိုရတုပိုဒ်စုံသည် မြန်မာနိုင်ငံတွင် ရဟန်းရှင်လူအသိများသော ရတုပိုဒ်စုံဖြစ်သောကြောင့် ထိုရတုပိုဒ်စုံကိုအမှီပြု၍ မဲဇာတောင်ခြေပတ်ပျိုး၊ မဲဇာတောင်ခြေသီချင်း၊ မဲဇာတောင်ခြေလူးတား၊ မဲဇာတောင်ခြေဂါထာ၊ မဲဇာတောင်ခြေလေးချိုး၊ မဲဇာတောင်ခြေတေးထပ် စသည်ဖြင့် ကဗျာဂီတအမျိုးမျိုးပေါက်ဖွားလာခဲ့တော့သည်။

အချို့သော ကဗျာဆရာတို့ကမူ မဲဇာတောင်ခြေ ကာရန်ကိုလိုက်၍ ကျွဲနောပေါင်

ရှေ့၊ ချီးပေပေတည့် စသည်ဖြင့် ကဗျာကြောင့် ရေသားရသည့်တိုင်အောင် ကျော်စောလှပါသည်။

ထိုသို့ကျော်စောရသည့်အထဲ အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်က လက်ဝဲသုန္ဒရပြဇာတ်ဖြင့် အသံလွှင့်ခြင်း၊ ကပြခြင်း၊ ရုပ်ရှင်ရိုက်ကူးခြင်း ပြုခဲ့ပြန်ရာ မဲဇာတောင်ခြေ ရတုပိုဒ်စုံသည် ကျော်သည်ထက် အလွန်ကျော်စောထင်ရှားလာခဲ့ပါသည်။

## အမတ်ကြီး၏ဖနီး ငိုပြီ

အမတ်ကြီးရေးဖွဲ့၍ ပို့လိုက်သောရတုပိုဒ်စုံကို ဖတ်ရသောအခါ ဖနီးသည် မရွဲ့၏ အသည်းနှလုံးသည် သိမ့်သိမ့်တုန် နာကျင်၍ မျက်လုံးအိမ်အတွင်းမှ မျက်ရည်ပေါက်များသည် ပါးထက်သို့ လိမ့်ဆင်းလျက် ရှိုက်ကြီးတငင် ငိုကြွေးတော့လေသည်။ ထိုသို့ငိုကြွေးပြီးနောက် ပိုဒ်စုံပရပိုဒ်ကို ယူဆောင်၍ ဘုရင့်မယ်တော်မိဖုရားကြီး၏ လက်တော်သို့ဆက်သလေတော့သည်။

## မဲဇာမှ နေပြည်တော်သို့ ပြန်ခေါ်ပြီ

မိဖုရားက သားတော် ဆင်ဖြူရှင်မင်းထံ အကြောင်းကြား မေတ္တာရပ်ခံသောကြောင့် လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံကို မဲဇာအရပ်မှ နေပြည်တော်သို့ပြန်လည်ခေါ်ဆောင်တော်မူလေသည်။

## မဲဇာအပို့ခံရသောခုနှစ်

လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံအား မဲဇာတောထဲသို့ အပို့ခံရသောခုနှစ်နှင့် ပြန်လည်ခေါ်ယူဆောင်သော ခုနှစ်သက္ကရာဇ်တို့ကို တွက်ကြည့်သောအခါ အစဆုံး မြန်မာမင်းဆက်များ ဖြစ်ကြသော ပထမ တကောင်း ၃၃ ဆက်၊ ဒုတိယ တကောင်း ၁၇ ဆက်၊ သရေခေတ္တရာမင်းဆက် ၂၇ ဆက်၊ ပုဂံမင်းဆက် ၅၈ ဆက်၊ ပင်းယမင်းဆက် ၆ ဆက်၊ စစ်ကိုင်းမင်းဆက် ၇ ဆက်၊ အင်းဝမင်းဆက် ၁၇ ဆက်၊ တောင်ငူမင်းဆက် ၄ ဆက်၊ ဟံသာဝတီမင်းဆက် ၁၁ ဆက်နှင့် နောက်ဆုံး ကုန်းဘောင်မင်းဆက် ၁၁ ဆက်တို့ ပေါ်ပေါက်ခဲ့ပါသည်။

## ကုန်းဘောင်ခေတ်အစ အလောင်းမင်းတရားကြီး

**ဉာဏ်အော်မြည့် ကုန်းဘောင်တည်** ဟူသော စာဆိုအရ ကုန်းဘောင်ခေတ်၏ အစဦးဆုံးဖြစ်သော အလောင်းမင်းတရားကြီးသည် ၁၁၁၅ ခုတွင် ကုန်းဘောင်မည်သော ရတနာသိင်္ခရွှေဘိုမြို့၌ နန်းတက်တော်မူသည်။ ၁၁၂၂ ခု၊ ကဆုန်လပြည့်ကျော် ၁၂ ရက်တွင် နန်းစံတော်မူသည်ဖြစ်၍ သားတော်ကြီး ပင်းတယမြို့စားသည် ၎င်းနှစ် နယုန်လပြည့်ကျော် ၉ ရက် ကုန်းဘောင်ရွှေနန်း သိမ်းမြန်းစိုးစံတော်မူသည်။

ထိုပင်းတယမင်းကို အလောင်းမင်းတရား၏ သားတော်များအနက် သားတော်အကြီးဆုံးဖြစ်၍ နောင်တောင်မင်းကြီးဟု ခေါ်ကြ၏။ နောင်တော်မင်းကြီးသည် ၁၁၂၂ ခု နန်းတက်၍ ၁၁၂၅ ခု နတ်တော်လပြည့်ကျော် ၉ ရက် နတ်နန်းစံတော်မူသဖြင့် ညီတော်ဆင်ဖြူရှင်မင်းသည် ၁၁၂၅ ခု နတ်တော်လပြည့်ကျော် ၁၈ ရက် ကုန်းဘောင်ရွှေနန်း သိမ်းမြန်းစိုးစံတော်မူသည်။ မင်းသားဘဝက မြေဒူးမြို့ကို အပိုင်စားရသောကြောင့် မြေဒူးမင်းဟုလည်းခေါ်ကြသည်။

## ဆင်ဖြူရှင်မင်း

ဆင်ဖြူရှင်မင်းသည် ၁၁၂၅ ခု၊ နတ်တော်လတွင် နန်းတက်တော်မူပြီးနောက် နှောင်းတန်ခူးလဆန်း ၂ ရက်တွင် အင်းဝမြို့ကို စ၍တည်ထားစေသည်။ ၁၁၂၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ အင်းဝမြို့၌ ရာဇာဘိသေကသဘင်ဆင်ယဉ်တော်မူသည်။ လက်ဝဲသုန္ဒရအမတ်ကြီးကို မဲဇာသို့ပို့စဉ်အခါ ရွှေဘိုမြို့မှပို့ခြင်းဖြစ်၍ မဲဇာအရပ်မှ ပြန်ခေါ်သောအခါကား အင်းဝမြို့၌ ရာဇာဘိသေကခံယူပြီးနောက်မှ ခေါ်ယူတော်မူသည်။

လက်ဝဲသုန္ဒရအမတ်ကြီးဦးမြတ်စံအား ၁၁၂၅ ခုတွင် မဲဇာပို့၍ ၁၁၂၆ ခုတွင် မဲဇာမှ ပြန်ခေါ်လာရာ တစ်နှစ်မျှ နေထိုင်ခဲ့ရလေသည်။ ထိုတစ်နှစ်အတွင်း အမတ်ကြီးသည် အလွမ်းလည်းပြေ၊ ကုသိုလ်လည်းဖြစ် စေတီတော်များတည်ထားခဲ့ရာ စေတီပေါင်း ၁၂ ဆူ တည်ထားအောင်မြင်ခဲ့ပါသည်။ ရေးကရှိပြီး ရွှေဂူတော်စေတီနှင့်ပေါင်းလျှင် ၁၃ ဆူတည်ရှိပါသည်။ လက်ဝဲသုန္ဒရအမတ်ကြီးသည် စေတီတည်သောခုနှစ် သက္ကရာဇ်အား ၁၁၂၅ ခုဖြစ်၍ ယခု ၂၀၁၇ ခုနှစ်အထိ နှစ်

ပေါင်း ၈၉၂ နှစ်ကြာမြင့်ခဲ့လေပြီ။

လက်ဝဲသုန္ဒရအမတ်ကြီးသည် ကဝိမြောက်သော စာဆိုရှင်ဖြစ်သည့်အားလျော်စွာ (၁) မဃောဝ်ပျို့၊ (၂) အာဒါသမုဒပျို့၊ (၃) သေနက်ဗျူဟာပျို့၊ (၄) သောကာပျို့၊ (၅) သာမိနပျို့၊ (၆) စကြာမင်းပျို့၊ (၇) နန္ဒိသေနပျို့၊ (၈) ဗျူဟာစခန်းပျို့၊ (၉) ဝိနိစ္ဆာပကာသနီဓမ္မသတ်လင်္ကာ၊ (၁၀) အင်းဝရွှေပြည်ကြီးမော်ကွန်း၊ (၁၁) ရွှေပြည်ဝန် မော်ကွန်း၊ (၁၂) မဟာဝိဇယရံသီ ရွှေစည်းခုံတော်မော်ကွန်း၊ (၁၃) အမရပူရမြို့တည် မင်းတရား ဗုဒ္ဓါဘိသိတ်မော်ကွန်း၊ (၁၄) ညောဝတီသို့ သာသနာပြုစေ မော်ကွန်း၊ (၁၆) အဲချင်းများ၊ (၁၇) ပိုဒ်စုံရတုများနှင့် ကဗျာလင်္ကာများ ရေးသားစီရင်ခဲ့ပါသည်။

၁၁၂၆ ခုတွင် မဲဇာမှပြန်ခေါ်ပြီးနောက် ဘယရန္တမိတ်စသော ဘွဲ့များရရှိတော်မူပြီးနောက် ဘိုးတော်ဘုရားလက်ထက်(မဟာသီဟသူရ)ဘွဲ့ရရှိပြီး မြို့တော်ဝန် ခန့်ထားခံရလေသည်။

**မင်းကွန်း၌ ကွယ်လွန်**

လက်ဝဲသုန္ဒရအမတ်ကြီးဦးမြတ်စံသည် ဘိုးတော်ဘုရား မင်းကွန်းအရပ်၌ ကောင်းမှုတော်ဘုရားကြီးနှင့် ခြင်္သေ့ကြီးများအား တည်ထားနေစဉ် ကောဇာသက္ကရာဇ် ၁၁၆၈ ခု၊ အသက် ၈၀ နှစ်အရွယ် မင်းကွန်း၌ ကွယ်လွန်ခဲ့လေသည်။

ခေတ်ကာလတွေဘယ်လောက်ပဲပြောင်းပြောင်း၊ နှစ်တွေဘယ်လောက်ပဲကြာကြာ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံရဲ့ ရတုပိုဒ်စုံကဗျာ၊ လင်္ကာတွေကတော့ မြန်မာ့စာပေလောကမှာ ယနေ့အချိန်အထိ ပျံ့နှံ့နေဆဲဖြစ်ပါတော့သည်။

(နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း မဂ္ဂဇင်း အမှတ် ၂၂၁၊ စက်တင်ဘာ ၂၀၁၇ ခုနှစ်)

**နိုင်မိုး(လုံးခင်း)**

သတင်းလောက၊ စာပေလောကထဲရောက်အောင်

အမိကပံ့ပိုးကူညီပေးကြသည့်

ဆရာအောင်ကျော်ဇော(အယ်ဒီတာချုပ်၊ တကယ့်ဖြစ်ရပ်မှန်ခင်းဂျာနယ်)

ဆရာ အောင်လံဆိုးပေ(စာရေးဆရာ–လုံးခင်း)

တို့အား

အစဉ်ထာဝရ ဂါရဝပြုလေးစားလျက် ...

နိုင်မိုး(လုံးခင်း)

ဒီစာအုပ်ထုတ်ဖြစ်အောင် အမိကနှီးဆော်ပေးတဲ့သူကတော့ ...

"မင်းတို့ ငါတို့စာရေးဆရာ၊ သတင်းစာဆရာတွေဟာ
လူကြီးလူကောင်းတွေနဲ့တွေ့ရင်
အခြားပစ္စည်းလက်ဆောင်ပေးရတာထက်
ကိုယ်တိုင်ရေးတဲ့စာအုပ်ကိုပေးရတာကပိုကောင်းတယ်ကွ ..။
ပြီးတော့ စာပေလောကထဲမှာလည်း မင်းရေးခဲ့တဲ့စာအုပ်က
သမိုင်းတွင်ကျန်ရစ်ခဲ့မှာ ...။
ဒါကြောင့် မင်းရေးခဲ့တဲ့ဆောင်းပါးတွေကိုစုပြီး ဒီနှစ်ထဲမှာ
မဖြစ်မနေ စာအုပ်ထုတ်ဖြစ်အောင်ထုတ်ပါ ..."

လို့ပြောခဲ့တဲ့ **ဆရာနောင်ဘွား(မနောမြေ)**အား အထူးကျေးဇူးတင်ရှိပါကြောင်း ...။

နိုင်မိုး(လုံးခင်း)